www.burmeseclassic.com

BURMESE CLASSIC

သတိုးဇော

# တစ္ဆေကောင်ငါ့ ဝဋ်ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com

ဖြန့်ချိရေး

Treasure Publishing House

ရတနာသိုက် စာပေတိုက်

အမှတ် - ၁၄၂ (ပထမထပ်)၊ ၄၇ လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁ - ၂၀၀၆၉၉၉၊

၀၉ ၅၅၀ ၆၁၃၈၈၊ ၀၉ ၅၁ ၉၆၁၂၃

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
  ဦးကျော်ရွှေမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
- ထုတ်ဝေသူ
  ဦးအောင်မိုး(ယာယီ-၁၄၆၃)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၃၈၊ ၀၉ ၅၁ ၉၆၁၂၃

- မျက်နှာဖုံးဒီဇိုင်း
  အောင်မိုး
- ကွန်ပျူတာ
  ဝေယံထက်
- ဖလင်
  Empire
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၅၊ မတ်လ၊
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၂၀၀၀ ကျပ်

၈၉၅.၈၃
သတိုးဝေဒ၊ စာရေးဆရာ
တမျှော်စောင့်တဲ့ အိမ်
သတိုးဝေဒ၊ ရန်ကုန်၊
ရတနာသိုက် စာပေ၊ ၂၀၁၄
စာ - ၁၄၄၊ ၁၂.၅ x ၂၀ စင်တီမီတာ
တမျှော်စောင့်တဲ့ အိမ်

www.burmeseclassic.com

www.burmeseclassic.com



# သတိုးစော

သန်းခေါင်ကျော်အချိန် . . . ။

အကာလညဥ်၏ ဝိန်းပိတ်နက်မှောင်သော အမှောင်ထုကြောင့် ဝန်းကျင်တစ်ခုလုံး အသက်မဲ့နေသည့်အလား မည်းမှောင်တိတ်ဆိတ်နေသည်။ လကွယ်ည ကောင်းကင်ယံမှ တိမ်ညိုတိမ်မည်းများက ဝိညာဉ်ဆန်သော လှုပ်ရှားမှုမျိုးဖြင့် တရွေ့ရွေ့ မျောလွင့်နေကြ၏။

“အူး . . . ဂူး . . . ဂူး”

ရွာထိပ်မှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် ကျွန်တော့်ကြောက်စိတ်တွေ ဝုန်းခနဲ တိုးပွားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘာတွေ လျှောက်လုပ်နေမိတာလဲ?

ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်တော့ပေ။ စိတ်ကူးနှင့်ပင် တစ်ကြိမ်တစ်ခါမှ မတွေးတောခဲ့ဖူးသော အခြေအနေမျိုးဖြင့် ယခု ကြုံတွေ့နေရလေပြီ။

လေတစ်ချက် ဝှေ့တိုက်လိုက်သဖြင့် ရေနံဆီမီးအိမ် အလင်းရောင်သည် တဖျပ်ဖျပ်လွန့်လူးသွား၏။

မတော်တဆ ထိုမီးများ ငြိမ်းသွားရင် . . .

ကျွန်တော် စိုးရွံ့ပူပန်နေစဉ်မှာပင် မင်းဇော်က လေလာရာဘက်သို့ လက်ဖြင့်ကာကာ မီးမငြိမ်းအောင် ကြိုးစားနေသည်။

တကယ်တော့ ကျိုးလန့်စာစား ဖြစ်နေသူမှာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ချေ။ စိတန်းသွားနေသော လေးယောက်စလုံး စိတ်လှုပ်ရှားမှုများ၊ ထိတ်လန့်တုန်လှုပ်မှုများကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာ သွားလာနေရခြင်းဖြစ်သည်။

မင်းဇော်၏နောက်မှ ဖျာလိပ်ထမ်းကာ လိုက်ပါလာသော **ဒိုးသန့်တစ်ယောက်သာ** ကျွန်တော်တို့အထဲတွင် အမူအရာမပျက်ဆုံးဟု **ဆိုရသည်။** ဒါတလည်း သိပ်တော့ အံ့ဩစရာမဟုတ်။ သူ့အပူနှင့် **သူရှိ ဖြစ်နိုင်သည်။**

**ဒိုးသန့်၏ မိခင်ဖြစ်သူမှာ** နေ့လားညလားဟု မေးရလောက်အောင်ဝင် ရောဂါဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားနေရသူ ဖြစ်၏။ အင်္ဂလိပ်ဆရာဝန်၊ ဗမာဆေးဆရာပေါင်း စုံသွားပြီဖြစ်သော်လည်း အခြေအနေမှာ မည်သို့မျှ ထူးခြားလာခြင်းမရှိပေ။ တစ်နေ့ထက် တစ်နေ့ပင် ပိုပိုဆိုးလာသည်။





ထို့ကြောင့် ကျန်သည့် မိသားစုဝင်များမှာ ကျန်းမာရေး ပြန်ကောင်းလာလို ပြန်ကောင်းလာငြား အစွမ်းကုန် ကြိုးစားနေကြခြင်း ဖြစ်သည်။

အခုလည်း ပယောဂဆရာတစ်ယောက်၏ အစီအမံအတိုင်း ဝေဒနာရှင်၏ ခြေသည်း၊ လက်သည်း၊ ဆံပင်နှင့် အဝတ်အစားတစ်စုံကို ဖျာလိပ်ဖြင့်ပတ်ကာ ညသန်းခေါင်ယံအချိန်၌ သချိုင်းတွင် ယကြာချေ အသုဘလာချခြင်းဖြစ်၏။

ဒါ လိုက်လာတာ မှားပြီထင်တယ်။

တဒုန်းဒုန်းခုန်နေသော နှလုံးခုန်သံနှင့်အတူ နောင်တတရားတို့က စည်းချက်ညီ ရောနှောထွက်ပေါ်နေသည်။ ခြေဖျား၊ လက်ဖျားနှင့် ခန္ဓာကိုယ်နေရာအနှံ့အပြားမှလည်း ဇောချွေးများ စိမ့်ထွက်လာ၏။ ရင်ထဲမှကြောက်စိတ်က အချိန်မရွေး ထပေါက်ကွဲတော့မည့် တိုင်းမုံး တစ်လုံးလိုပင်။ လျှောက်လှမ်းနေသော ခြေလှမ်းများကလည်း မသိမသာ ယိမ်းခါချင်လာသည်။

ဒါ ဆက်မလိုက်တော့ရင် ကောင်းမလား?

သချိုင်းဆိုတာ မကောင်းဆိုးဝါး၊ သရဲတစ္ဆေတွေရဲ့ နေအိမ် ပဲ . . .။

ပြီးတော့ အုတ်ဂူတွေ၊ မြေပုံတွေနဲ့ လူသေအလောင်းတွေကို မြေမြှုပ်ထားတဲ့နေရာ . . .။

အဲဒီလိုမျိုးနေရာကို ဒီအချိန်ကြီး သွားရမယ်ဆိုတော့ . . .

ကျွန်တော် ဆက်ပင်မတွေးဝံ့တော့ဘဲ ကြက်သီးဖြန်းဖြန်း ထသွားမိ၏။ ဘေးဘီဝဲယာကို ကြည့်လိုက်တော့လည်း ချောက်ချားစရာ ကောင်းလောက်အောင် မည်းမှောင်တိတ်ဆိတ်နေသည်။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်၏ ခြေသံများကသာ တဖုတ်ဖုတ်နှင့် ထွက်ပေါ်နေ၏။ ထိုအသံများမှအပ အားလုံး ပကတိငြိမ်သက်လျက်။ ကျွန်တော်က အာရုံကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် စုစည်းနေစဉ်မှာပင် တစ်စုံတစ်ရာက ပခုံးပေါ်သို့ ကျရောက်လာသဖြင့်. .

"အ !"

ဟု အလန့်တကြား ရေရွတ်မိလိုက်သည်။ ရင်တစ်ခုလုံးလည်း ဒိတ်ခနဲ ဖြစ်သွား၏။ ကျွန်တော့်နောက်မှ လိုက်ပါလာသော လှမျိုးမြင့်က တစ်ခုခုပြောချင်၍ လက်ဖြင့် လှမ်းပုတ်လိုက်ခြင်းကို လန့်အော်မိလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်က ရှက်ရှက်နှင့် နောက်သို့လှည့်ကာ. .

"လန့်သွားတာပဲ လှမျိုးမြင့်ရာ . . . ဘာပြောမလို့လဲ"

"မင်းကလည်း ဟိုတောင်မရောက်သေးဘူး . . . အခုကတည်းက လန့်နေပြီလား . ."

လှမျိုးမြင့်က အပြစ်တင်သည့်လေသံဖြင့် အရင်ပြောပြီးမှ သူပြောချင်သည့်စကားကို ဆက်ပြောသည်။

"ကိုဖိုးထောင်က ဘာလို့ လိုက်မလာတာလဲ . . ဟင်၊ ပြောတော့ သူတစ်ယောက်တည်းပဲ လုပ်တော့မလိုလို နဲ့"

ကိုဖိုးထောင်ဆိုသည်မှာ မျိုးသန့်၏ အစ်ကိုအကြီးဆုံးဖြစ်ပြီး အမြိုတမ်း ယမကာလေး တမြမြနှင့်။ ဒီရွာတွင်တော့ သူက 'လူဖော်' တစ်ယောက် ဖြစ်သည်။ သို့သော် ကိုဖိုးထောင်က စိတ်ရင်းသဘောရင်း ကောင်းပြီး ပျော်ပျော်နေတတ်သူဖြစ်သဖြင့် လူချစ်လူခင်ပေါ်များကာ ရွာ၏ ကာလသားခေါင်းဆောင်လို ဖြစ်နေ၏။ ဒါတင်မက ကိုဖိုးထောင်၏ ထူးခြားချက်မှာ ရွာတွင် နာရေးဖြစ်လျှင် သူကိုယ်တိုင် အစအဆုံး





ကူညီပေးတတ်သူ ဖြစ်သည်။ ကုန်ကုန်ပြောရလျှင် အလောင်း ရေချိုးသည်မှအစ မြေမြှုပ်သည်အထိ လုပ်ကိုင်ပေး၏။ သရဲတစ္ဆေဆိုသည်မှာ သူ့အတွက် ရယ်စရာ ပြက်လုံးတစ်ခုလိုပင်။

ကျွန်တော် ဘာမှ ပြန်မဖြေရသေးခင်မှာပင် ဖျာလိပ်ထမ်းကာ သွားနေသော မျိုးသန့်က နောက်ဘက်သို့ လှည့်ကြည့်ကာ . . .

"သူပြောတာတော့ သချိုင်းမှာ မြေပုံတူးဖို့ ကြိုစောင့်နေမယ်တဲ့"

"ငါတို့နဲ့ အတူတူလိုက်လာပြီးမှ တူးလည်း ရပါတယ်ကွာ။ ငါထင်တာတော့ သူ နည်းနည်းပါးပါး ဝင်မော့ချင်လို့ အကြောင်းပြတာပါ။ မင်းအစ်ကိုအကြောင်းလည်း သိသားနဲ့ . . . မျိုးသန့်ရာ"

မင်းဇော်၏စကားကြောင့် မျိုးသန့် ဘာမှဆက်မပြောဘဲ အသံတိတ်သွားသည်။ ထို့နောက် လေးယောက်စလုံး မည်သည့်စကားမှ ဆက်မပြောဖြစ်ဘဲ သချိုင်းဆီသို့သာ ဦးတည်သွားနေကြ၏။

❑



www.burmeseclassic.com

www.burmeseclassic.com





"ဝေါ !"

အနီးမှ ကုန်ကားတစ်စီး အရှိန်ပြင်းပြင်းဖြင့် ဖြတ်သွားသောကြောင့် ပြင်းထန်သော လေအရှိန်တစ်ခုနှင့်အတူ အသံများမှာ ဆူညံသွားသည်။

သချိုင်းမှာ ရွာနှင့် ခပ်လှမ်းလှမ်းရှိ ကားလမ်းဘေးတွင်ရှိသောကြောင့် ကားတစ်စီး ဖြတ်သွားတိုင်းသွားတိုင်း ကားမီးရောင်ဖြင့် အုတ်ဂူများကို ဖွေးခနဲ ဖွေးခနဲ မြင်လိုက်ရသည်။ ကျန်သည့်အချိန်တွင်တော့ သချိုင်းမြေတစ်ခုလုံးက အမှောင်ထုအောက်တွင် ပုန်းလျှိုးငြိမ်သက်နေ၏။

ဘုရား ... ဘုရား ...

ဘာမှ မဖြစ်ပါစေနဲ့ ...။

ကျွန်တော်က သချိုင်းနှင့် နီးလာလေလေ သွေးလေချောက်ချား





လာလေလေဖြစ်ပြီး ဘုရားတနေမိသည်။ ရင်ထဲတွင်လည်း ကြောက်စိတ်များက တဖြည်းဖြည်း တိုးပွားလာ၏။ ကိုယ့်အသက်ရှူသံကို ကိုယ်ကျယ်လောင်စွာ ပြန်ကြားနေရပြီး ခြေဖျား၊ လက်ဖျားတွေ ထုံကျဉ်အေးစက်လာသည်။ ပတ်ဝန်းကျင်ကို အလွတ်မပေးတမ်း လိုက်ကြည့်နေမိသဖြင့် အာရုံကို တည်ငြိမ်အောင် စုစည်း၍မရ။ မြင်နေရသောအရာအားလုံးက အချိန်မရွေးရန်ပြုနိုင်သော မကောင်းဆိုးဝါးများ အလား...။

မင်းဇော်က ရေနံဆီမီးအိမ်မှ အလင်းရောင်ဖြင့် ကျွန်တော်တို့ဘက်သို့ လှည့်ကြည့်ရင်း..

"ကိုဖိုးထောင် မရောက်သေးဘူးနဲ့ တူတယ်ကွ။ သချိုင်းထဲမှာ မီးရောင် မတွေ့ရဘူး.."

"ရောက်ချင်ရင်လည်း ရောက်နေမှာပါကွာ။ သူ သတ္တိကောင်းကြောင်းပြချင်လို့ မီးငြိမ်းထားတာနေမှာပေါ့"

လှမျိုးမြင့်၏စကားကို မျိုးသန့်က အလိုကျသည့်ပုံ မပေါ်ချေ။ လှမျိုးမြင့်ကို ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"ဟာ ... မင်းကလည်း သူက ဘာဖြစ်လို့ သတ္တိကောင်းကြောင်း ပြရမှာလဲ။ မရောက်သေးတာနေမှာပါ။ လာ ... လာ ... ငါတို့ အစီအစဉ်အတိုင်း လုပ်ရအောင်"

ဟု ပြောလိုက်သည်။

မျိုးသန့်နှင့် လှမျိုးမြင့်မှာ ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သူတွေ ဖြစ်သော်လည်း မည်သည့်အခါမှ သဘောထားချင်း တိုက်ဆိုင်သည် မရှိပေ။ အခုလည်း မျိုးသန့်၏ စကားကို လှမျိုးမြင့်က သဘောမတူချင်တူချင်ဖြင့် လက်ခံလိုက်ရပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် မျိုးသန့်ကတော့ G.T.C ပထမနှစ်တက်ရင်း ခင်မင်လာခဲ့သော သူငယ်ချင်းတွေ ဖြစ်သည်။ အခု ကျောင်းပိတ်ရက်အတွင်း မျိုးသန့်ရှိရာ လှည်းကူးမြို့နယ်အတွင်းရှိ ရွာကလေးတစ်ရွာသို့ အလည်လာရင်း ဒီအစီအစဉ်တွင် ပါဝင်လာရခြင်းဖြစ်၏။

ကျွန်တော်က ကြောက်စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာ မျိုးသန့်နောက်မှ လိုက်ပါလာခဲ့သည်။ ကားလမ်းပေါ်မှ ဆင်းကာ သင်္ချိုင်းဆီသို့ ဦးတည်လာလိုက်ချိန်တွင်တော့ လေးယောက်စလုံး၏ ခြေလှမ်းများက မရွှံ့မရဲဖြစ်လာ၏။

အုတ်ဂူအပြိုအပျက်များ၊ သင်္ချိုင်းမြေပုံများက အားလုံး၏ မြင်ကွင်းထဲတွင် အစွယ်အမွေးသားဖြင့် ထိုင်စောင့်နေသော သရဲသဘက်များလို ဖြစ်နေသည်။

ကားလမ်းနှင့် သင်္ချိုင်းမှာ အနည်းငယ်သာဝေးသဖြင့် မိနစ်ပိုင်းအတွင်းမှာပင် ကျွန်တော်တို့ ရောက်လာကြ၏။

မင်းဇော်က သူ ကြောက်ရွံ့ထိတ်လန့်နေသည့် နေရာတိုင်းကို မီးအိမ်ဖြင့် မြှောက်မြှောက်ကြည့်နေသောကြောင့် ကျွန်တော်တို့မှာ 'ဘာများတွေ့လို့လဲ' ဆိုသည့် အတွေးနှင့် ပို၍ စိတ်ချောက်ချားနေရသည်။

ဝေးပတ်ပတ်လည်မှ အုတ်ဂူများ၊ မြေပုံများ၊ ခနော်နီခနော်နဲ့ ကမ္ပည်းမှတ်တိုင်များကလည်း အန္တရာယ်ရှိကြောင်း အမှတ်အသားများ လိုပင်။

"ခွပ်"

"ဟင် !"

ရုတ်တရက် ကျွန်တော့်ခြေထောက်တစ်ဖက်က မြေပုံအဟောင်း တစ်ခုထဲသို့ ကျွံဝင်သွားသည်။ ထိုအဖြစ်အပျက်ကြောင့် ကျွန်တော့်





ခေါင်းထဲမှ သွေးများ ခန်းခြောက်သွားသလို ခံစားလိုက်ရ၏။ နှုတ်မှလည်း အထိတ်တလန့်ဖြင့်...

"လုပ်...လုပ်ကြပါဦး...။ ငါ့... ငါ့ ခြေထောက်... ခြေထောက်"

ကြောက်ရွံ့တုန်လှုပ်လွန်း၍ စကားကိုပင် ကျွန်တော်ဆုံးအောင် မပြောနိုင်တော့ပေ။ မြေကြီး၏ အေးစက်စိုစွတ်သော အထိအတွေ့က လူသေလောင်းတစ်လောင်း၏ ခန္ဓာကိုယ်အရေပြားများ လိုမျိုး...။

"ဘာဖြစ်တာလဲ... ရာဇဝင်၊ ဘာဖြစ်တာလဲ..."

မင်းဇော်က စိုးရိမ်တကြီးရေရွတ်ရင်း မီးအိမ်ကိုကိုင်ကာ ကျွန်တော့်အနားသို့ ပြေးလာသည်။ လှမျိုးမြင့်ကလည်း ကျွန်တော့်ကို ချိုင်းမှမြှောက်ကိုင်ကာ ဆွဲ,မနေ၏။

ကျွန်တော်က ရှိသမျှအားကုန်သုံးကာ ကျွံဝင်သွားသော ခြေထောက်ကို ရုန်းထွက်လိုက်သည်။ အခုမှပင် ကျွန်တော် အနည်းငယ် အသက်ရှူချောင်သွား၏။

ကျွန်တော့်၏ ခြေထောက်တစ်ဖက်မှာ မြေကြီးများပေကျံကာ အပြင်သို့ ကျွတ်ထွက်လာသည်။ ကံကောင်းထောက်မ၍ ဖိနပ်မှာလည်း မပြုတ်မထောက်ဘဲ ပါလာ၏။

ကျွန်တော်က အကြောက်မပြေသေးသည့် အသံဖြင့်...

"ကိစ္စပြီးရင်... မြန်မြန်ပြန်ကြရအောင်ကွာ"

ဟု တုန်တုန်ယင်ယင် ပြောလိုက်၏။

"အေးအေး... စိတ်ချ၊ စိတ်ချ"

မျိုးသန့်က ကျွန်တော့်ကို အားတုံ့အားနာဖြစ်သွားပြီး ခပ်လျှင်အမြန် ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် ဒီနေရာတွင် တစ်စက္ကန့်လောက်ပင် ကျွန်တော် ဆက်မနေချင်တော့ပေ။ ရင်ထဲတွင် ကြောက်ရွံ့လှိုင်းတံပိုးများက တဒုန်းဒုန်း ရိုက်ခတ်နေသည်။ ခန္ဓာကိုယ်မှာလည်း လဲပြိုကျတော့မတတ် တဆတ်ဆတ်တုန်ယင်နေ၏။

"တောက် !"

မျိုးသန့်က တောက်တစ်ချက်ကို ကျယ်လောင်စွာခေါက်ပြီး . .

"ကိုပိုးထောင်ကလည်းကွာ . . အခုချိန်ထိ မရောက်လာသေးဘူး။ ဘယ်မှာများ သွားသောက်ပြီး မူးလဲနေပြန်ပြီလဲ မသိဘူး"

ဟု စိတ်ပျက်လက်ပျက်အသံဖြင့် ညည်းတွားလိုက်သည်။ မင်းဇော်နှင့် လှမျိုးမြင့်မှာလည်း ကိုးကြည့်ကြောင်ကြည့်ဖြင့် အမူအရာများ သိသိသာသာပျက်နေကြ၏။

အဝေးတစ်နေရာဆီမှာ ခပ်သဲ့သဲ့လွင့်ပျံ့လာသော ကားစက်သံမှအပ သချိုင်းမြေတစ်ခုလုံး တိတ်ဆိတ်သထက် တိတ်ဆိတ်လာသည်။ ညည့်ငှက်ကောင်များ၏ အော်မြည်သံများကိုပင် ကြားတစ်ချက် မကြားရတစ်ချက်မှုန်း။ လေတလည်း ရုတ်တရက်ဆိုသလို ငြိမ်ကျသွား၏။

မျိုးသန့်က ပခုံးပေါ်မှဖျာလိပ်ကို မြေကြီးပေါ်သို့ ချလိုက်သည်။ သို့သော် တူးရေးခွေးရော ပါမလာသဖြင့် ဘာမှ လုပ်ကိုင်၍မရပေ။ ဒီအတိုင်းထားကာ လှည့်ထွက်သွား၍လည်း မဖြစ်ပြန်။

ဒါဆို ဘာဆက်လုပ်ကြမလဲ . . ။

ကျွန်တော်က ရင်တစ်ခုလုံး ပွင့်ထွက်သွားလုမတတ် စိုးရိမ်ပူပန်လာသည်။ ဘေးပတ်ဝန်းကျင်ကိုပင် မျက်စိတစ်ချက်လောက် ဝေ့ကြည့်ဖို့ သတ္တိမရှိတော့ချေ။ နင်းထားသော မြေကြီးအောက်မှ 'သရဲ





တစ္ဆေတစ်ကောင်ကောင်များ ကုန်းရုန်းထလာမလားဟဲ့' ဆိုသည့် အတွေးကလည်း နှလုံးအိမ်ကို ခါးဦးချွန်ချွန်ဖြင့် ခေါင့်ထိုးနေသလိုမျိုး ခံစားနေရ၏။

ထိုစဉ် မင်းဇော်၏ အားရဝမ်းသာ ရေရွတ်လိုက်သံက ထွက်ပေါ်လာသည်။

"ဒီမှာ . . . ဒီမှာ . . . ကျင်းတစ်ကျင်းဟေ့ . . ၊ ခြော် . . . ကိုပိုးထောင်က ငါတို့ကိုစောင့်ရတာ စိတ်မရှည်လို့ ကျင်းတူးပြီး ပြန်သွားတာကိုး"

"တော်သေးတာပေါ့ကွာ . . . ဒါဆိုလည်း မြန်မြန်လုပ်ဟေ့ မျိုးသန့်ရ၊ ကိစ္စပြီးရင် ပြန်ကြရအောင်။ ဒီနေရာက ကြာကြာနေလို့ ကောင်းတာမဟုတ်ဘူး"

လှမျိုးမြင့်၏ နှိုးဆော်သံ အဆုံးမှာတော့ မျိုးသန့်က သွက်လက် မြန်ဆန်စွာဖြင့် ဖျာလိပ်ကိုကောက်ယူပြီး ကျင်းရှိရာသို့ သယ်ဆောင်သွားလေသည်။

ကျွန်တော်ကတော့ သူတို့လုပ်သမျှကို မျက်တောင်မခတ်တမ်း ကြည့်နေ၏။ ထိုစဉ် လေအေးတစ်ချက် ဝေ့တိုက်လိုက်သဖြင့် ကျွန်တော့် ကျောပြင်တစ်ခုလုံး အေးခနဲဖြစ်သွားကာ ကြက်သီးပင် ထသွားသည်။

ကျွန်တော်က ကြောက်ကြောက်လန့်လန့်ဖြင့် ဟိုဟိုဒီဒီ မျက်လုံးဝေ့ကြည့်လိုက်ရာ အုတ်ဂူအပျက်များကြားမှာ သစ်ပင်ချုံပုတ်များ လှုပ်ယမ်းသွားသည်ကို တွေ့ရ၏။

လေတိုက်တာမဟုတ်ဘဲ တစ်ခုခုရဲ့ ပယောဂကြောင့်များလား? ဟူသည့်အတွေးက ကျွန်တော့်ခေါင်းထဲသို့ ချက်ချင်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအတွေးကြောင့် တဒုန်းဒုန်းခုန်နေသော နှလုံးခုန်သံက ပို၍ ကျယ်လောင်လာပြီး ခန္ဓာကိုယ်အတွင်းတွင် လှည့်ပတ်စီးဆင်းနေသည့်သွေးများပင် ပူလောင်မြန်ဆန်လာ၏။

မြန်မြန်ပြီးပါတော့ . . .။

အပြင်းအထန်ဆုံးသော ကြောက်စိတ်များဖြင့် ကျွန်တော်က တတွတ်တွတ် ဆုတောင်းနေမိသည်။ အာရုံထဲတွင်လည်း ကြည့်ခဲ့ဖူးသော သရဲကားများမှ ပုံရိပ်တချို့ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာ၏။

ဆံပင်ဖားလျား၊ အစွယ်ငေါငေါနှင့် အစုံပါပဲ . . .။

ထိုစဉ်မှာပင်. . .

"ဖုတ်"

"ဟင် ! "

ဘေးသို့ ခဲလုံးတစ်လုံး ပြုတ်ကျသံလိုလို အသံတစ်သံကို ကြားလိုက်ရသဖြင့် ကျွန်တော့်ရင်တစ်ခုလုံး လှပ်ခနဲဖြစ်သွားကာ အလန့်တကြား လှည့်ကြည့်လိုက်သည်။

အုတ်ဂူ အပြိုအပျက်များ၊ မြေပုံမို့မို့များနှင့် အလေ့ာင်းတင်သော ဝါးကပ်အချို့ကိုသာ တွေ့ရ၏။ မည်သည့်ထူးခြားမှုမှ မရှိ။

ကျွန်တော် ချက်ချင်း ဖျားချင်သလိုလို ဖြစ်သွားသည်၊ တဆတ်ဆတ် တုန်ခါနေသော ဒူးများက ညွတ်ခွေကျလုမတတ်။ နောက်ထပ် တစ်နာရီလောက်များ ဆက်နေရလျှင် အသက်မင် ပါသွားမလား မသိ။

ဘာလဲ ?

သရဲခြောက်တာလား ?

ကျွန်တော် တွေးတောကြောက်လန့်နေစဉ်မှာပင် အုတ်ဂူတစ်လုံး၏ နောက်ကွယ်မှ ချိုးချိုးချွတ်ချွတ်အသံများကို ထပ်ကြားလိုက်ရသည်။

ဟင် . . . သ . . သရဲ . . . ခြောက်ပြီထင်တယ် . . .

ကြောက်ရွံ့မှုလှိုင်းတံပိုးများက ဒီရေများလို တရိပ်ရိပ်တက်လာ၏။ အသွေးအသားတွေအားလုံး အငွေ့ပြန်ပျောက်ကွယ်သွားသလိုမျိုး၊ ကျွန်တော့်ခန္ဓာကိုယ်က ဟင်းလင်းပွင့်သွားသည်။

မျိုးသန့်တို့ သုံးယောက်ကတော့ ကျွန်တော့်ကို သတိမပြုနိုင်အား . . .။ တကယ့် လူသေအလောင်းတစ်လောင်းကို မြေမြှုပ်နေသည့်အလား . . .၊ ဖျာလိပ်ကို မြေကျင်းထဲသို့ထည့်ကာ မြေဖုံးနေသည်။

www.burmeseclassic.com



ရှိသမျှသတ္တိတို့ကို ဖျစ်ညှစ်စုစည်းကာ အသံလာရာဘက်သို့ ကျွန်တော် ချာခနဲ လှည့်ကြည့်လိုက်သည်။

"ဟင်!"

သွေးပျက်ချောက်ချားဖွယ် မြင်ကွင်းတစ်ခုကြောင့် ကျွန်တော် ပါးစပ်အဟောင်းသား ပွင့်သွားပြီး တစ်စက္ကန့်မျှ ကြက်သေသေသွား တော့သည်။

သာမန်လူထက် သုံးလေးဆခန့်ရှိသော လူမည်းမည်းကြီး တစ်ယောက်။ အုတ်ဂူတစ်ခု၏ နောက်ကွယ်မှတစ်ဆင့် တလှုပ်လှုပ်နှင့် ရွေ့လျားလာနေပြီ။ လက်နှစ်ဖက်ကလည်း တစ်စုံတစ်ရာကို ဖမ်းဆုပ် လိမ်ချိုးတော့မည့်ပုံစံဖြင့် ရှေ့သို့ ဆန့်တန်းထားသည်။

ထိုပုံရိပ်ဆိုးက ကျွန်တော့်နှလုံးအိမ်ကို အရှင်လတ်လတ် ဆွဲနှုတ်ယူလိုက်သလိုမျိုး...၊ အသက်ဝိညာဉ်တွေကို လွင့်စင်သွားစေ သလိုမျိုး..။

"အား!!!"

တိတ်ဆိတ်နေသော သချိုင်းမြေတစ်ခုလုံး အာခေါင်ခြစ် အော်လိုက်သော ကျွန်တော့်အသံက ပဲ့တင်ထပ်သွားသည်။

မျက်လုံးထဲတွင် ဘာမှမမြင်တော့...။

ခေါင်းထဲတွင် မည်သည့်အသိတရားမှ မရှိတော့...။

သည်းခြေပျက် ရူးသွပ်သွားသူတစ်ယောက်လို သွေးရူး သွေးတန်းဖြစ်သွားသော ကျွန်တော့်ခြေလှမ်းတွေ၏ ဦးတည်ရာအရပ် က သချိုင်းနှင့်ဝေးရာဆီသို့...။

ထိုစက္ကန့်ပိုင်း အချိန်လေးအတွင်းမှာပင် ကျွန်တော့်သိစိတ် တွေ အားလုံး ပျောက်ရှကုန်သည်။ အဲဒါကြောင့်ပင် ကားလမ်းမပေါ်သို့





သွေးပျက်ထိတ်လန့်စွာ ပြေးတက်လာသော ကျွန်တော်က အရှိန်ပြင်း ပြင်း မောင်းနှင်လာသော ကားတစ်စီးကို မမြင်မိလိုက်ခြင်း ဖြစ်လေ တော့သည်။

"ကျွီ...ကျွီ...ကျွီ.."

"ဒုန်း!"

❑



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့များ ကျွန်တော် သေွးပျက်ထိတ်လန့်စွာ ခြောက်ချွဲ့ တုန်လှုပ်ခဲ့ရသော လူမည်းမည်းကြီးသည် သီတင်းကျွတ်၊ တန်ဆောင်တိုင်များတွင် (လူဝင်ပြီး အလှူခံရာ၌) အသုံးပြုလေ့ရှိသော အရှက်ကြီးမှန်းသော သိခွင့်ရခဲ့လျှင်. .

သို့တည်း. .

တိုက်ဆိုင်သော မစဉ်းစားမတွေးတောဘဲ စနောက်ခဲ့ခြင်း မရှိလျှင်. .

❑





ကံကောင်းထောက်မ၍သာ အသက်ဘေးမှ ကျွန်တော် သီသီ ကလေး လွတ်မြောက်ခဲ့ရခြင်းဖြစ်သည်။ သို့သော် ပြင်းထန်သော ကားတိုက်မှုအရှိန်ကြောင့် ကျွန်တော့်ဦးခေါင်းမှာ ဦးနှောက်အတွင်း သွေးယိုစီးသည့်ဝေဒနာကို ခံစားခဲ့ရပြီး ခွဲစိတ်လိုက်သည်။

ထို့ကြောင့်ပင် ကျွန်တော့်မိဘများမှာ စိုးရိမ်ပူပန်မှုများနှင့် အတူ ငွေကြေးအကျပ်အတည်းရောက်သည်အထိ ဖြစ်ခဲ့ရလေသည်။

နောက်. .

ဆက်လက်ရရှိလာရသည့် အကျိုးရလဒ်ကား. .

❑



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

**အဖြင်ကမ္ဘာကို** စတင် ထိတွေ့လိုက်ရသည့်အချိန်တွင် **ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး** ပေါ့ပါးလန်းဆန်းသွားသည်။

**အစိမ်းရောင်ရှော့ရှော့ နံရံများ၊** ဆရာဝန်များ၏ ဂျူတီကုတ် **အဖြူရောင်၊ ခွဲစိတ်ခန်းဝတ်စုံ အစိမ်းရောင်၊** အပြာရောင်၊ သွေးပုလင်း အနီရောင်၊ အရက်ပြန်အနံ့များ၊ ဆေးဝါးအနံ့အသက်များ . . . အနံ့အသက်များ . . . အနံ့အသက်များ . . . ။

အခုတော့ ထိုငြီးငွေ့စိတ်ပျက်ဖွယ်ကမ္ဘာမှ ထွက်ခွာခွင့်ရခဲ့လေပြီ . . . ။ နေရောင်ခြည်၊ အေးမြလတ်ဆတ်သည့် လေပြည်များနှင့် စိမ်းစိုလန်းဆန်းနေသည့် မြင်ကွင်းများသည် လွန်ခဲ့သော ရက်ပေါင်း တစ်ရာလောက်အတွင်းက မွန်းကျပ်နွမ်းနယ်ခဲ့ရမှုများကို တစ်ခဏ အတွင်းမှာပင် ပျောက်ကွယ်သွားစေသည်။





ကျွန်တော်က ကားမှန်ပြတင်းပေါက်မှတစ်ဆင့် တဖြူးဖြူး တိုးဝင်လာနေသော လေပြည်များကို အငမ်းမရရှူရှိုက်ရင်း ပတ်ဝန်းကျင် မြင်ကွင်းများကို ကြည့်လာခဲ့၏။

မေမေကတော့ တစ်ခုခုကို တွေးတောနေဟန်တူသည်။ ငြိမ်ငြိမ်သက်သက်လိုက်ပါရင်း ကားမှန်ပြတင်းပေါက် အပြင်ဘက်သို့ ငေးကြည့်နေသည်။

ကျွန်တော်တို့ သားအမိ လိုက်ပါစီးနင်းလာသော အငှားကား လေးသည် လမ်းမကျယ်တစ်ခုဘက်သို့ ချိုးကွေ့လိုက်ချိန်တွင်တော့ ကျွန်တော် အံ့အားသင့်သွားပြီး . .

"မေမေ . . . တခြားဝင်စရာ ရှိသေးလို့လား . ."

ဟု မေးလိုက်မိသည်။

ဒီလမ်းက ကျွန်တော်တို့ အိမ်ရှိရာသို့ ပြန်သည့်လမ်း မဟုတ် ပေ။

မေမေက ချက်ချင်းပြန်မဖြေသည့်အပြင် မျက်နှာက ညှိုးငယ် ရီဝေသွား၏။ ပြီးမှ သက်ပြင်းကို မသိမသာချရင်း . . .

"မေမေတို့က အရင်တိုက်ခန်းမှာ မနေတော့ဘူးလေ . . . သား။ ပြီးခဲ့တဲ့ တစ်ပတ်ကပဲ အခုနေတဲ့အိမ်ကို ပြောင်းလာကြတာ။ သားဖေဖေ အလုပ်လုပ်တဲ့ သာယာငြိမ်းချမ်းအိမ်ရာ လေ"

"ဟင်! . . . ဟုတ်လား မေမေ၊ ဘာဖြစ်လို့ အဲဒီနေရာကို ပြောင်းတာလဲ။ ဖေဖေ့အလုပ်နဲ့ နီးလို့လား . ."

ကျွန်တော်က နားမလည်နိုင်အောင်ဖြစ်သွားပြီး အလောတကြီး ပြန်မေးလိုက်မိသည်။ စိတ်ထဲတွင်လည်း ထူးဆန်းသလို ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မေမေက ကျွန်တော့်ကို ဖျော့တော့စွာ ပြန်လည်ပြုံးပြရင်း . .

"သား နောက်တော့ သိလာရမှာပါကွယ် . . ."

ဟု ကရုဏာသံလေးဖြင့် ပြန်ဖြေသည်။

ဒါ . . . မေမေ ဘာကိုဆိုလိုတာပါလိမ့် . . .။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ဖွင့်မပြောရလောက်အောင် ဘာကိစ္စတွေ ရှိနေလို့လဲ။

ကျွန်တော်က နှုတ်မှ ဆက်မမေးဖြစ်တော့ပေမဲ့ ခေါင်းထဲတွင်တော့ မေးခွန်းပေါင်းများစွာ ရစ်ဝဲအုံ့ဆိုင်းနေသည်။

စဉ်းစားကြည့်လေ . . .။

ကျွန်တော့်တစ်သက် နေထိုင်လာခဲ့သော တိုက်ခန်းမှ အကြောင်းမည်မည်ရရမရှိဘဲ ပြောင်းလာစရာအကြောင်းမရှိ။ ကျွန်တော် ဆေးရုံတက်နေစဉ်အတွင်း တစ်ခုခု အကြောင်းကိစ္စပေါ်လာ၍ ဖြစ်ပေလိမ့်မည်။

ကျွန်တော် အတွေးတွေနှင့် လုံးထွေးရစ်ပတ်နေစဉ်မှာပင် မေမေက . . .

"အခု မေမေတို့ပြောင်းလာတဲ့ အိမ်က အရင်နေတဲ့ တိုက်ခန်းထက်စာရင်တော့ အများကြီး ပိုကျယ်ပါတယ် သားရယ်။ လူကုံထံတွေနေဖို့ ဆောက်ထားတဲ့အိမ်ကို သားဖေဖေရဲ့ အလုပ်ရှင်သူဌေးက ပေးနေတာလေ"

ဖေဖေက သာယာငြိမ်းချမ်းအဆင့်မြင့်အိမ်ရာကုမ္ပဏီတွင် စီမံခန့်ခွဲမှုမန်နေဂျာအဖြစ် အလုပ်လုပ်ကိုင်လာခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာမြင့်ခဲ့လေပြီ။ ထို့အတွက်ကြောင့် အလုပ်ရှင်က သစ္စာရှိရှိ လုပ်ကိုင်လာခဲ့သော ဖေဖေ့ကို ဒီအခွင့်အရေးပေးခြင်း ဖြစ်ပေလိမ့်မည်။





သို့သော် ကျွန်တော် နားစွန်နားဖျား ကြားသိရတာတစ်ခုကို ပြောရလျှင် ဖေဖေအလုပ်လုပ်သော သာယာငြိမ်းချမ်း အဆင့်မြင့် အိမ်ရာစီမံကိန်းမှာ သိပ်အောင်မြင်လှသည် မဟုတ်ပေ။ သာယာငြိမ်းချမ်းအိမ်ရာမှာ မြို့ထဲနှင့် အနည်းငယ်အလှမ်းဝေးပြီး ဈေးနှုန်းလည်း ကြီးမြင့်သောကြောင့်ဟု ဆိုသည်။

ကျွန်တော့်အတွက်တော့ ယခုနေရမည့် အိမ်က မည်မျှကြီးကျယ်ခမ်းနားစေကာမူ အရင်နေထိုင်ခဲ့သောနေရာမှ သူငယ်ချင်းများနှင့် ပြန်တွေ့ခွင့်မရတော့သည့်အတွက် အနည်းငယ် ဝမ်းနည်းသွားမိသည်။

ဒါပေမဲ့လည်း ဒီခံစားချက်ကိုတော့ ကျွန်တော် ထုတ်ဖော်မည်းညည်းညူရဲပေ။ အဘယ်ကြောင့်ဆိုသော် သူငယ်ချင်းဖြစ်သူ မျိုးသန့်ဆီသို့ အလည်လိုက်သွားရင်း မမျှော်လင့်သည့် ဖြစ်ရပ်တစ်ခုကြောင့် အခုလို ရက်ပေါင်းများစွာ ဆေးရုံတက်ခဲ့ရပြီး မိဘတွေလည်း ပူပန်သောက ရောက်ခဲ့ရသည် မဟုတ်လား။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော အငှားကားလေးမှာ 'သာယာငြိမ်းချမ်း အဆင့်မြင့်အိမ်ရာ'ဆိုသည့် မုခ်ဦးပေါက်ဝမှတစ်ဆင့် အိမ်ရာဝင်းထဲသို့ စတင်ဝင်ရောက်လာလေပြီ . . .။

မေမေက အိမ်ရာဝင်းထဲသို့ ဝင်ဝင်လာချင်းမှာပင် လမ်း ဘယ်ဘက်ဘေးရှိ အိမ်ရာစီမံခန့်ခွဲမှုရုံး (Estate Management office) ဆိုသည့် အဆောက်အဦတစ်ခုကို လက်ညှိုးညွှန်ပြကာ . . .

"အဲဒါ သားဖေဖေရဲ့ ရုံးလေ"

ဟု ကျွန်တော့်အား လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေမေ့ကိုကျော်ကာ ကားမှန်ပြတင်းပေါက်မှ တစ်ဆင့် လှမ်းကြည့်လိုက်သည်။

ဖေဖေ့ရုံးခန်းမှာ သေသေသပ်သပ်ဖြင့် ဆောက်လုပ်ထားသော ခေတ်မီအဆောက်အဦတစ်ခုပင်။ မှန်အကြည်များဖြင့် ကာရံထားသောကြောင့်လည်း အတွင်းဘက်တွင် အလုပ်လုပ်နေကြသော ဝန်ထမ်းများကို လှမ်းမြင်နေရ၏။

ကျွန်တော်က ...

"ဖေဖေရော .. ဟင် မေမေ၊ ဘာလို့ သားကို လာမကြိုတာလဲ"

ဟု မေးလိုက်သောအခါ မေမေက ကျွန်တော့်လက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ရင်း ...

"သားဖေဖေက အလုပ်အရမ်းရှုပ်နေလို့ လာမကြိုအားတာပါကွယ်"

ဆက်ပြီးလည်း မေမေက သည်အိမ်ရာဝင်း၏ ဖွဲ့စည်းပုံအကြောင်းကို ကျွန်တော့်အား ရှင်းပြနေသည်။ ဒီလမ်းကတော့ ဘာလမ်း၊ ဒီနေရာကတော့ အပန်းဖြေသည့်နေရာ စသည်ဖြင့် မဆုံးနိုင်အောင်ပင်။ ကြည့်ရသည်မှာ မေမေက ဒီအိမ်ဝင်းထဲတွင် နေရသည်ကို သဘောကျနေဟန်တူသည်။

မေမေ သဘောကျလည်း ကျချင်စရာပင်။

ဒီအိမ်ရာဝင်းအတွင်းရှိ အိမ်များအားလုံးမှာ ခမ်းခမ်းနားနား ဆောက်လုပ်ထားသော အိမ်ကြီးအိမ်ကောင်းများဖြစ်ပြီး လမ်း၏အလယ်တွင်လည်း တောင်ထန်းပင်များကို စီတန်းစိုက်ပျိုးထားသည်။ တချို့ အိမ်များဆိုလျှင် ဆောက်လက်စပင် ရှိသေး၏။





ရေကူးကန်ကိုကျော်လာပြီး အတွင်းဘက်သို့ ရောက်လာသည့်အခါတွင်တော့ ဆောက်လက်စ အိမ်များမှာ တဖြည်းဖြည်းများလာပြီး လူမနေရသေးသည့် အိမ်များကိုလည်း တွေ့ရသည်။ များသောအားဖြင့် အိမ်ပုံစံများမှာ တစ်ပုံစံတည်းဖြစ်ကြပြီး တချို့အိမ်ရှင်များကသာ မိမိတို့ အိမ်များကို ပြင်ဆင်မွမ်းမံကာ အလှဆင်ထားကြသဖြင့် အနည်းငယ် ကွဲပြားနေသည်။

အိမ်ရာဝင်းမှာ ကြီးမားကျယ်ပြန့်လှသည့်အပြင် ကျွန်တော်တို့၏ နေအိမ်မှာလည်း အစွန်ဘက်ဆုံးတွင် ရှိသောကြောင့် မိနစ်အနည်းငယ်ကြာမှ ရောက်လာခဲ့သည်။

ကျွိခနဲ ကားထိုးရပ်လိုက်သည်နှင့် သန့်ရှင်းသပ်ရပ်စွာ ဆောက်လုပ်ထားသော အိမ်ထဲမှ အထက်တန်းအရွယ် ကောင်မလေးတစ်ယောက်နှင့် မူလတန်းအရွယ် ကလေးငယ်နှစ်ယောက် ပြေးထွက်လာကြသည်။ နှုတ်မှလည်း အားရဝမ်းသာအသံများဖြင့် ...

"ဟေး ... ကိုကြီး .. ဆေးရုံပေါ်က ဆင်းလာပြီဟေ့"

ဟု တစ်မျိုး ...

"ကိုကြီး နေကောင်းသွားပြီ"

ဟု အော်ဟစ်သူက အော်ဟစ်နှင့် အသံဗလံပေါင်းစုံ ဆူညံသွားသည်။

ဒါ ... ကျွန်တော့်၏ ညီနှင့် ညီမများပင်။

ရက်ပေါင်းများစွာ မောင်နှမတွေ ခွဲခွာပြီး ဆေးရုံပေါ်တွင် နေခဲ့ရသော အချိန်တွေမှာ ကျွန်တော့်အတွက် တကယ့်ကို အထီးကျန် ဆန်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ထိုအထီးကျန်ကမ္ဘာက ပြက္ခဒိန်အဟောင်းများလို ဖြစ်သွားခဲ့ပြီ မဟုတ်လား ...။

ကျွန်တော်က ကြည်နူးပျော်ရွှင်စွာဖြင့် ညီအငယ်ဆုံးဖြစ်သူ နီနီကို ကောက်ယူချီမြှောက်လိုက်ပြီး ...

"အို ... ငါ့ညီလေးတောင် တော်တော်ထွားလာပါလား"

ဟု ပြောရင်း ပါးပြင်ကို နမ်းရှုံ့လိုက်သည်။ ညီမလေး ပန်ပန်ကလည်း ကျွန်တော့် အင်္ကျီလက်တစ်ဖက်ကို ဆွဲကာ ...

"ကိုကြီး ... နေကောင်းသွားပြီလား ...။ မီးတို့က ကိုကြီးကို မျှော်နေကြတာ"

"ကောင်းသွားပါပြီ ... ညီမလေးရယ်။ ညီမလေးက ဘာဖြစ်လို့ ကိုကြီးကို မျှော်နေတာလဲ"

"တူတူပုန်းတမ်း ကစားဖို့လေ။ ဒီအိမ်က မီးတို့ အရင်နေခဲ့တဲ့အိမ်ထက် အများကြီးပိုကျယ်တယ် ကိုကြီးရဲ့။ အပေါ်ထပ်မှာဆို ပုန်းစရာအခန်းတွေ အများကြီးပဲ"

"ဟုတ်လား ... ဒါဆို ပျော်စရာကြီးပေါ့.."

ကျွန်တော်က ညီမလေးပန်ပန်အလိုကျ ပြန်ဖြေပေးရင်း သူမ၏ ဆံနွယ်စအချို့ကို ပွတ်သပ်လိုက်သည်။ မေမေနှင့်အတူ အထုပ်အပိုးတွေကို ကူသယ်ပေးနေသော ညီမဖြစ်သူ ဝတီက ...

"ကဲ ... ကဲ .. ပန်ပန်၊ နောက်မှ ကိုကြီးကို အလွမ်းသယ် .. လောလောဆယ် ငါနဲ့လာပြီး အထုပ်ကူသယ်ဦး"

ဟု လှမ်းအော်ပြောလိုက်သဖြင့် ညီမလေးပန်ပန်မှာ ကျွန်တော့် အနားမှ လှစ်ခနဲ ပြေးထွက်သွားလေသည်။ ပြီးနောက် မနိုင့်တနိုင်နှင့် ကျွန်တော့် အသုံးအဆောင်ပစ္စည်းအချို့ကို ကူသယ်ပေးနေလေ၏။





နီနီကလည်း အစ်မနှစ်ယောက်ကိုကြည့်ပြီး ...

"ကိုကြီး ... သားကို အောက်ချပေး။ သားလည်း ကူသယ်ချင်တယ်"

ဟုဆိုကာ ကျွန်တော့်လက်ထဲမှ အတင်းရုန်းထွက်နေသည်။ ကျွန်တော် အောက်သို့ချပေးလိုက်သည့်အခါတွင် နီနီက မေမေသယ်နေသော အဝတ်အစားထုပ်ကို ကူသယ်ပေးသည့်ပုံစံဖြင့် အရှေ့မှ ဆွဲနေသောကြောင့် မေမေက အော်ငေါက်မာန်မဲနေသည်။

ဘာပဲဖြစ်ဖြစ် ဒီမြင်ကွင်းမှာ ကျွန်တော့်အတွက် စိတ်ကြည်နူးစရာ မြင်ကွင်းတစ်ခုပင်။ မိဘ၊ မောင်နှမများနှင့်အတူ နေထိုင်ရခြင်းမှာ စိတ်ချမ်းသာစရာ အလွန်ကောင်းကြောင်း ဆေးရုံပါရောက်မှ ကျွန်တော် သိခွင့်ရခဲ့သည်။

ကျွန်တော်က ညီမဖြစ်သူ ဝတီနှင့်အတူ အထုပ်တစ်ထုပ်ကို ကူသယ်ရင်း အိမ်ထဲသို့ လိုက်ပါလာလိုက်၏။

ဝတီမှာ ကျွန်တော့်ထက် ၂ နှစ်ငယ်သော်လည်း အရပ်အမောင်းကတော့ မတိမ်းမယိမ်းပင်။ သူမက အရပ် ငါးပေ၊ ခြောက်လက်မရှိပြီး ဆံပင်ရှည်ရှည်၊ မျက်နှာသွယ်သွယ်နှင့် ဖြစ်သည်။ မျက်လုံးမျက်ခုံးကတော့ ကျွန်တော်တို့ မောင်နှမတွေအားလုံး အတော်လေး ဆင်ကြ၏။

ကျွန်တော်က ဝတီ့ထက် အရပ်တစ်လက်မခန့် ပိုမြင့်သော်လည်း အသားတော့ သူမလောက် မဖြူပေ။ မောင်နှမတွေထဲတွင် ကျွန်တော်က အသားအညိုဆုံးဟု ဆိုရမည်။

ပန်ပန်နှင့် နီနီကတော့ တတိယတန်းနှင့် ပထမတန်းတက်ရမည့် အရွယ်ဖြစ်ပြီး နှစ်ယောက်စလုံး ပါးဖောင်းဖောင်း၊ မျက်လုံးဝိုင်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဖြစ်ကြသည်။ အသားလည်း နှစ်ယောက်စလုံးဖြူကြ၏။

အိမ်ထဲသို့ရောက်သည်နှင့် ကျယ်ဝန်းခမ်းနားသော အိမ်အပြင်အဆင် တွေ့ရသည်။ ဧည့်ခန်းကပင် ကျယ်ကျယ်လွင့်လွင့်ရှိလွန်းလှသဖြင့် ကျွန်တော်တို့ မိသားစုပိုင် ပရိဘောဂပစ္စည်းများမှာ ကျိုးတိုးကျဲတဲ ဖြစ်နေ၏။ အရင်တိုက်ခန်းတုန်းကဆိုလျှင် ဧည့်ခန်းဟူ၍ သတ်သတ်မှတ်မှတ်မရှိဘဲ ဘုရားခန်းကိုသာ ဧည့်ခန်းသဖွယ် အသုံးပြုခဲ့ရသည် မဟုတ်လား . . .။

အခုတော့ မယုံကြည်နိုင်စရာကောင်းလောက်အောင် အိမ်ကြီးမှာ ကြီးကျယ်ခမ်းနားလွန်းလှသည်။ ဧည့်ခန်းအလယ်တွင် တပ်ဆင်ထားသော မီးဆိုင်းကြီးနှင့် နံရံကပ်ကြည့်မှန်ချပ်ကြီးတို့ကပင် တကယ့်ကို ထည်ဝါလွန်းနေ၏။

အထုပ်အပိုးတွေကိုထားရန် မေမေ အပေါ်ထပ်သို့ တက်သွားသည့်အခါတွင် ကျွန်တော်က ဝတီကို လက်အသာတို့ပြီး မေးကြည့်လိုက်သည်။

"ဟဲ့ . . . ဝတီ၊ ဒီအိမ်ကြီးကို ဖေဖေ့အလုပ်ရှင်က အပိုင်ပေးတာလား . . ."

ဝတီက ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်ပြီး ခေါင်းခါပြသည်။ ကျွန်တော်က မျက်မှောင်ကြုတ်လိုက်မိပြီး . . .

"အဲဆို ငှားတာလား . . ."

ဟု ထပ်မေးမိလိုက်သည်။ မေးပြီးမှ ကျွန်တော့် စကားကအတော် အူကြောင်ကြောင်နိုင်သွားမှန်း သတိပြုမိသွား၏။

ငါတို့က ဘာဖြစ်လို့ သူများအိမ် ငှားနေရမှာလဲ။ ငါတို့မှာ ကိုယ်ပိုင်တိုက်ခန်းရှိတာပဲ . . .။





ဝတီ၏ အဖြေစကားကို ပြန်ကြားလိုက်ရသည့်အခါတွင် ကျွန်တော့်ကိုယ် ကျွန်တော် မလဲပြိုအောင် ထိန်းလိုက်ရသည်။

ဝတီက မျက်နှာငယ်လေးဖြင့် ကျွန်တော့်ကိုကြည့်ကာ . .

"အဲဒီလိုပဲ ပြောရမှာပေါ့ ကိုကြီးရယ်။ ညီမလေးတို့ အရင်နေတဲ့ တိုက်ခန်းက ကိုကြီးကို ဆေးကုဖို့ စရိတ်မရှိတော့တာနဲ့ တခြားလူဆီမှာ ပေါင်ထားရတယ်လေ။ ဒါကြောင့် ဖေဖေ့ရဲ့ အလုပ်ရှင်ကို အကူအညီတောင်းပြီး ညီမလေးတို့ ဒီအိမ်ကြီးကို ပြောင်းလာကြတာပေါ့ . . ."

"ဘာ ! "

ကြားလိုက်ရသော စကားက နားထဲတွင် မိုးကြိုးအစင်းပေါင်းများစွာ ပစ်ချလိုက်သလို ထစ်ချုန်းကျယ်လောင်သွားသည်။ ဝမ်းနည်းဆို့နင့်မှုများက မိုးသီးမိုးပေါက်များလို နှလုံးအိမ်ပေါ်သို့ တဖွဲဖွဲကျဆင်းလာလေ၏။

အသွေးအသားထဲထိ ပွဲတင်ထပ်သွားသော စကားတစ်ခွန်းကိုလည်း ကျွန်တော့်စိတ်ထဲမှ အလိုလို ရေရွတ်မိလိုက်လေသည်။

"တောင်ပန်းပါတယ် . . . မေမေနဲ့ ဖေဖေရယ်"

❑



www.burmeseclassic.com

www.burmeseclassic.com



ညနေ ခြောက်နာရီ။

အောက်ထပ်မှ ထမင်းစားဖို့လှမ်းခေါ်သော မေမေ့အသံကြောင့် ကျွန်တော်က အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။ တစ်နေကုန် စိတ်ပျက်ဝမ်းနည်းမှုများဖြင့် အခန်းအောင်းနေခဲ့သောကြောင့် ကျွန်တော့် ဦးခေါင်းထဲတွင် ငြီးစီစီဖြစ်နေသည်။ ခန္ဓာကိုယ်မှာလည်း နာလန်ထ လူမမာတစ်ယောက်လို ထုံကျဉ်ကိုက်ခဲနေ၏။

မီးဖိုချောင်ထဲသို့ ရောက်သည့်အခါတွင် မေမေနှင့် ဝတီက ထမင်းစားရန် ကျွန်တော့်ကို စောင့်နေကြ၏။ နိုနိုနှင့် ပန်ပန်ကတော့ ထုံးစံအတိုင်း ကြက်ဥကြော်ပန်းကန်ကို လုရင်း ငြင်းခုံနေကြသည်။

မေမေက ...

"ဟဲ့ ... ဘယ်လိုဖြစ်နေကြတာလဲ ..၊ ထမင်းစားတာ ငြိမ်ငြိမ် သက်သက်စားကြစမ်း ..."

ဟု ဟိန်းဟောက်လိုက်မှ နှစ်ယောက်စလုံး ငြိမ်ကျသွားသည်။





ကျွန်တော်က လက်ဆေးကာ ထမင်းစား စားပွဲတွင် ဝင်ထိုင်ရင်း မေမေ့အား လှမ်းမေးလိုက်သည်။

"မေမေ ... ဖေဖေရော ပြန်မလာသေးဘူးလား ..."

မေမေက အသားဟင်းတစ်ဖတ်ကို ကျွန်တော့် ထမင်းပန်းကန်ထဲသို့ လှမ်းထည့်ပေးနေရာမှ ဖျတ်ခနဲ တစ်ချက်မော့ကြည့်ပြီး ...

"သြော် .. ဒီအချိန် သားဖေဖေက ပြန်မလာသေးဘူးလေကွယ်။ အခု မင်းဖေဖေက အရင်တုန်းကလို ညနေငါးနာရီထိုးတာနဲ့ အိမ်ပြန်မရောက်ဘူး သားရဲ့။ ရုံးဆင်းတာနဲ့ အပိုဝင်ငွေရအောင် သူ့ သူငယ်ချင်းတစ်ယောက်ရဲ့ တက္ကစီကားကို ယူမောင်းနေတယ်လေ။ ည ဆယ့်နှစ်နာရီလောက်မှ ပြန်လာမှာကွဲ့"

ကျွန်တော်က ခတ္တခဏမျှ မေမေ့ကို ကြောင်ငေးပြီး ကြည့်နေမိသေးသည်။ ပြီးမှ ကပျာကယာ မျက်နှာလွှဲကာ ခေါင်းကို ငုံ့ပစ်လိုက်သည်။

ရစ်ဝဲလာသော မျက်ရည်စတွေကို မေမေ့အား မမြင်မတွေ့စေလိုပါ။ ကျွန်သည့် မောင်နှမတွေကိုလည်း မမြင်စေလိုပါ။

ရင်ထဲတွင် ဝမ်းနည်းမှုများက လှိုက်ခနဲ လှိုက်ခနဲ တက်လာသည်။ ဝတီ၏ ပြောစကားအရ ဆက်စပ်တွေးကြည့်လျှင် ဖေဖေခမျာ အတိုးနှုန်းကြီးကြီးဖြင့် တိုက်ခန်းကို ပေါင်လိုက်ရသောကြောင့် အရင်ကလို လစာတစ်ခုတည်းဖြင့် မလုံလောက်တော့၍ ကားပါ ထွက်မောင်းနေရခြင်း ဖြစ်နိုင်သည်။

ဘာတွေဖြစ်ကုန်တာလဲ?

ငါ့ကြောင့် ဖေဖေ ပင်ပန်းနေရပြီ။



www.burmeseclassic.com

စားနေရသောထမင်း အလုတ်တိုင်း အလုတ်တိုင်း ဖေဖေ့ ချွေးစက်တွေဟု မြင်ယောင်လာမိကာ ကျွန်တော် မျိုမကျတော့ပေ။ စိတ်ညစ်ညူးစရာများကို ဖုံးဖိကာ 'သား . . . ထမင်းထပ်ထည့်ဦးလေ' ဟုပြောနေသော မေမေ့အသံ ကျွန်တော့်ရင်ကို ကြေကွဲဆို့နင့်နေစေသည်။

ဖြစ်နိုင်လျှင် ဒီနေရာမှာသာ ကျွန်တော် ဘုန်းခနဲ လဲသေပစ်ချင်စိတ် ပေါက်သွား၏။ ဒါပေမဲ့လည်း ဒါက မဖြစ်နိုင်ပါ။ ဖြစ်နိုင်သည့် နည်းလမ်းတစ်ခုခုဖြင့် မိဘတွေ စိတ်ချမ်းချမ်းသာသာဖြစ်ဖို့ ကိုသာ ကျွန်တော် စဉ်းစားရပေတော့မည်။

ကျွန်တော်က ထမင်းတစ်ပန်းကန်သာ စားပြီးနောက် အပေါ်ထပ်ရှိ အိပ်ခန်းထဲသို့ ပြန်လာခဲ့သည်။ ကျန်သည့် မောင်နှမတွေကတော့ အောက်ထပ်တွင် အခွေထိုင်ကြည့်နေကြ၏။

အချိန်တော်တော်ကြာသည်အထိ စိတ်ညစ်ညူးစရာ အတွေးများဖြင့် ခုတင်ပေါ်တွင် ကျွန်တော် လူးလိမ့်နေမိသည်။ နောက်မှ ကျွန်တော် မှေးခနဲ တစ်ချက်အိပ်ပျော်သွား၏။

❑



www.burmeseclassic.com



"ဒေါက် . . ဒေါက် . . ဒေါက်"

အိပ်ပျော်သွားသည်မှာ အချိန် ဘယ်လောက်ကြာသွားသည် မသိ။ တံခါးခေါက်သံကြားမှ ကျွန်တော် လန့်နိုးလာခဲ့သည်။

ခုတင်ဘေးမှနာရီကို လှမ်းကြည့်လိုက်တော့ ဆယ့်နှစ်နာရီ ဆယ့်ငါး . . ။

ကျွန်တော်က ခုတင်ပေါ်မှဆင်းပြီး အိပ်ခန်းတံခါးကို ဆွဲဖွင့်လိုက်သောအခါ တံခါးလာခေါက်သူမှာ မေမေဖြစ်သည်ကို တွေ့ရ၏။

မေမေက . . .

"သား . . . မင်းဖေဖေ ပြန်ရောက်နေပြီလေ။ သွားနှုတ်ဆက်လိုက်ဦး"

"ဩော် . . . ဟုတ် . . . ဟုတ် မေမေ"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် အခန်းထဲမှ ထွက်လိုက်သည်။ မေမေကတော့ ကျွန်တော့်ကို ပြုံးပြပြီး သူမ အိပ်ခန်းရှိရာသို့ ပြန်လျှောက်သွား၏။ ထိုအခန်းထဲမှ နိုနို၏ ဆူညံဆူညံလုပ်နေသံကိုလည်း ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နီနီက အိပ်ခါနီးတိုင်း ဒီပုံစံပင်။ ဘယ်သောအခါမှ ဂျီမကျ ဘဲ ဖြောင့်ဖြောင့်တန်းတန်း အိပ်ပျော်သွားသည်မရှိ။ ဖေဖေ သို့မဟုတ် မေမေက အမြဲ ပုံပြင်တစ်ပုဒ်ပုဒ်ကို ပြောပြမှ သူက အိပ်လေ့ရှိသည်။ ထို့အပြင် နီနီက မီးမှောင်လျှင် မအိပ်တတ်သဖြင့် အမြဲတမ်း အိပ်ခန်း မီးကို ဖွင့်ထားရ၏။

ကျွန်တော် အောက်ထပ်သို့ ဆင်းလာသည့်အချိန်တွင်တော့ ဖေဖေက ဧည့်ခန်းထဲရှိ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေလေသည်။

အင်း . . . ဖေဖေ တော်တော်ပင်ပန်းလာတယ် ထင်တယ် . . ။

ဖေဖေ့ပုံစံမှာ အရင်ကလို အလုပ်ပြန်လာသည့်ပုံ မဟုတ်။ စတစ်ကော်လံအဖြူ ယောပုဆိုးနှင့် အိတ်တစ်လုံးကိုဆွဲကာ သပ်သပ် ရပ်ရပ် ပြန်လာလေ့ရှိသော ဖေဖေမှာ အခုတော့ တီရှပ်ခပ်နွမ်းနွမ်း တစ်ထည်နှင့် အရောင်ခပ်လွင့်လွင့် ပုဆိုးတစ်ထည်ကို ဝတ်ဆင်ထား သည်။ မျက်နှာမှာလည်း တော်တော်သိသိသာသာ ချောင်ကျသွားသည်။

ဖေဖေက မျက်လုံးမှိတ်ကာ အမောဖြေနေသောကြောင့် ကျွန်တော့်ကို မမြင်ပေ။ ကျွန်တော်က ဖေဖေ့အနားသို့ တိုးကပ်သွား လိုက်ပြီး . . .

"ဖေဖေ . . . ပြန်ရောက်ပြီလား"

ဟု နှုတ်ဆက်လိုက်မှ မျက်လုံးကို ဖွင့်ကြည့်လာ၏။ ပြီးမှ ကျွန်တော့်ကို နွမ်းလျစွာ ပြန်ပြုံးပြရင်း . . .

"သား ဆေးရုံကဆင်းတဲ့နေ့မှာ ဖေဖေ လာမကြိုနိုင်တာ ခွင့်လွှတ်ပါကွယ်။ ဖေဖေ မအားလို့ပါ။ သားရော ကျန်းမာ ရေး ကောင်းတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ကောင်းသွားပြီ ဖေဖေ၊ ဆရာဝန်တွေရဲ့





ညွှန်ကြားချက်အတိုင်းသာ ဆေးရုံမှာ ရက်ပြည့်အောင် နေနေ ရတာပါ။ နှီမှိုဆို အစောကြီးကတည်းက ဆင်းလို့ရပါတယ်"

"အေးအေး . . . ကောင်းပါတယ်ကွာ။ ဖေဖေလည်း ပင်ပန်း လာလို့ သွားအိပ်တော့မယ်။ နေလို့လည်း နည်းနည်းမကောင်း ချင်သလိုပဲကွာ"

" ဟင် . . . ဖျားတာလားဖေဖေ"

" မဟုတ်ပါဘူး . . . သားရယ်။ အသက်ရှူရတာ မဝသလိုပဲ။ လည်ပင်းကလည်း ကြပ်တပ်တပ် အောင့်တောင့်တောင့် ဖြစ် နေတယ်။ ကိစ္စတော့ မရှိပါဘူးလေ။ ကဲ . . ကဲ ဖေဖေ သွား မယ်"

ဖေဖေက ပြောပြောဆိုဆို ဆိုဖာပေါ်မှ ထလိုက်သည်။ အခုမှ ပင် ဖေဖေ့ကို ကျွန်တော် သေသေချာချာ ဂရုပြုမိသွား၏။

ဟင်! . . . ဖေဖေ အရက်တွေသောက်ထားပါလား . . ။

ကျွန်တော် တစ်သက်လုံး ဖေဖေအရက်သောက်တာကို မမြင် ဖူးပေ။ ဖေဖေက အရက်မပြောနှင့် ဆေးလိပ်တောင် သောက်တတ်သူ မဟုတ်။ အခုကျမှ ဘယ်လိုဖြစ်လို့ ဖေဖေ အရက်တွေ သောက်လာရ တာလဲ။

ကားမောင်းရတာ အရမ်းပင်ပန်းလို့လား . . . ဒါမှမဟုတ် အိမ်ယာအုပ်ချုပ်ရေးရုံးမှာ အလုပ်လုပ်ရတာ အဆင်မပြေတာနဲ့ စိတ် ညစ်နေလို့လား . .

ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်တော့ပေ။ ဖေဖေ့ကို ကြည့်ပြီးတော့လည်း ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်မကင်းသလို ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ယိုင်တိယိုင်တိုင် ခြေလှမ်းများဖြင့် ကျွန်တော့်ရှေ့မှ ဖြတ်ကျော်သွားသည်။ ကျွန်တော်က ဖေဖေ အပေါ်ထပ်သို့ တက်ကာ အိပ်တော့မည်ထင်ပြီး နောက်မှ အသာလိုက်လာခဲ့၏။

သို့သော် ဖေဖေ ဦးတည်သွားနေသည်မှာ အပေါ်ထပ်သို့ တက်သည့် လှေကား မဟုတ်။ မီးဖိုချောင်ဘေးရှိ ကပ်လျက်အခန်းသို့။ ကျွန်တော်က နားဝေတိမ်တောင်ဖြင့် ...

"ဖေဖေ ... အိပ်ခန်းက အပေါ်ထပ်မှာ မဟုတ်ဘူးလား .."

ဟု မေးလိုက်သည်။ ဖေဖေက ကျွန်တော့်ကို လှည့်၍ပင် မကြည့်ဘဲ ပြန်ဖြေသည်။

"ဒါ ဖေဖေ့ရဲ့ အိပ်ခန်းပဲလေကွာ"

"ဟင်! ဖေဖေက မေမေနဲ့အတူတူ မအိပ်ဘူးလား ..."

ဒီစကားကိုတော့ ကျွန်တော်က စိတ်ထဲမှသာ မေးလိုက်မိခြင်းဖြစ်သည်။ ဖေဖေက အင်္ကျီကြယ်သီးအချို့ကို ဖြုတ်ရင်း အခန်းထဲသို့ဝင်ရန် တံခါးဆွဲဖွင့်လိုက်သည်။

ကျွန်တော်သာ နားမလည်နိုင်မှုများနှင့်အတူ ဖေဖေ့ကျောပြင်ကို စေ့စိုက်ကြည့်နေမိသည်။ ထိုစဉ်မှာပင် အခန်းထဲသို့ လှမ်းဝင်နေသော ဖေဖေက တစ်စုံတစ်ရာကို သတိရသွားသည့်ပုံဖြင့် ကျွန်တော့်ဘက်သို့ ချာခနဲလှည့်ကာ..

"ဪ ... ဒါနဲ့ သားကို မှာထားရဦးမယ်။ ဖေဖေမရှိရင် ဒီအခန်းကို မဝင်နဲ့နော်။ တခြား သားရဲ့ ညီတွေ၊ ညီမတွေကိုလည်း မဝင်စေနဲ့"

"ဘာဖြစ်လို့လဲ ... ဖေဖေ"





ကျွန်တော့်အမေးကြောင့် ဖေဖေ စိတ်အနှောင့်အယှက် ဖြစ်သွားပုံရသည်။ မျက်နှာက အနည်းငယ် တင်းမာသွားပြီး...

"ဖေဖေ ပြောတဲ့အတိုင်းသာလုပ်စမ်း ... သား။ ဖေဖေ့ကို ဘာဖြစ်လို့လဲ ပြန်မမေးနဲ့"

"ဟုတ် ... ဟုတ်ကဲ့ပါ ... ဖေဖေ"

ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေပြီး ဖေဖေ့ရှေ့မှ လှည့်ထွက်လာခဲ့သည်။ စိတ်ထဲတွင်လည်း ဘဝင်မကျသလို ခံစားလိုက်ရ၏။

ဖေဖေ့အခန်းထဲကို သားသမီးတွေဝင်တာ ဘာများဖြစ်လို့လဲ ဖေဖေရယ်။ အထဲမှာ သားတို့ကို မမြင်စေချင်တာ ဘာများရှိနေလို့လဲ။

ကျွန်တော့် ဖေဖေက သူ တန်ဖိုးထားမြတ်နိုးသည့် အင်္ဂလိပ်စာအုပ်တွေကို ကျွန်တော်တို့ယူပြီး လျှောက်ဖွမှာကို စိုးရိမ်သောကြောင့်ပေလားမသိ။ ဖေဖေက သူ့စာအုပ်တွေနှင့် ပတ်သက်လျှင် ထိတာကိုင်တာ လုံးဝ မကြိုက်ပေ။ တစ်ခါတုန်းက နီနီကြောင့် ဖေဖေ အမြတ်တနိုး ဝယ်စုဆောင်းထားသည့် အင်္ဂလိပ် ဂန္ထဝင်စာအုပ်တစ်အုပ် ရေစိုပြီးစုတ်ပြဲသွားဖူးသည်။

ဖေဖေ စိတ်ဆိုးဒေါသထွက်လိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ အခုလည်း ဒီကိစ္စကြောင့် သူ့အခန်းထဲသို့ ပေးမဝင်တာ ဖြစ်ပေလိမ့်မည်။

ကျွန်တော်က အောက်ထပ်မှ မီးများကိုပိတ်ပြီး အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ မေမေနှင့် နီနီတို့၏ အိပ်ခန်းက မီးလင်းနေသေးသော်လည်း ဝတီနှင့် ပန်ပန်တို့နှစ်ယောက်၏ အိပ်ခန်းကတော့ မှောင်မည်းတိတ်ဆိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် သူမတို့နှစ်ယောက် အိပ်မက်ပင် မက်နေပြီလားမသိ။

ကျွန်တော်အိပ်ခန်းက သူတို့အခန်းနှင့် ဘေးချင်းယှဉ်လျှက်ရှိပြီး အစွန်ဘက်ဆုံးတွင်ဖြစ်သည်။

အိပ်ခန်းထဲသို့ ရောက်တော့လည်း ကျွန်တော့်မှာ အိပ်မပျော်နိုင်သေးပေ။ စိတ်ရှုပ်ထွေးစရာ အတွေးများဖြင့် ခုတင်ပေါ်တွင် လူးလိမ့်နေမိသည်။

မဟုတ်သေးဘူး . . . မဟုတ်သေးဘူး . . .။

ဖေဖေက မေမေနဲ့ခွဲပြီး ဘာလို့ တစ်ယောက်တည်း အိပ်ရတာလဲ။ အကြီးအကျယ်များ စကားများထားလို့လား . . .။ ဒါလည်း မဖြစ်နိုင်ပါ။ ဖေဖေနှင့် မေမေက တခြားလင်မယားတွေလို တကျက်ကျက် စကားများတတ်သူတွေ မဟုတ်ကြပေ။

ဒါဆို ဘာကြောင့်လဲ ?


ကျွန်တော် မစဉ်းစားတတ်တော့ပါ။

တစ်ခုခုတော့ လွဲမှားနေသည်မှာ သေချာလေပြီ။ ဆက်တိုက်ဆက်တိုက်ဆိုသလို ကျွန်တော့်ခေါင်းထဲသို့ ဖေဖေ အရက်သောက်သည့်ကိစ္စမှအစ တခြား စိတ်သောက ရောက်စရာအကြောင်းတွေပါ ဝင်ရောက်လာသည်။

နောက်ဆုံး စိတ်ကို ဖြေလျှော့ချလိုက်သည့် အခါကျမှ ကျွန်တော် အိပ်ပျော်သွားလေတော့သည်။

❑





ညသည် အသံတိတ် မှောင်မိုက်နေသည်။

နွေညတစ်ညဖြစ်သောကြောင့် အခန်းတွင်းရှိ လေထုမှာ ထိုင်းမှိုင်းပူနွေးနေသည်။ သို့သော် ကျွန်တော့်ခန္ဓာကိုယ်မှာတော့ ရေခဲရေဖြင့် ပက်ဖျန်းခံလိုက်ရသည့်အလား အေးခနဲ ဖြစ်သွား၏။ မသိစိတ်အာရုံထဲတွင်လည်း ကြောက်လန့်တုန်လှုပ်ခြင်းနှင့်အတူ ဘာမှန်းမသိသော အန္တရာယ်တစ်ခု၏ ရနံ့ကို ခံစားရှူရှိုက်လိုက်ရသည်။

ကျွန်တော့်အခန်းထဲသို့ တစ်ယောက်ယောက် ရောက်နေလေပြီ။

ဘယ်သူလဲ?

ကျွန်တော်က မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်၏။ မည်သူ့ကိုမျှ မတွေ့ရ။ လရောင်ဖြင့် ပြာလဲ့လဲ့လင်းနေသော အခန်းထဲတွင် ကျွန်တော်တစ်ယောက်တည်းသာ . . .။

ကျွန်တော်က အိပ်နေလျက်ကပင် တစ်ခန်းလုံးကို မျက်စိကစားကြည့်လိုက်သည်။ အရာရာအားလုံး ပုံမှန်အတိုင်းပင်။

ဒါဆို ငါ ဘာကြောင့် နိုးလာရတာလဲ?

စိတ် ကယောင်ချောက်ချား ဖြစ်နေတာလား . . .



www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါအတွေးများဖြင့် ကျွန်တော် လှင့်မြောနေစဉ်မှာပင် ခန္ဓာကိုယ်အောက်ပိုင်းမှ အထိအတွေ့တစ်ခုကို ခံစားသိရှိလိုက်ရသည်။

"ဟင် !"

ကျွန်တော်က အလန့်တကြားဖြင့် ကြည့်လိုက်သောအခါ ကြက်သီးဖြန်းဖြန်း ထသွားမိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ခန္ဓာကိုယ်ပေါ်မှ ခြုံလွှမ်းထားသော စောင်သည် တစ်စုံတစ်ယောက်က ဆွဲယူနေသကဲ့သို့ ဖြည်းဖြည်းချင်း လျှောကျနေသောကြောင့် ဖြစ်သည်။

ကျွန်တော် ကြက်သေသေ ငေးကြည့်နေမိစဉ်မှာပင် စောင်က ခုတင်အောက်သို့ လုံးလုံးလျားလျား ကျသွား၏။

"ဘယ် . . . ဘယ် . . . သူ . . လဲ"

ချောက်ချားဖွယ်အဖြစ်အပျက်ကြောင့် ကျွန်တော်က တုန်ယင်ထစ်ငေ့ါစွာရေရွတ်ရင်း အိပ်နေရာမှ ဝေါက်ခနဲ ထလိုက်သည်။ နှလုံးအိမ်တစ်ခုလုံး အပြင်သို့ ကျွတ်ထွက်ကျတော့မတတ် တဒုန်းဒုန်းခုန်နေ၏။ ကြောက်ရွံ့အေးစက်မှုက ကျောရိုးတစ်လျှောက် စိမ့်တက်လာသည်။

ကျွန်တော်က တဆတ်ဆတ်တုန်ယင်နေသော ခြေထောက်များဖြင့် အိပ်ရာပေါ်မှဆင်းကာ ခုတင်ခြေရင်းသို့ ကြည့်လိုက်သည်။

ခုတင်ခြေရင်းတွင်တော့ ကျွန်တော်ခြုံလွှမ်းခဲ့သော ဂွမ်းစောင်လေးက အတွေးလိုက် အပုံလိုက်။ အနီးအနားတွင် သံသယဖြစ်စရာ မည်သည့်အရာမှ မရှိ။

ဒါ ဘယ်လိုဖြစ်တာလဲ?

စောင်က သူ့အလိုလို လျှောကျသွားတာလား?

မဖြစ်နိုင်ပါ။ တစ်စုံတစ်ယောက်ရဲ့ ပယောဂမပါဘဲ ဒီစောင်မှာ သူ့အလိုလို လျှောကျသွားစရာ အကြောင်းမရှိပေ။





ထူးဆန်းသည့် အဖြစ်အပျက်ကြောင့် ကျွန်တော် မှင်တက်ရပ်နေစဉ်မှာပင် အံ့ဩထိတ်လန့်စရာ အရာတစ်ခုကို တွေ့လိုက်ရသည်။

ကြမ်းပြင်ပေါ်တွင် အတွေးလိုက် အပုံလိုက် ကျနေသော စောင်ပုံမှာ တဖြည်းဖြည်းနှင့် ထိုးထောင်မို့မောက် ထွက်လာသည်။ တစ်ယောက်ယောက်က စောင်အောက်မှ ကုန်းရုန်းထလာသလိုမျိုး . .

အဲဒါ . . . ဘယ်သူလဲ . . . ဘယ်သူလဲ?

ကျွန်တော်က သွေးရူးသွေးတန်းဖြင့် စောင်ကို ပြုန်းခနဲ ခေါင့်ဆွဲခွာပစ်လိုက်သည်။

"ဟာ! . . . "

မြင်လိုက်ရသော ပုံရိပ်တစ်ခုကြောင့် ကျွန်တော် အသက်ဝိညာဉ် လွင့်ပါးသွားသလို ခံစားလိုက်ရ၏။

စောင်အောက်တွင်တော့ . .

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဖြင့် မိန်းမပျိုတစ်ယောက် . . ။

ဖွာလန်ကြဲနေသော ဆံပင်ရှည်ရှည်များအောက်မှ မီးဝင်းဝင်း တောက်နေသော မျက်လုံးအစုံဖြင့် ကြည့်နေလျက် . . . ။

အသားအရေမှာ ရေနစ်သေထားသူတစ်ယောက်လို ဖြူရော်ပွရောင်းနေလေ၏။ ခြောက်သွေ့ညိုမည်းနေသော နှုတ်ခမ်းများကို ပြူတတ်ထွက်လုမတတ် ကိုက်ထားသည်။

ကျွန်တော် ကြောက်စိတ်ကို တင်းမခံနိုင်တော့ဘဲ အာခေါင်ခြစ်၍သာ အော်ဟစ်လိုက်မိတော့လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com





"သား . . . သား . . ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ"

ကျွန်တော်က မျက်လုံးကို ဖျတ်ခနဲဖွင့်ကာ ငေါက်ခနဲ ထထိုင်လိုက်သည်။ တစ်ကိုယ်လုံး ချွေးစေးတွေဖြင့် ရွှဲနစ်နေပြီး အသက်ရှူသံမှာလည်း ဖားဖိုတစ်ခုလို တရှူးရှူးတရှဲရှဲ မြည်နေသည်။

မေမေက ကျွန်တော့်ကို စိုးရိမ်တကြီးဖြင့် ကြည့်ရင်း . . .

"သား . . . အိပ်မက်ဆိုးတွေ မက်နေပြန်ပြီနဲ့ တူတယ်"

အသက်ကို ခဲခဲယဉ်းယဉ်း ရှူသွင်းနေရသဖြင့် ကျွန်တော်က ခေါင်းကိုသာ ပြန်ညိတ်ပြလိုက်သည်။ ရင်ထဲတွင်လည်း ကြောက်စိတ်က လုံးလုံးလျားလျား မလွင့်ပြယ်သေး။ နှလုံးခုန်သံက တဒုတ်ဒုတ်နှင့်သာ ရှိသေးသည်။





ကြောက်စရာ အရမ်းကောင်းတဲ့ အိပ်မက်ပဲ . . ။ အထူးသဖြင့် စောင်အောက်မှ မိန်းကလေး၏ မျက်နှာသွင်ပြင်က မေ့ဖျောက်ပစ်၍ မရလောက်အောင်အထိ ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေသည်။

နွတ်ခမ်းကို တင်းတင်းစေ့ကိုက်ထားသည့် ဟန်ပန်အမူအရာနှင့် မျက်ဖြူသားပေါ်သည်အထိ မျက်စိလှန်ကြည့်နေပုံက အခု နိုးလာသည့်အချိန်အထိပင် တုန်လှုပ်ချောက်ချားစရာ ကောင်းနေသည်။

ကျွန်တော် ထိုအိပ်မက်ဆိုးကို စိတ်ထဲမှ ကြိုးစားမေ့ပျောက်နေစဉ်မှာပင် မေမေက ရေတစ်ခွက်ခပ်ယူလာပေးပြီး . . .

"ရော့ . . . သား . . . ရေသောက်လိုက်ဦး။ ပြီးရင် ဆရာဝန်ပေးထားတဲ့ အိပ်ဆေးနဲ့ စိတ်ငြိမ်ဆေးကို သောက်လိုက်၊ မေမေလည်း သား ဒီလို ခဏခဏ အိပ်မက်ဆိုးတွေ မက်တတ်တာကိုကြည့်ပြီး စိတ်မကောင်းဘူးကွယ်၊ အရင်ပြီးခဲ့တဲ့ဟာတွေကို မေ့ပစ်လိုက်ပါတော့ . . . သားရယ်"

ကျွန်တော်က ဘာမှ ပြန်မပြောနေတော့ဘဲ မေမေလှမ်းပေးသော ရေကိုသာ ယူသောက်လိုက်သည်။

တကယ်တော့ မေမေပြောသည်မှာလည်း မလွန်ပေ။

ကျွန်တော်က ဆေးရုံတက်နေရစဉ် ကာလအတွင်း အမြဲတမ်းလိုလို အိပ်မက်ဆိုးတွေမက်တတ်ကာ လန့်လန့်အော်တတ်သည်။ ဒါကလည်း ကျွန်တော်ဖြစ်ခဲ့သော အဖြစ်ဆိုးများကို မသိစိတ်က စွဲထင်နေမိသောကြောင့် ဖြစ်ပေလိမ့်မည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နောက်နှစ်ရက်အကြာ . . .။

မေမေက ကိစ္စတစ်ခုရှိသဖြင့် မနက်ကတည်းက အိမ်မှ ထွက်သွား၏။ အိမ်တွင် ကျွန်တော်တို့ မောင်နှမ လေးယောက်သာ ကျန်ရစ်ခဲ့လေ၏။

ဝတီက ဖေဖေ့အတွက် နေ့လယ်စာ ထမင်းချိုင့်ပို့ရန် ပြင်ဆင်နေပြီး ပန်ပန်နှင့် နီနီက အိမ်ထဲမှာ ဝုန်းဒိုင်းကြဲဆူညံကာ စိန်ပြေးလိုက်တမ်း ဆော့နေကြသည်။ ကျွန်တော်ကတော့ ကျောင်းစာအုပ်အချို့ကို လှန်လှောကြည့်ကာ အာရုံတွေ ပျံ့လွင့်နေမိ၏။

ဘယ်လောက်တောင် စိတ်ပျက်ဝမ်းနည်းဖို့ ကောင်းလိုက်သလဲ?





မှားယွင်းမှုတစ်ခုကြောင့် ကျွန်တော် ရက်ပေါင်းများစွာ ဆေးရုံတက်ခဲ့ရသလို ကျောင်းကိုလည်း တစ်နှစ်နားခဲ့ရသည်။ နောက်နှစ်ကျောင်းပြန်တက်လျှင် သူငယ်ချင်းတွေမှာ ကျွန်တော့်ထက် တစ်တန်းကြီးသွားလေပြီ . . .။

ဒီအတွက် ကျွန်တော် ဘယ်သူ့ကို အပြစ်တင်ရမလဲ?

ကိုဖိုးထောင်ကိုလား . . . ဒါမှမဟုတ် မစဉ်းစားမဆင်ခြင် ကြောက်လန့်ခဲ့တဲ့ ကျွန်တော့်ကိုယ် ကျွန်တော်လား . . .။

ကိုဖိုးထောင်မှာလည်း သူ့ကြောင့် ကျွန်တော် ဒီလိုဖြစ်သွားရသည်ကို ကြည့်ပြီး သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်လောက်အောင် နောင်တအကြီးအကျယ်ရနေသည်။ ကျွန်တော် ဆေးရုံတက်နေစဉ်ကာလအတွင်း ကိုဖိုးထောင်မှာ အခေါက်ပေါင်း မရေမတွက်နိုင်အောင် လာရောက်ကြည့်ရှုအားပေးခဲ့သည်။ လာတိုင်းလည်း စားစရာအစုံအလင် ပါလာတတ်၏။

ကျွန်တော်က သက်ပြင်းကို လေးလေးပင်ပင်ချရင်း စိတ်ရှုပ်ထွေးစရာ အတွေးများကို ခေါင်းထဲမှ မောင်းထုတ်လိုက်သည်။

ဒါတွေကို ပြန်စဉ်းစားပြီး စိတ်ညစ်နေလို့လည်း ဘာအကြောင်းမှ ထူးမည်မဟုတ်။ အတိတ်ကို အတိတ်မှာထားခဲ့တာ ပိုကောင်းလိမ့်မည်။

ထိုစဉ် ဝတီ၏အသံကြောင့် ကျွန်တော့်အတွေးစများ ရပ်တန့်သွားသည်။

"ကိုကြီးရေ . . . ဖေဖေ့အတွက် ထမင်းချိုင့် အဆင်သင့်ဖြစ်ပြီ"

"ြော် . . . အေးအေး . . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြန်ဖြေရင်း ထိုင်ရာမှထလိုက်သည်။ ခါတိုင်းဆိုလျှင် ဖေဖေ့အတွက် ထမင်းချိုင့်ကို မေမေက ပို့ပေးနေကျဖြစ်သော်လည်း ဒီနေ့တော့ မေမေမရှိသဖြင့် ကျွန်တော် သွားပို့ပေးရမည် ဖြစ်သည်။

ကျွန်တော်က နံရံပေါ်တွင်ချိတ်ထားသော အနီရောင် နိုက်ကီ (Nike) ဦးထုပ်ကိုယူကာ ဆောင်းပြီး ဝတီဆီသို့ လှမ်းလာလိုက်သည်။

ပန်ပန်က နီနီနှင့်ကစားနေရာမှ ကျွန်တော့်ထံသို့ ဖျတ်ခနဲ ပြေးလာပြီး

"ကိုကြီး ပြန်လာရင် တူတူပုန်းတမ်း ကစားမယ်နော်"

ဟု ပြောလေသည်။ ကျွန်တော်က ခေါင်းကို ညိတ်ပြလိုက်ရင်း ...

"စိတ်ချပါ ... ပန်ပန်ရယ်၊ ပြန်လာရင် ဆော့ပါ့မယ်"

ဝတီကလည်း ကျွန်တော့်ကို ထမင်းချိုင့်လှမ်းပေးရင်း မှာနေပြန်သည်။

"ကိုကြီး ... မြန်မြန်လာခဲ့နော်၊ အိမ်မှာ ညီမလေးတို့ချည်းပဲ ကျန်ခဲ့တာဆိုတော့ ကြောက်တယ်"

"ဟာ ... ကလေးမဟုတ် သူငယ်မဟုတ်နဲ့ ဘာကြောက်စရာ ရှိလို့လဲ ဝတီရယ်"

"မသိဘူး ... ကိုကြီးရာ ဝတီကြောက်တယ်။ မြန်မြန်ပြန်လာခဲ့"

ကျွန်တော် သက်ပြင်းကိုသာ ဟင်းခနဲ ချလိုက်သည်။ ဆက်ပြောနေလျှင်လည်း အကြောင်းထူးမည် မဟုတ်ချေ။ ဝတီမှာ ဖေဖေ၊ မေမေတို့ အိမ်တွင်မရှိလျှင် တစ်ခုမဟုတ်တစ်ခု အားငယ်ကြောက်ရွံ့လေ့ရှိသည်။

နောက်ဆုံးတော့ ကျွန်တော်က ...





"အေးပါ ဝတီရယ်။ မြန်မြန်ပြန်လာခဲ့ပါ့မယ်"

ဟု စိတ်ကျေနပ်အောင်ပြောပြီး ထမင်းချိုင့်ကို ယူလိုက်သည်။ ထို့နောက် ဂိုဒေါင်ထဲမှ စက်ဘီးကိုထုတ်ကာ ဖေဖေ့ရုံးသို့ ထွက်လာခဲ့လေ၏။

အိမ်အပြင်ဘက်ရှိ ရာသီဥတုမှာ သာယာလျက်ရှိသည်။ ပြာလဲ့နေသော ကောင်းကင်တွင် အဖြူရောင်တိမ်တိုက်တွေ တရွေ့ရွေ့မျောလွင့်နေကြသလို လေပြည်များကလည်း တသုန်သုန်တိုက်ခတ်နေကာ အေးမြလန်းဆန်းနေသည်။

လမ်းဘေးဝဲယာတွင် စီတန်းစိုက်ပျိုးထားသော တောင်ထန်းပင်များ၊ ပင်လယ် ကဗွီးပင်များ၊ စံပယ်ရုံပုလေးများမှာလည်း မှန်းတည့်နေရောင်ခြည်အောက်တွင် စိမ်းစိုလှပနေကြ၍ မြင်ရသူအဖို့ စိတ်ကြည်နူးစရာ ကောင်းနေသည်။

ကျွန်တော်က ဖြတ်သွားဖြတ်လာ လူအချို့ကို ရှောင်ကွင်းရင်း စက်ဘီးကို လမ်းမကျယ်အတိုင်း ဖြည်းဖြည်းမှန်မှန် နင်းလာလိုက်၏။ ရေကူးကန်ကို ကျော်လွန်လာပြီး လမ်းကွေ့တစ်ခုအနားသို့ ရောက်လာသည့်အခါတွင်တော့ လူမနေရသေးသည့် အိမ်သစ်တစ်အိမ်ရှေ့၌ ဖေဖေ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ဖေဖေက အလုပ်သမား သုံးလေးယောက်နှင့်အတူ ရပ်ကာ စကားပြောနေသည်။ ကျွန်တော်က ထိုနေရာသို့ စက်ဘီးကို နင်းသွားလိုက်ပြီး ..

"ဖေဖေ ... သား ထမင်းချိုင့်လာပို့တာ"

ဟု အသံပြုလိုက်သည်။ ထိုအခါကျမှ ဖေဖေကျွန်တော့်ကို မြင်သွားပြီး .. ခေါင်းညိတ်ပြ၏။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



“ထမင်းချိုင့်ကို ဒီမှာပဲထားခဲ့ သား။ ဖေဖေ တော်တော်နဲ့ ရုံးပြန်ဦးမှာ မဟုတ်ဘူး။ အိမ်တွေကို လိုက်စစ်ပြီးရင် ဖေဖေ ဆေးခန်းသွားပြလိုက်ဦးမယ်။ ဖေဖေလည်ပင်းနာပြီး အသက် ရှူ ကျပ်ကျပ်နေတာ ဘာဆေးသောက်ရမလဲ . . . လို့”

“ဟုတ်ကဲ့ . . . ဖေဖေ”

ကျွန်တော် စက်ဘီးကို ဒေါက်ထောက်ရပ်နေစဉ်မှာပင် ဖေဖေ့ အလုပ်သမားတစ်ယောက်က စက်ဘီးခြင်းထဲမှ ထမင်းချိုင့်ကို အလိုက် တသိ လာယူလေသည်။

ကျွန်တော်က ချက်ချင်းပြန်လှည့်ထွက်မသွားသေးဘဲ ယောင် ပေယောင်ပေဖြင့် ဖေဖေ့အနားသို့ သွားလိုက်သည်။ ဖေဖေကတော့ အလုပ်သမားတစ်ယောက်အား ညွှန်ကြားချက်ပေးနေ၏။ အတန်ကြာမှ ကျွန်တော့်ဘက်သို့ လှည့်ကြည့်လာပြီး . .

“ဖေဖေ . . . ဒီအိမ်ဝင်ပြီး စစ်ဆေးလိုက်ဦးမယ် သား။ သား မပြန်ချင်သေးရင်လည်း လိုက်ခဲ့ပေါ့”

ကျွန်တော်က ဟန်ပင်မဆောင်နိုင်ဘဲ ဖေဖေ့နောက်မှ သွက် လက်မြန်ဆန်စွာ လိုက်ပါလာခဲ့သည်။

တကယ်တော့ ဒီအိမ်ထဲသို့ ဝင်ကြည့်ခွင့်ရသည့်တိုင် ကျွန်တော့် အတွက် ဘာအကျိုးမှ ထူးလှသည်မဟုတ်ပေ။ ဒီအိမ်၏ ဖွဲ့စည်း တည်ဆောက်ပုံမှာ ကျွန်တော်တို့ အခုလက်ရှိ နေထိုင်နေသည့်အိမ်နှင့် တစ်ပုံစံတည်း တစ်ထေရာတည်းပင်။ ယုတ်စွအဆုံးပြောရလျှင် နံရံ ပေါ်တွင် တပ်ဆင်ထားသော မီးခလုတ်အမှတ်တံဆိပ်တွေမှအစပင် ဖြစ်သည်။ စိတ်ထဲမှာပင် ကိုယ့်အိမ်ထဲသို့ ကိုယ်ပြန်ဝင်လာရသလို ခံစားရ၏။





ကျွန်တော်က ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း ညှိခန်းကို ကျော် လွန်လာသည်။ ဖေဖေကတော့ အလုပ်သမားတစ်ယောက်အား အိမ်သုတ်ဆေးပုံးအခွံတွေနှင့် သစ်တိုသစ်စအချို့ကို လက်ညှိုးထိုးပြ ကာ . .

“လှညွန့်ရေ . . . အဲဒါတွေကို သိမ်းလိုက်စမ်းပါဦးကွာ။ မနက် ဖြန်ဆို ဒီအိမ်ကို ဝယ်မယ့်လူတွေ လာကြည့်တော့မှာကွ”

“ဟုတ်ကဲ့ . . . ဆရာ၊ ကျွန်တော်လည်း သိမ်းမလို့ပဲ ဘယ်နား မှာ ထားရမှန်းမသိလို့”

“ဟာ . . . မင်းကလည်း . . . လှေကားခြေရင်းက စတိုခန်း ထဲမှာ သိမ်းလိုက်လေကွာ”

ဖေဖေ့စကားကို ကြားရသောအခါ ကျွန်တော် ကြောင်အအ ဖြစ်သွား၏။

ဖေဖေ ဘယ် လှေကားခြေရင်းက စတိုခန်းကို ပြောနေပါ လိမ့် . . .။ ငါတို့အိမ်မှာတော့ အဲဒီနေရာမှာ ဘာအခန်းမှ မရှိပါဘူး . . .။

ကျွန်တော် ဖဝေဖဝါဖြင့် လှေကားခြေရင်းသို့ ကြည့်လိုက် သောအခါ လူတစ်ကိုယ်စာဝင်ပေါက် တံခါးလေးဖြင့် အခန်းတစ်ခန်းကို တွေ့ရလေသည်။

သိလိုစိတ်ကို မအောင့်အီး မချုပ်တည်းနိုင်တော့ဘဲ ကျွန်တော် က ဖေဖေ့ကို အနားသို့သွားကာ မေးလိုက်သည်။

“ဖေဖေ . . . သားတို့အိမ်မှာကျတော့ အဲဒီအခန်း မရှိဘူး နော်။ တခြားဟာတွေကျတော့ အားလုံးတူပြီး ဒီအခန်းကျမှ ဘာလို့ မပါရတာလဲ”

ကျွန်တော်က ဘာရယ်မဟုတ်ဘဲ မေးလိုက်မိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မျက်နှာကတော့ သိသိသာသာ ပျက်သွားသည်။ အသံတွေကပင် ခုနကလို နူးညံ့မှု မရှိတော့ဘဲ ဒေါသသံအချို့ ကပ်ပါလာ၏။

"သွား . . . သွား . . သား။ ကိုယ်နဲ့မဆိုင်တာ ဝင်မမေးနဲ့။ အိမ်ကိုပြန်တော့"

ရုတ်ချည်းဆိုသလို ပြောင်းလဲသွားသော ဖေဖေ့အမူအရာကို ကြည့်ပြီး ကျွန်တော် အံ့အားသင့်သွားသည်။

ဒါလေးမေးတာနဲ့ ဖေဖေ့အမူအရာက ဘာလို့ ပြောင်းသွားရတာလဲ ?

ဒါ . . . စိတ်အနှောင့်အယှက်ဖြစ်စရာ ကိစ္စမှ မဟုတ်တာ . . .။

သို့သော် . . ကျွန်တော် ဘာမှ ဆက်မမေးရဲတော့ပါ။ နားမလည်နိုင်မှုများစွာနှင့်အတူသာ ဖေဖေ့အနားမှ ထွက်ခွာလာခဲ့သည်။

ရင်ထဲတွင်တော့ သိလိုစိတ်က အိမ်ရောက်သည်အထိ ကပ်ငြိတွယ် ပါလာခဲ့၏။ အိမ်ရောက်ရောက်ချင်း လှေကားခြေရင်းသို့ ကြည့်လိုက်သောအခါ ဆေးအဖြူများသုတ်လိမ်းထားသော အုတ်နံရံကိုသာ တွေ့ရသည်။


မည်သည့်စတိုခန်းမှ မရှိပေ။

ကျန်တဲ့ အိမ်တွေအားလုံးရော လှေကားခြေရင်းမှာ စတိုအခန်း ရှိကြရဲ့လား . . .။

❑







"ကဲ . . . ကိုကြီးက စပြီး လိုက်ပေးမယ်နော်၊ ပြီးရင်တော့ အရင်မိတဲ့လူက လိုက်ရမှာ။ အိမ်အပြင်ထွက်ပြီးလည်း မပုန်းကြနဲ့"

ကျွန်တော်က တူတူပုန်းတမ်းကစားရန် စည်းကမ်းချက်များကို အရင်ပြောလိုက်သည်။ ပန်ပန်က ကျွန်တော့်ကိုကြည့်ကာ လျှာထုတ် ပြောင်ပြရင်း . . .

"ကိုကြီးလည်း ခိုးမကြည့်နဲ့နော်"

ဟု ပြောသည်။ နိုနိုကတော့ ကလေးပီပီ မီးဖိုချောင်ထဲသို့ လှမ်းကြည့်ကာ သူပုန်းရမည့်နေရာကို ရှာဖွေနေ၏။

"ကဲ . . . ကဲ . . စပြီနော်။ တစ်ကနေ တစ်ဆယ်အတွင်း ရေပြီးရင် ဖမ်းပြီ . . .။ တစ် . . . နှစ် . . ."

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ညှိခန်းထဲရှိ နံရံကို မျက်နှာအပ်ပြီး အမှတ်စဉ် စတင်ရေတွက်လိုက်သည်။ နားထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ ပြေးတက်သွားသော ခြေသံနှစ်သံနှင့်အတူ မီးဖိုချောင်ထဲမှ ချိုးချိုးချွတ်ချွတ် မြည်သံတစ်ခုကို ကြားနေရသည်။

သိပ်မကြာခင်မှာပင် အသံအားလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။ ကျွန်တော်က နံရံပေါ်သို့အပ်ထားသော မျက်နှာကို ပြန်ခွာကာ ဘေးဘီဝဲယာကို ကြည့်လိုက်သည့်အခါ အားလုံး ရှင်းလင်းတိတ်ဆိတ်နေလေပြီ။

နီနီတစ်ယောက် မီးဖိုချောင်ထဲတွင် ပုန်းနေမှန်းသိသော်လည်း ကျွန်တော်က အဲသည့်ဘက်သို့ ခြေဦးပင်မလှည့်။ အမြဲတမ်း ကျွန်တော်တို့ အကြီးသုံးယောက်က နီနီကို နောက်ဆုံးမှ ဖမ်းလေ့ရှိသောကြောင့် ဖြစ်သည်။

အပေါ်ထပ်သို့ ခြေသံလုံလုံနင်းကာ တက်လာရင်း နေရာအနှံ့သို့ မျက်စိဝေ့ဝဲကြည့်လိုက်၏။ ဝတီနှင့်ပန်ပန်တို့၏ အိပ်ခန်းထဲတွင်တော့ သူမနှစ်ယောက်ထဲမှ တစ်ယောက်ယောက်ရှိမှာ သေချာသလောက်ပင်။

ထိုအတွေးဖြင့် ကျွန်တော်က သူမတို့အိပ်ခန်းရှေ့သို့ ခြေဖျားထောက်ကာ လာလိုက်ပြီး အသံတွေ ဘာတွေ ကြားလိုကြားငြား နားစွင့်ကြည့်လိုက်၏။

ဘာသံမှ မကြားရ။

အားလုံး ငြိမ်ငြိမ်ရှိရှိဖြင့် ပုန်းနေကြသည်။ ကျွန်တော်က ခပ်ဟဟပွင့်နေသော တံခါးကို အသာအယာ တွန်းဖွင့်လိုက်သည်။ နောက် . . .

ခုတင်အောက်၊ စာကြည့်စားပွဲနှင့် နံရံကြား အဝတ်ဗီရိုနောက်နှင့် နေရာအားလုံးကို စေ့စေ့စပ်စပ်ကြည့်သော်လည်း လူရိပ်လူယောင် မတွေ့ရပေ။

ဒီကောင်မလေးတွေ ဘယ်နားမှာ သွားပုန်းနေပါလိမ့် ?





ကျွန်တော်က ခပ်တိုးတိုး ရေရွတ်ညည်းတွားရင်း ထိုအခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

မေမေ့ရဲ့အခန်းထဲမှာ သွားရှာရင် ကောင်းမလားဟု ကျွန်တော် တွေးတောနေစဉ်မှာပင် . . .

"ရှုပ် . . . ရှုပ်"

"ရှုပ် . . . ရှုပ်"

ခြေသံတစ်သံ။

ထိုအသံက ပီပြင်ရှင်းလင်းစွာဖြင့် ကျွန်တော့်အခန်းထဲမှ ထွက်ပေါ်လာသည်။

ဩော် . . . သူတို့က ငါ့အခန်းထဲမှာ ပုန်းနေကြတာကိုး . . .

ကျွန်တော်က စိတ်ထဲမှရေရွတ်ရင်း အိပ်ခန်းတံခါးဆီသို့ ခြေသံဖွဖွနင်းကာ တိုးကပ်သွားလိုက်၏။ ပြီးနောက် အိပ်ခန်းတံခါးကို လက်ဖြင့် အသာအယာတွန်းဖွင့်ရင်း အထဲသို့ ခေါင်းပြူကြည့်လိုက်ရာ အံ့အားသင့်သွားရလေသည်။

အခန်းထဲတွင် မည်သူမှမရှိ။

ခုတင်တစ်လုံးနှင့် ဗီရိုတစ်လုံးသာရှိသော ကျွန်တော့်အိပ်ခန်းမှာ တခြားအခန်းများလို ပုန်းခိုစရာလည်း သိပ်များများစားစား ရှိလှသည် မဟုတ်ပေ။ ထို့ကြောင့် ကျွန်တော်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ရုံဖြင့် မည်သူမှမရှိမှန်း သိရခြင်းဖြစ်သည်။

မဟုတ်သေးဘူး ထင်တယ်။ ခုနက ငါ ခြေသံတွေ ကြားလိုက်ပါတယ်။ အခု ဘယ်လိုဖြစ်လို့ တစ်ယောက်မှ မရှိရတာလဲ . . .။

မတွေးတတ်အောင် ဖြစ်နေသော်လည်း ကျွန်တော်က စိတ်မလျှော့သေးဘဲ အခန်းထဲသို့ဝင်ကာ ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ထူးခြားမလာပါ။ ကျွန်တော့်အိပ်ခန်းတစ်ခုလုံး ရှင်းလင်းတိတ်ဆိတ်နေမြဲ၊ ကြားခဲ့ရသော ခြေသံများမှာလည်း ပဟေဠိပုစ္ဆာတစ်ပုဒ်လို ဖြစ်သွားရလေပြီ။

ကျွန်တော်က သက်ပြင်းကို ရှိုက်လိုက်သည်။

ထိုစဉ် ချိုးချိုးချွတ်ချွတ် မြည်သံတစ်ခုနှင့်အတူ ခပ်ဟဟ ပွင့်နေသော ဗီရိုတံခါးကြားမှတစ်ဆင့် ပုံရိပ်တစ်ခုကို ကျွန်တော် တွေ့လိုက်ရ၏။

လူတစ်ကိုယ်စာ ဝင်ဆံ့နိုင်သော ကျွန်တော့် အဝတ်ဗီရိုထဲတွင် . . .

ခေါင်းကို ငိုက်စိုက်ချကာ ဒူးတုပ်ထိုင်နေသူတစ်ယောက် . . .။ ဆံပင်ရှည်များက မျက်နှာကို ဖုံးအုပ်ကျနေ၍ မည်သူမည်ဝါမှန်း မသဲကွဲပေ။

သို့သော် ကျွန်တော်ကတော့ မည်သူဖြစ်မည်မှန်းကို တစ်အစ်သိလိုက်သည်။

ဩော် . . . ဝတီက ငါ့ဗီရိုထဲမှာ ပုန်းနေတာကိုး . . .။

ကျွန်တော်တို့ မောင်နှမလေးယောက်ထဲတွင် ဒီလောက်ဆံပင်ရှည်နှင့်ဆို၍ သူမတစ်ယောက်သာ ရှိသည်မဟုတ်လား။

ကျွန်တော်က ဗီရိုတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ကာ ဝတီအား အမိဖမ်းရန်ကြံရွယ်ဖို့ ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်မှာပင် ကျွန်တော့်ပခုံးအား တစ်စုံတစ်ယောက်က အနောက်ဘက်မှနေ၍ ဖြုန်းခနဲ လာရောက်ဆုပ်ကိုင်လိုက်လေ၏။

"အ . . ."





ရုတ်တရက်မို့ ကျွန်တော်က လန့်အော်လိုက်မိသည်။ ပြီးမှ အနောက်သို့ ချာခနဲ လှည့်ကြည့်၏။

"ဟင်! "

မြင်တွေ့လိုက်ရသော ပုံရိပ်တစ်ခုကြောင့် ကျွန်တော့် နှလုံးအိမ်တစ်ခုလုံး ဒိန်းခနဲ တုန်ခါသွားလေသည်။

ဝတီ . . .။

သူမက ကျွန်တော့်ကို ပြူးတူးကြောင်တောင်ဖြင့် ကြည့်ရင်း . . .

"ကိုကြီး . . . ဘာဖြစ်နေတာလဲ"

ဟု မေးလေသည်။

ကျွန်တော်က သူမ၏အမေးကို ပြန်မဖြေသေးဘဲ ခေတ္တတွေဝေနေသေးသည်။ ပြီးမှ သတိဝင်လာပြီး . . .

"နင် . . . နင် ငါ့ဗီရိုထဲမှာ ပုန်းနေတာ မဟုတ်ဘူးလား"

"ဟင့်အင်း . . . မဟုတ်ပါဘူး ကိုကြီးရယ်၊ ညီမလေးက မေမေ့အခန်းထဲမှာ ပုန်းနေတာပါ၊ အခုမှ အောက်ထပ်မှာ ရေသန့်ဘူး ဗွီတဲ့သူ ရောက်နေသံကြားလို့ ထွက်လာတာ"

"ဟင်! . . . ဒါဆို"

ကျွန်တော်က တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရသွားမိပြီး အလန့်တကြား ရှေ့ကိုလှည့်လိုက်သည်။ တစ်ပြိုင်တည်းဆိုသလိုလည်း အဝတ်ဗီရိုဆီသို့ မပြေးရုံတစ်မယ်သွားကာ တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်၏။

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားရလေပြီ။

ကိုယ့်မျက်လုံးကိုလည်း ကိုယ် မယုံနိုင်တော့ပေ။

ကျွန်တော့် အဝတ်ဗီရိုထဲတွင် မည်သူမှ ရှိမနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နောက်ဆုံး ဇဝေဇဝါ အတွေးပေါင်းစုံဖြင့် ကြောင်ငေးရပ်နေမိသူက ကျွန်တော် တစ်ယောက်သာလျှင် ဖြစ်ချေတော့၏။

ငါ အမြင်မှားတာလား?

ဟင့်အင်း . . . မဟုတ်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။

ဆံပင်ရှည်ရှည်နဲ့ ခေါင်းကို ငိုက်စိုက်ချပြီး ဒူးတုပ်ထိုင်နေတာကို ငါ့မျက်စိနဲ့ တပ်အပ်မြင်လိုက်ရတာ။


ဒါဆို အဲဒါ ဘယ်သူလဲ ?

အောက်ခြေမရှိသော တွင်းနက်ကြီးတစ်ခုကဲ့သို့ အဖြေမဲ့မေးခွန်းများက ကျွန်တော့်အား နက်မှောင်တိတ်ဆိတ်သွားလေသည်။

❑







ညနေရောက်သည့်အခါ အပျော်ကြီးပျော်သွားရသူက ပန်ပန်ဖြစ်သည်။ မေမေက အိမ်မွေးတိရစ္ဆာန် အရောင်းဆိုင်တစ်ဆိုင်မှ သူမအတွက် အမွေးစုတ်ဖွားနှင့် တယ်ရီယာ ခွေးပေါက်စလေးတစ်ကောင်ကို ဝယ်လာခဲ့သောကြောင့် ဖြစ်၏။

ပန်ပန်မှာ ခွေးလေးတွေ၊ ကြောင်လေးတွေကို ချစ်တတ်သူပီပီ မေမေဝယ်လာသော ခွေးလေးကို လက်ကပင် မချတော့ချေ။ တစ်ချိန်လုံး လက်ထဲတွင် ပွေ့ဖက်ထားရင်း ပျော်ရွှင်ကြည်နူးနေလေ၏။

ကြာတော့ ဝတီက အမြင်ကတ်လာပြီး . . .

''ပန်ပန် . . . အဲဒီလောက်အထိ အကဲပိုမနေစမ်းနဲ့ . . .။

တော်ကြာ ခွေးက နင့်လက်ပူမိပြီး သေသွားဦးမယ်''

ဟု မကျေမနပ်ဖြင့် လှမ်းပြီး ငေါက်ငမ်းလိုက်သည်။

ပန်ပန်က ကျေနပ်ပုံမပေါ်ချေ။ အသံမထွက်သော်လည်း နှုတ်ခမ်းပွစိပွစိဖြင့် ခွေးလေးကို မချချင်ချချင်ဖြင့် အောက်သို့ ချပေးလိုက်သည်။ မျက်နှာကလည်း အလိုမကျ၍ ရှုံ့မဲ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာပေါ်တွင်ထိုင်ကာ အားကစားစာစောင်တစ်ခုကို ဖတ်နေသော ကျွန်တော်က ပန်ပန်ကို လှမ်းကြည့်လိုက်ပြီး . . .

"ဟုတ်တယ်လေ . . . ပန်ပန်ရဲ့။ ခွေးလည်း သူ့သဘာဝ အလျောက် လွတ်လွတ်လပ်လပ် လျှောက်သွားချင်ဦးမှာပေါ့။ ညီမလေးကိုတောင် တစ်ယောက်ယောက်က တစ်ချိန်လုံး ပွေ့ဖက်ချီပိုးထားရင် အနေကျဉ်းကျပ်မှာပဲလေ"

"ဟွန်း . .။ ဒီအစ်ကိုနဲ့ ဒီအစ်မကလည်း မီးကိုပဲ ပိုင်းအပြစ် တင်နေကြတာ . . .။ နာမည် စဉ်းစားပေးဆိုတော့လည်း မစဉ်းစားပေးဘဲနဲ့"

ပန်ပန်၏ ပြစ်တင်ရေရွတ်သံကြောင့် ဝတီက တခစ်ခစ် ရယ်မောလေသည်။ ပြီးမှ ပန်ပန်အား ပြောင်စပ်စပ်မျက်နှာလေးမျိုး လုပ်ပြရင်း သူမက . . .

"ဩော် . . . ဒါများ ပန်ပန်ရယ် . . . ညည်းက ပန်ပန်ဆိုတော့ ခွေးရဲ့နာမည်ကို ဒန်ဒန်လို့ ပေးလိုက်ပေါ့ . . . ခစ် . . . ခစ် . . . ခစ်"

ထိုစကားကြောင့် ကျွန်တော်ပင် ရယ်ချင်စိတ်ပေါက်သွားမိသည်။ သို့သော် ပန်ပန်ကတော့ ဝတီ အတည်ပြောနေသည်ထင်ပြီး အားရဝမ်းသာဖြင့် . .

"ဟုတ်တယ် . . . ဟုတ်တယ်။ မမပြောတဲ့အတိုင်း သူ့ကို ဒန်ဒန်လို့ ခေါ်ရမယ်"

ဟုပြောရင်း သူမ၏ အချစ်တော်ခွေးလေးကို မျက်စိဝေ့ဝဲကာ ရှာဖွေလိုက်သည်။ နှုတ်မှလည်း . . .

"ဒန်ဒန်ရေ . . . ဒန်ဒန်ရေ"





ဟု ခေါ်လျက်။

ကျွန်တော်နှင့် ဝတီကတော့ ပန်ပန်ကိုကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်မောလိုက်ကြသည်။ အခုမှပင် ကျွန်တော့်ညီမ ပန်ပန်မှာ ဒီလောက်ရယ်စရာကောင်းမှန်း သိခဲ့ရ၏။

ပန်ပန်ကမူ ကျွန်တော်နှင့် ဝတီကို အရေးပင်မစိုက်ချေ။

လှေကားခြေရင်းဘေးရှိ နံရံကို ရှေ့ခြေထောက်နှစ်ချောင်းဖြင့် ကုတ်ခြစ်ကာ တဝုတ်ဝုတ်ဟောင်နေသော ခွေးလေးဆီသာသွားပြီး ပွေ့ချီလိုက်လေသည်။

သို့သော် ခွေးလေးမှာ ပန်ပန်၏ ချီပွေ့မှုကို ခံရသော်လည်း သူ ကုတ်ခြစ်ခဲ့သော နံရံကိုသာ ကြည့်ပြီး တဝုတ်ဝုတ်ဟောင်နေဆဲ။

ပန်ပန်က . . .

"ဒန်ဒန်ရယ် . . . အဲဒီနံရံက မင်းကို ဘာမှ အန္တရာယ်မပေးပါဘူး . . .။ မဟောင်တော့နဲ့နော် . . . လာ . . . လာ"

ဟု ခေါင်းပေါ်မှ အမွေးဖြူဖွားလေးများကို ပွတ်သပ်ရင်း ချော့မြှူနေသည်။ ထိုစဉ်မှာပင် မေမေ၏ 'ညစာစားကြမယ်' ဟူသော အသံကြောင့် ကျွန်တော်တို့အားလုံး မီးဖိုချောင်ထဲသို့ လှမ်းလာလိုက်ကြ၏။

❑



www.burmeseclassic.com



ည ဆယ့်နှစ်နာရီခွဲ ...

ကျွန်တော်က မျက်လုံးကြောင်နေသဖြင့် အိပ်မပျော်နိုင်သေးဘဲ အခန်းထဲတွင် စာအုပ်ဖတ်နေခဲ့သည်။

ထိုအချိန်မှာပင် အိမ်ရှေ့မှ ကားစက်သံနှင့်အတူ အိမ်ရှေ့တံခါး ဖွင့်ပေးရန် အောက်ထပ်သို့ ဆင်းသွားသော မေမေ့ခြေသံကို ကြားလိုက်ရ၏။

ဖေဖေတောင် ပြန်လာပြီပဲ ...။

ကျွန်တော်က ဖတ်လက်စစာအုပ်ကို ပိတ်ရင်း တစ်ယောက်တည်း တီးတိုးရေရွတ်လိုက်သည်။ စိတ်ထဲမှလည်း အောက်ထပ်သို့ ဆင်းကာ ဖေဖေ့အား သွားကြိုဖို့ ကြံရွယ်လိုက်မိသေး၏။ ပြီးမှ စိတ်ကူး ပြောင်းသွားပြီး အိပ်ရာပေါ်တွင်သာ ဆက်လှဲနေလိုက်သည်။

ငါ အောက်ဆင်းသွားတော့ရော ဖေဖေက ဘာပြောမှာမို့လို့လဲ။ တစ်နေကုန် ပင်ပန်းထားလို့ သူ့ဘာသာသူ အိပ်ရာထဲ တန်းဝင်ပြီး အနားယူချင် ယူနေမှာ ...။





ထိုအတွေးဖြင့် ကျွန်တော်က စာအုပ်ကို ဆက်ဖတ်နေလိုက်သည်။ သို့သော် ... စာမျက်နှာတစ်မျက်နှာပင် ပြီးအောင် မဖတ်လိုက်ရ။ အလန့်တကြားဖြင့် ကျွန်တော်က အိပ်ရာပေါ်မှ ဝေါက်ခနဲ ထထိုင်လိုက်သည်။

အောက်ထပ်မှ ဝုန်းဒိုင်းကြဲ ဆူညံသံများနှင့်အတူ ဒေါသတကြီး ဆူပူကြိမ်းမောင်းနေသော ဖေဖေ့အသံကို ကြားလိုက်ရသောကြောင့် ဖြစ်၏။

ဟင်! ... ဘာဖြစ်တာလဲ?

ကျွန်တော်က စိုးရိမ်ပူပန်စွာဖြင့် အခန်းထဲမှထွက်ကာ အောက်ထပ်သို့ ဒရောသောပါး ပြေးဆင်းလာလိုက်ရာ ဒေါသတကြီး အော်ဟစ်နေသော ဖေဖေနှင့်အတူ တရှုပ်ရှုပ်ငိုကြွေးနေသော မေမေ့ကို တွေ့လိုက်ရသည်။

''တောက်! ... အဲဒီခွေးက ဘယ်ကခွေးလဲ။ ဒီအိမ်ထဲကနေ မောင်းထုတ်ပစ်လိုက်စမ်း''

''ရှင်ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသထွက်နေရတာလဲ ... အဟင့် ... ဟင့် အဲဒါ ရှင့်သမီးအငယ်လေး ပူဆာလွန်းလို့ ဝယ်ပေးရတဲ့ ခွေးလေးလေ ...။ သူ့ဘာသာသူ လှေကားခြေရင်းက နံရံကို ကုတ်ခြစ်ပြီး ဟောင်နေတာနဲ့ ကျွန်မတို့က ဒီခွေးကို တခြားလူဆီ ပေးရတော့မှာလား ...''

''တောက် ... ဒါ ရိုးရိုးခွေး မဟုတ်ဘူးကွ.. ဖြူဟ်ခွေးမယ့်ခွေး၊ ကြိုလ်ကောင်ခွေးကွ သိရဲ့လား ... ကဲ ... ကွာ..''

ကျွန်တော်က အော်ဟစ်တားဆီးရန် ကြိုးစားလိုက်သော်လည်း အချိန်မမီတော့ပေ။ အကြီးအကျယ် ဒေါသထွက်နေသော ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



က ပြောပြောဆိုဆိုဖြင့် အမြီးကုပ်ကာ နံရံထောင့်တွင် ဝပ်နေသော ခွေးလေး ဒန်ဒန့်ကို ခြေထောက်ဖြင့် ခတ်ထုတ်ကန်ကျောက်ပစ်လိုက်လေသည်။

မေမေက မကြည့်ရက်တော့သည့်ပုံဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်ရင်း . . .

"တော်ပါတော့ . . . ကိုစည်သူရယ် . . . ဟင့် . . . အဟင့်"

ကျွန်တော်ကတော့ တစ်ပေကျော်ကျော်လောက် လွင့်ထွက်သွားသော ခွေးလေးဒန်ဒန်ကို ပြေးကောက် ပွေ့ချီလိုက်သည်။

စိတ်ထဲတွင်လည်း ဖေဖေ့ကို ဘယ်လိုမှ နားမလည်နိုင်တော့ပေ။ မဆီမဆိုင်ပင် ဒါ ငါ့အဖေမှ ဟုတ်ရဲ့လားဆိုသည့်အတွေးက ခေါင်းထဲသို့ ဝင်လာသေး၏။

ခွေးလေးဒန်ဒန်မှာ ကျွန်တော့်လက်ထဲတွင် တအီအီပါလာသည်။ အဖြူရောင်အမွေးဖွားဖွားဖြင့် ဖုံးအုပ်ထားသော ခန္ဓာကိုယ်ကပင် ကြောက်ရွံ့မှုဖြင့် တဆတ်ဆတ်တုန်ယင်နေရှာသည်။

ဖေဖေကတော့ ဒေါသချောင်းချောင်းထွက်နေသော မျက်လုံးများဖြင့် ကျွန်တော့်လက်ထဲမှ ခွေးလေးဒန်ဒန်ကို စိုက်ကြည့်နေလျက်။

ဖေဖေနှင့် ကျွန်တော်မှာ လေး၊ ငါးပေလောက်ခြားပြီး ရပ်နေသော်လည်း အရက်အနံ့အငွေ့တို့ကိုတော့ အသက်ရှူရပ်မတတ် ရှူရှိုက်နေရသည်။

ဖေဖေရယ် . . . ဘာလို့များ အရက်သောက်ပြီး မိသားစုကို ပြဿနာရှာနေရတာလဲ . . .။ ကြားထဲက ဘာမဆိုင် ညာမဆိုင်နဲ့ အသိဉာဏ်မရှိတဲ့ ခွေးကပါ နံရံကို ကုတ်ခြစ်ပြီး ဟောင်မိတာနဲ့ အကန်ခံရပြီ . . .။





ကျွန်တော်က စိတ်မကောင်းကြီးစွာနှင့်ပင် ခွေးလေးဒန်ဒန်ကို ပွေ့ချီကာ အပေါ်ထပ်သို့ ခေါ်လာခဲ့သည်။

အောက်ထပ်တွင်တော့ ဖေဖေနှင့် မေမေတို့၏ စကားများရန်ဖြစ်နေသံများက ဆူညံနေဆဲ။

အဲ့သည့်ညတစ်ညလုံး ကျွန်တော့်မှာ တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားသော ဖေဖေ့အကြောင်းကိုသာ စဉ်းစားတွေးတောနေခဲ့မိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

နောက်တစ်ပတ် တနင်္ဂနွေနေ့။

ဒီနေ့က ရုံးပိတ်ရက်ဖြစ်သော်လည်း ဖေဖေ့မှာ မအားနိုင်ပေ။ မော်ဘီတွင်နေထိုင်သော ဖခင်ဖြစ်သူ အပြင်းဖျားသဖြင့် ဖေဖေက မေမေနှင့်အတူ အိမ်မှ ထွက်သွားလေသည်။

ဖေဖေ့ အဖေဖြစ်သူ ကျွန်တော့်အဘိုးမှာ ငွေကြေးပြည့်စုံ ချမ်းသာသော်လည်း ရန်ကုန်လို မြို့ကြီးပြကြီးတွင် လာရောက်နေထိုင်ခြင်း မရှိပါ။ ဆွေမျိုးမိတ်သင်္ဂဟများ ပေါများသော မော်ဘီမြို့တွင်သာ နေထိုင်ရင်း ဘဝလက်ကျန်အချိန်များကို အေးအေးချမ်းချမ်းဖြင့် ကုန်လွန်နေခြင်းဖြစ်သည်။





တစ်ဦးတည်းသောသားဖြစ်သူ ဖေဖေကတော့ သူ၏ ဖခင်ဖြစ်သူကို ဆေးရုံဆေးခန်း ကောင်းကောင်းမွန်မွန်ရှိသော ဒီရန်ကုန်တွင်သာ နေစေလို၏။

သို့သော် ဖေဖေ ဘယ်လိုပြောပြော အဘိုးက လက်မခံချေ။ ထို့ကြောင့်သာ အဘိုးတစ်ခုခုဖြစ်တိုင်း ဖေဖေမှာ မျက်ကလူးဆန်ပျာဖြင့် မော်ဘီသို့ ဒုန်းစိုင်းသွားသွားနေရသည်။

ကျွန်တော်က မေမေမှာခဲ့သည့်အတိုင်း ခြံတံခါးသော့ကို ခတ်ကာ အိမ်ထဲသို့ ပြန်ဝင်လာခဲ့၏။

အိမ်ထဲတွင်တော့ ပန်ပန်နှင့် နီနီက ခွေးလေး ဒန်ဒန်ကို အပြိုင်အဆိုင် ချော့မြှူနေကြသည်။ ခွေးလေးဒန်ဒန်မှာလည်း ဖေဖေမရှိတော့ မှပင် ပျော်ရွှင်မြူးထူးစွာဖြင့် ပြေးလွှားဆော့ကစားနေနိုင်တော့၏။

ဖေဖေရှိလျှင်တော့ သူ့ခမျာ ဘယ်သူခေါ်ခေါ်မရဘဲ ထောင့်တစ်ထောင့်တွင်သာ အမြီးကုပ်နေလေ့ရှိသည် မဟုတ်ပါလား . . .။

နီနီက အနီရောင် လေမှုတ်ဘောလုံးလေးဖြင့် ခွေးလေးဒန်ဒန် ဇာခေါင်းကို ပစ်ပေါက်လိုက်ရာ ပန်ပန်တစ်ယောက် မခံမရပ်နိုင်လောက်အောင်အထိ ဖြစ်သွားသည်။

"နီနီ . . . နင် ငါ့ခွေးကို အဲဒီလို ကြမ်းကြမ်းတမ်းတမ်း မလုပ်နဲ့၊ ငါ မကြိုက်ဘူး . ."

"ဒီလောက်လုပ်တာ ဘာဖြစ်မှာမို့လို့လဲ မမငယ်လေးရာ။ ဒန်ဒန်က ခေါင်းတိုက်တာ ဘောလုံးသမားတွေထက်တောင် ကောင်းပါသေးတယ် . . .။ ဟောဒီမှာကြည့် နောက်ထပ် တစ်လုံး . . ."



www.burmeseclassic.com

www.burmeseclassic.com



နီနီက ပြောပြောဆိုဆိုဖြင့် ကြမ်းပြင်ပေါ်မှ ဘောလုံးကို ကောက်ကာ နောက်တစ်ကြိမ် ခွေးလေး ဒန်ဒန် ခေါင်းဆီသို့ ချိန်ရွယ်ကာ ပစ်ပေါက်လိုက်ပြန်သည်။

ပြဿနာက အဲဒီမှာ စတက်တော့လေ၏။

ပန်ပန်က ပြောလေဆိုးလေဖြစ်နေသော နီနီကို သည်းမခံနိုင်တော့ပေ။ နီးရာ စာအုပ်တစ်အုပ်ကို လှမ်းဆွဲယူလိုက်ပြီး ...

"ကဲဟာ !"

"ဒုတ်!"

"အား ... ဟီး ... ဟီး .."

ချက်ချင်းဆိုသလို နီနီ၏ နာကျင်စူးဝါးစွာ အော်ငိုသံက ဆူညံသွား၏။ ကျွန်တော့်မှာလည်း ခေါင်းကို လက်ဖြင့်ပွတ်ကာ ငိုယိုဟစ်ကြွေးနေသူ နီနီကို ကြည့်ပြီး စိုးရိမ်သွားမိ၍ အနားသို့ ကပျာကယာပြေးသွားရင်း ...

"နီနီ ... နီနီ ... ဘာဖြစ်သွားလဲ"

ဟု မေးလိုက်သည်။ ထို့နောက် ခေါင်းများ ပေါက်သွားပြီလားဆိုသည့် အတွေးဖြင့် နီနီပွတ်သပ်နေသည့် နေရာအား အလျင်အမြန်ကြည့်လိုက်၏။

တော်သေးသည်။ အနည်းငယ် နီရဲသွားသည်မှအပ ပေါက်ပြဲသွားခြင်းမျိုး မရှိချေ။ ကျွန်တော်က စိတ်တိုတိုဖြင့် ပန်ပန်ကို ချာခနဲ လှည့်ကြည့်လိုက်ပြီး ...

"ပန်ပန်း.. နင် ... ကိုယ့်မောင်လေးကို ဘာလို့ ဒီလို လက်ရဲဇက်ရဲ လုပ်ရတာလဲ။ လာစမ်း ... ဒီနားကို .."

ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသော ပန်ပန်မှာ ကျွန်တော့်၏





ဆူပူကြိမ်းမောင်းသံကို ကြားလိုက်ရသည်နှင့် မျက်နှာငယ်လေး ဖြစ်သွားကာ ...

"အဟင့် ... ဟင့် ... ဟီး ... ဟီး ..."

ဆိုသည့် အသံနှင့်အတူ တက်မတတ် ချက်မတတ် ငိုကြွေးလေ၏။

သွားပြီ၊ ရမလားလို့ မာန်မဲလိုက်ကာမှ အခြေအနေမှာ ပိုဆိုးသွားလေပြီ။

ပန်ပန်နှင့် နီနီတို့၏ ငိုသံများက တစ်အိမ်လုံး ဟိန်းထွက်ကျယ်လောင်သွားသည်။ ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ ဆိုသည့် အသံနှင့်အတူ အပေါ်ထပ်မှ ဝတီက ပြေးဆင်းလာသည့်အခါကျမှ ကျွန်တော် နည်းနည်းအသက်ရှူချောင်သွား၏။

နောက်ဆုံးတော့ ကျွန်တော်နှင့် ဝတီက ပန်ပန်နှင့် နီနီအား ဖျာလိပ် နတ်မေးတမ်းကစားမည်ဟု ချော့မော့ပြောဆိုကာ အပေါ်ထပ်သို့ ခေါ်လာခဲ့ရသည်။

ဒါတောင် ဒီ ငတီနဲ့ ငတီမလေးက သိပ်ကျေနပ်ချင်ပုံ မပေါ်ကြသေး။ မျက်နှာများက ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်နေကြသေးသည်။

ဝတီက သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်း ...

"ကြို့ပြောထားမယ်နော်၊ ပြီးမှ ကြောက်တယ် ကြောက်တယ် ဆိုပြီး အော်မငိုကြနဲ့။ ဖျာလိပ်နတ်က ဒီအိမ်မှာ သရဲရှိတယ် ဆိုရင် ဖျာလိပ်ကို သွက်သွက်ခါအောင် ယမ်းပြမှာ ...။ အဲဒါ ကြည့်ရဲကြတယ် မဟုတ်လား ..."

"အင်း ... ကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုသည်မှာ အသစ်အဆန်းဆိုလျှင် ဘာပဲလုပ်ပြ လုပ်ပြ ကြည့်ချင်တတ်ကြသည် မဟုတ်လား။ ပြီးမှသာ ကြောက်စရာရှိလျှင် ကြောက်လိုက်ကြပြီး ရယ်စရာရှိလျှင် ရယ်လိုက်ကြတတ်သည်ပဲလေ။

အခုလည်း ပန်ပန်နှင့် နိုနိုက ဖျာလိပ်နတ် မေးမည်ဆို၍ မျက်နှာများမှာ ပြုံးရွှင်သွားကြသည်။

ကျွန်တော့်အခန်းထဲသို့ ရောက်သည့်အခါတွင်တော့ ဝတီက ခုတင်ပေါ်မှ ဖျာလိပ်ကို ဆွဲယူလိုက်ပြီး . .

"ကဲ . . . ကိုကြီးက ဖျာလိပ်ထဲဝင်ပြီး ဖျာလိပ်နတ်လုပ်။ ညီမလေးက အပြင်ကနေ သရဲ ရှိ၊ မရှိ မေးပေးမယ်"

"အိုကေ . . . နင်တို့သာ သရဲရှိလို့ ဖျာလိပ်လှုပ်ပြရင် ကြောက်မသွားကြနဲ့နော်"

ကျွန်တော်က အတည်ပေါက်နှင့် အားလုံးကို မျက်စိဝေ့ကြည့်ရင်း ပြောလိုက်သည်။ ဝတီကတော့ ကျွန်တော့်အထာကို နပ်နေသည့် အမူအရာဖြင့် မျက်စိတစ်ဖက် မှိတ်ပြ၏။

ထို့နောက် ကျွန်တော်က ကြမ်းပြင်ပေါ်တွင် ဒူးတုပ်ထိုင်ချလိုက်ရာ ဝတီက ဖျာလိပ်ဖြင့် ကျွန်တော့် ခန္ဓာကိုယ်အား ပတ်လိုက်သည်။ ပြီးစီးသွားသည့်အခါတွင်တော့ ဝတီက စောင်ဖြင့် ဖျာလိပ်ပေါ်သို့ အုပ်မိုးချလိုက်ရင်း . . .

"ကဲ . . . ကြည့်ကြနော် . .။ အခုအချိန်ကစပြီး ဖျာလိပ်နတ်ပင့်ပြီ"

ဟု ရေရွတ်လိုက်သည်။

ကျွန်တော့်မှာတော့ အနေခက်သော ခံစားမှုနှင့်အတူ မွန်းကျပ် အိုက်စပ်သည့် ဝေဒနာကို ခံစားနေရသည်။ စိတ်ထဲမှလည်း 'ဝတီ ဖျာလိပ်နတ်ကို မြန်မြန်ပင့်ပါတော့' ဟု ဆုတောင်းနေမိသည်။

ဒါမှ ဝတီ ဖျာလိပ်နတ်ပင့်သံကို ကြားရပြီး သိပ်မကြာခင်မှာ ကျွန်တော် ဖျာလိပ်ကို လှုပ်ပြ၍ ရမည်မဟုတ်လား . .။

နိုနိုနှင့် ပန်ပန်တို့နှစ်ယောက် စိတ်ကျေနပ်သွားလောက်ရင်တော့ ကျွန်တော် ဖျာလိပ်ထဲမှ ထွက်ခွင့်ရပေလိမ့်မည်။

ထိုစဉ်မှာပင် ဝတီအသံက ထွက်ပေါ်လာသည်။

"ဒီအိမ်မှာ သရဲအမှန်တကယ် ရှိတယ်ဆိုရင် ဖျာလိပ်နတ်ကြီး ရယ် ဖျာလိပ်ကို လှုပ်ပြပေးပါ"

ကျွန်တော်က ရယ်ချင်စိတ်ကို မျိုသိပ်ရင်း မလှုပ်မယှက် အသက်အောင့်နေလိုက်သည်။ အတန်ကြာမှ ခန္ဓာကိုယ်ကို ဟိုဖက်ဒီဖက် တိမ်းကာ ဖျာလိပ်ကို ဖြည်းဖြည်းချင်း စတင်လှုပ်လိုက်၏။

"ဟာ . . . ဖျာလိပ်လှုပ်လာပြီ"

"ဟင် . . . ဟုတ်တယ် . . . ဟုတ်တယ် . ."

ပန်ပန်နှင့် နိုနိုတို့၏ အံ့သြတကြီးရေရွတ်သံကို ကျွန်တော်က ဖျာလိပ်ထဲမှ အတိုင်းသား ကြားနေရသည်။ ထို့ကြောင့် ကျွန်တော်က ဖျာလိပ်ကို ပိုမိုယိမ်းခါအောင် လှုပ်ယမ်းလိုက်၏။

"ကိုကြီးတော့ အထဲမှာ ခေါင်းမူးနေတော့မယ်ဟော့ . ."

"မူးပစေ . . . အဲဒါမှ ကောင်းတယ်"

ပန်ပန်၏ မေတ္တာပို့စကားသံကြောင့် ကျွန်တော် အနည်းငယ် စိတ်အချဉ်ပေါက်သွားမိသည်။

ဟွန်း . . သူတို့ ပျော်အောင်လည်း လုပ်ပြရသေးတယ်၊ ငါ့ကို များ ခေါင်းမူးရင် မူးပါစေတဲ့ . . .။ တော်တော် ချစ်ဖို့ကောင်းတဲ့ ညီနဲ့ ညီမပဲ။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မိနစ်အနည်းငယ် ကြာသည်အထိ လှုပ်ယမ်းလိုက်ပြီးနောက် ဖျာလိပ်အပြင်သို့ထွက်ရန် ရုပ်လိုက်သည်။ တစ်ကိုယ်လုံးလည်း ချွေးတွေ ရွှဲနစ်နေပြီး အသက်ရှူကျပ်လာ သောကြောင့်ဖြစ်၏။

"ဟင် !"

တစ်စုံတစ်ရာကို သတိပြုမိလိုက်၍ ကျွန်တော် အံ့ဩထိတ်လန့်သွားမိသည်။ ရင်ထဲတွင်လည်း နှလုံးသားတစ်ခုလုံး ဆွဲဆုတ်ဖျစ်ညှစ်ခံလိုက်ရသလို ခံစားလိုက်ရသည်။

ကျွန်တော် ငြိမ်ငြိမ်သက်သက် နေနေသော်လည်း ဖျာလိပ်ကားရှေ့နောက် ဘေးဘယ်ညာသို့ အရှိန်ပြင်းပြင်း လှုပ်ယမ်းနေလေပြီ။ ဘယ်လိုမှ ရပ်တန့်၍မရတော့။

ဒါ . . . ဒါ . . ဘယ်လိုဖြစ်တာလဲ ?

လုပ်ကြပါဦး . . .

ရုတ်ချည်းဆိုသလို အခြေအနေမှန်ကို သိသွားပြီး ကျွန်တော်က ကြောက်ရွံ့တုန်လှုပ်စွာဖြင့် အော်ဟစ်လိုက်သည်။ ရင်တစ်ခုလုံးလည်း ပွင့်ထွက်တော့မတတ် ဒုန်းခနဲ ဒုန်းခနဲ ခေါင့်ခုန်တက်လာ၏။

အသက်ကိုလည်း ကောင်းကောင်းရှူ၍ မရတော့။ သံမဏိကြိုး အထပ်ထပ်ဖြင့် ချည်နှောင်ရစ်ပတ်နေသလို ဖျာလိပ်မှာ ကျွန်တော့်ခန္ဓာကိုယ်အား တင်းကျပ်စွာ ချုပ်နှောင်ထားလေပြီ။

သို့သော် . . . အပြင်ဘက်တွင်တော့ ဝတီ၊ ပန်ပန်နှင့် နီနီတို့၏ ရယ်သံများက တသောသော တညံညံ လွှင့်ပျံ့နေသည်။

"မိုက်တယ်ဟေ့ . . . မရပ်နဲ့ . . . မရပ်နဲ့"

"ကိုကြီးရေ . . . ကျွမ်းပါထိုးပြပါဦး . . ခစ် . . ခစ် . . ခစ်"





"အမယ်လေး . . . ရယ်ရလွန်းလို့ ဗိုက်တွေတောင် နာလာပြီ . . . ကိုကြီးရေ"

ကျွန်တော် ဘယ်လိုပင် အော်ဟစ်အကူအညီ တောင်းနေစေကာမူ ဝတီတို့ကတော့ ရယ်မောပျော်ရွှင်နေကြဆဲ။

ကျွန်တော့်မှာသာ ဖျာလိပ်ထဲတွင် အသက်ဝိညာဉ် လွင့်စင်သွားတော့မတတ် ကြောက်ရွံ့တုန်လှုပ်နေရသည်။

ရပ်ပါတော့ . . . ရပ်ပါတော့ . . . ။

ကျွန်တော် သေတော့မယ်။

မည်သူ့ကို တိုင်တည်နေမှန်း ကျွန်တော်ကိုယ်တိုင် မသိပါ။ သို့သော် သွေးရူးသွေးတန်းဖြင့် ကျွန်တော် အော်ဟစ်နေမိသည်။

နားထဲတွင် တဝူဝူမြည်နေသံများ . . . ၊ ရှူးရှူးရှဲရှဲဖြစ်နေသော ကျွန်တော့် အသက်ရှူသံများ . . . ၊ ဝတီတို့၏ ရယ်မောနေသံများကို ရောနှောကြားနေရသည်။

မျက်လုံးတွေ ပြာလာပြီ။ ခေါင်းတွေ ရိပ်ခနဲ ရိပ်ခနဲ မူးလာ၏။ နှလုံးအိမ်တစ်ခုလုံး ထိတ်လန့်သွေးပျက်ဖွယ် အဖြစ်အပျက်ကြောင့် တဒုန်းဒုန်း၊ တဝုန်းဝုန်း တုန်ခါနေသည်။

မဖြစ်ဘူး . . . မဖြစ်ဘူး . . . ။ ဒီအတိုင်း အသေခံလို့ မဖြစ်ဘူး . . ။

ကျွန်တော်က သိစိတ်ကို လွတ်မထွက်သွားအောင် ထိန်းချုပ်လိုက်ပြီး ရှိသမျှအားကုန်သုံးကာ ဖျာလိပ်ထဲမှ ဝုန်းခနဲ ရုန်းထွက်လိုက်သည်။

"ဘုန်း !"

ဖျာလိပ်မှာ ကြမ်းပြင်ပေါ်သို့ အရှိန်ပြင်းပြင်း လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ခန္ဓာကိုယ်မှာလည်း ကြမ်းပြင်နှင့် ထိမိလိုက်သောကြောင့် နာကျင်သွားသည်မှာ ဆိုဖွယ်ရာမရှိ။

ကျွန်တော် ဘာကိုမှ သတိမပြုနိုင်အားတော့ပေ။ ကြောက်လန့်တကြားဖြင့် ခန္ဓာကိုယ်ကို လူးလိမ့်ကာ ဖျာလိပ်ထဲမှ အပြင်သို့ ထွက်လိုက်သည်။

"ဟူး . . . ဟောဟဲ . . . ဟောဟဲ"

အေးမြလတ်ဆတ်သော လေထုနှင့်အတူ လွတ်လပ်ပေါ့ပါးသွားသော ခံစားမှုက ကျွန်တော့်ကို စိတ်သက်သာရာ ရသွားစေသည်။ သို့သော် . . . ထိတ်လန့်ချောက်ချားဖွယ် အဖြစ်များကတော့ ကျွန်တော့် တစ်ကိုယ်လုံးကို လွှမ်းမိုးချုပ်ကိုင်ထားဆဲ။

ထို့ကြောင့်ပင် ကျွန်တော်က စကားတစ်ခွန်းမှ မပြောနိုင်တော့ဘဲ အံ့သြတုန်လှုပ်မှုများဖြင့်သာ မှင်တက်ရပ်နေမိတော့သည်။

ဝတီ၊ ပန်ပန်နှင့် နီနီတို့ကတော့ ဘာကိုမှ ရိပ်စားမိကြခြင်းမရှိဘဲ ကျွန်တော့်ကိုကြည့်ကာ သဘောကျစွာဖြင့် ရယ်မောနေကြသည်။

ကျွန်တော့်မှာတော့ တစ်စုံတစ်ရာကို ရှင်းလင်းသေချာစွာ သိမြင်လိုက်ရသောကြောင့် ရင်တစ်ခုလုံး ပူလောင်ဆူပွက်နေလေပြီ။

❑







"ဖေဖေရော . . . မေမေ"

ဆီးကြိုကာမေးလိုက်သော ဝတီ့၏ အမေးကြောင့် မေမေ မျက်နှာမှာ ညှိုးငယ်ရီဝေသွားသည်။

"သူ့ရုံးမှာ ဆင်းနေခဲ့တယ်လေ . . . ထုံးစံအတိုင်း ဒီနေ့လည်း သောက်လာမယ် ထင်တယ်"

မေမေက စိတ်ပျက်လက်ပျက်အသံဖြင့် ပြန်ဖြေရင်း အဝတ်အစားလဲရန် အပေါ်ထပ်သို့ တက်သွား၏။ ပြီးမှ ပြန်ဆင်းလာပြီး . . . ကျွန်တော့်ကို ကြည့်ကာ . . .

"ပန်ပန်ရောသား . . ."

"ခုနတုန်းကတော့ ဒန်ဒန်ကိုခေါ်ပြီး အပေါ်တက်သွားတာပဲ သူ့အခန်းထဲမှာရှိမှာပေါ့ . . . မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အခွေကြည့်ရန် DVD စက်ကို ဖွင့်နေရာမှ ပြန်ဖြေလိုက်သည်။ နောက် ... ကျွန်တော်ကပင် ...

"ဒါနဲ့ ... အဘိုးက ဘာဖြစ်တာလဲ မေမေ၊ စိုးရိမ်ရလား ..."

ဟု မေးလိုက်သည်။

မေမေက သက်ပြင်းရှည်ကြီးကိုချရင်း လေးလေးလံလံအသံဖြင့် ...

"လူကြီးရောဂါပေါ့ သားရယ်။ အသက်ကြီးပြီဆိုတော့ ဘာရောဂါပဲဖြစ်ဖြစ် စိုးရိမ်ရတာပဲလေ ...။ ပြီးတော့ သားအဘိုးကလည်း ဆေးရုံမတက်ချင်ဘူးပဲ ငြင်းနေတယ်"

"ဟွန်း ... အဘိုးကလည်း ဒီလောက်ဖြစ်နေတာကို"

ဝတီက အလိုမကျသံဖြင့် ဝင်ပြောသည်။ မေမေကတော့ ဘာမှ ဆက်မပြောတော့ပေ။ ရေခဲသေတ္တာထဲမှ ရေဘူးကိုထုတ်ကာ သောက်နေ၏။

နိုနိုက ကျွန်တော့် လက်အောက်မှတိုးဝင်ကာ ကာတွန်းကား တစ်ခွေကို ဆွဲယူနေစဉ်မှာပင် ...

"ဝုတ် ... ဝုတ် ... ဝုတ် ..."

"ဒုန်း ... ဒုန်း ... ဒုန်း ..."

အပေါ်ထပ်မှ ခွေးလေး ဒန်ဒန်၏ ဟောင်သံနှင့်အတူ တဒုန်းဒုန်း ပြေးဆင်းလာသော ခြေသံကို ကြားလိုက်ရသည်။

မောပန်းနေသည့်ကြားထဲ ထိုဆူညံသံများကိုပါ ကြားလိုက်ရသောကြောင့် မေမေက စိတ်ရှုပ်ထွေးသွားပုံရသည်။





"ပန်ပန် ဘာဖြစ်လို့ ဒီလောက် ဝုန်းဒိုင်းကြဲပြီး ဆော့နေရတာလဲ။ အရိုက်ခံချင်လို့လား ..."

မေမေ၏ အောက်ထပ်မှ မာန်မဲကြိမ်းမောင်းသံကြောင့် သိပ်မကြာခင်မှာပင် ပန်ပန်က မျက်နှာငယ်လေးဖြင့် ဆင်းလာသည်။ ရင်ခွင်ထဲတွင်လည်း သူမ၏အချစ်တော် ခွေးလေးဒန်ဒန်ကို ပွေ့ဖက်ထားလျက်။

ပန်ပန်က လှေကားထစ်များအတိုင်း ဆင်းလာရာမှ ...

"သမီး မဆော့ဘူး ... အိပ်နေတာ မေမေရဲ့။ ဒန်ဒန် ဟောင်မှ နိုးလာတာ"

"ပန်ပန် ... မေမေ လိမ်တာ၊ ညာတာ မကြိုက်ဘူးနော်။ ခုနက အပေါ်ထပ်ကနေ တဒုန်းဒုန်းမြည်နေတာ ဒီအောက်ထပ်ကနေ အတိုင်းသားကြားနေရတာပဲ"

မေမေ့စကားကို ကြားသောအခါ ပန်ပန်က နားဝေတိမ်တောင်ဖြင့် အားလုံးကို လိုက်ကြည့်လိုက်သည်။

ကျွန်တော်ပင် အရိုက်ခံ၊ အဆူခံရမှာစိုး၍ ပန်ပန် လိမ်ညာ ဟန်ဆောင်နေတာလားဟု ထင်မိလိုက်သေး၏။ သို့သော် မဟုတ်ပါ။

ပန်ပန်က ချီပွေ့ထားသော ခွေးလေး ဒန်ဒန်ကို အောက်သို့ ချပေးလိုက်ပြီး ...

"အဲဒီ တဒုန်းဒုန်းမြည်တာ မေမေ့ခြေသံ မဟုတ်ဘူးလား ..။ ဒန်ဒန် ဟောင်တဲ့အသံကြားလို့ သမီးနိုးလာပြီး ခေါင်းထောင်ကြည့်လိုက်တော့ သမီးအခန်းထဲကနေ ဆံပင်ရှည်ရှည်နဲ့ မိန်းမတစ်ယောက် ထွက်သွားတာပဲ ..။ သမီး နောက်ကျော ဘက်ကို ဖျတ်ခနဲ မြင်လိုက်ရလို့ မေမေပဲဖြစ်မယ်လို့ ထင် နေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကား ကြားကြားချင်း မေမေ့မျက်နှာမှာ ကွက်ခနဲ ပျက်သွား၏။ ကျွန်တော်လည်း မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပန်ပန့်ကို လှမ်းကြည့်လိုက်မိသည်။

ဝတီက ခေါင်းကို ကုတ်ဖွရင်း ...

"ဘာတွေ လာပြောနေတာလဲ ပန်ပန်ရယ်။ မေမေက ငါတို့နဲ့ စကားပြောနေတာ ...။ အပေါ်ထပ်ကို မတက်ရသေးဘူး"

"ဒါဆို ... မမဝတီပဲ ဖြစ်မှာပေါ့။ 'မီး' သေသေချာချာ မြင်လိုက်ရတာတော့ ဆံပင်ရှည်ရှည်နဲ့ပဲ"

"ဟာ ... ငါလည်း ကိုကြီးနဲ့အတူ အောက်ထပ်မှာ အခွေ ထိုင်ကြည့်နေတာ ..."

"ဟင် !.. ဒါဆို ..."

မေမေက ပန်ပန်ကို စကားပြီးဆုံးအောင် ပြောခွင့်မပြုချေ။ ချက်ချင်းဆိုသလို ဒေါသစွက်သောအသံဖြင့် ...

"တော်တော့ ... ကိုယ့်ဘာသာကိုယ် အိပ်မက်မက်ပြီး ယုန်ထင်ကြောင်ထင်ဖြစ်အောင် လာပြောမနေနဲ့တော့ ..။ ကဲ ... အားလုံး လာကြ ထမင်းစားကြမယ်"

ဟု ဟိန်းဟောက်ဟန့်တားလိုက်သည်။ သို့သော် ... မေမေ့ မျက်နှာမှာ တစ်စုံတစ်ရာကို ပူပန်သောကရောက်နေမှုန်း အထင်းသား ပေါ်လွင်နေ၏။

ဘာတွေလဲ ... ဘာတွေလဲ ?

ဒါ သွေးရိုးသားရိုးလွဲမှားတာ မဟုတ်ဘူး။

ဒီအိမ်ကြီးမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိနေပြီ။





မည်းမှောင်ချောက်ချားသွားသော အတွေးများက ကျွန်တော့် ဦးခေါင်းထဲသို့ ဒီရေလှိုင်းများလို တဝုန်းဝုန်း ရိုက်ခတ်လာသည်။

တစ်ဆက်တည်းဆိုသလို ဖျာလိပ်နတ်လုပ်တမ်း ကစားစဉ်က အဖြစ်အပျက်များ။ ဟိုတစ်ပတ်က အဝတ်ဗီရိုထဲတွင် တွေ့ခဲ့ရသော ပုံရိပ်တို့က ကျွန်တော့်နှလုံးအိမ်ကို အပြင်းအထန် ဆွဲကိုင်လှုပ်ယမ်းနေလေပြီ။


❑



www.burmeseclassic.com

www.burmeseclassic.com





ဒီအိမ်မှာ ငါတို့အရင် ဘယ်သူတွေနေခဲ့တာလဲ?

တော်တော်ကြောင်သည့် အတွေးဖြစ်မှန်း ကျွန်တော် ချက်ချင်း သတိပြုမိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဒီအိမ်တွင် ကျွန်တော်တို့ မိသားစုတစ်စုသာ နေရသေးမှန်း နံရံပေါ်မှ အစွန်းအထင်းမရှိသော ဖြူလွလွသစ်လွင်လွင် ဆေးအဖြူရောင်များနှင့် တခြား အိမ်အပြင်အဆင်များက သက်သေခံလျက်ရှိသည်။

အပေါ်ထပ်တွင်ခင်းထားသော ကျွန်းပါကေးဆိုလျှင် အခုထက်ထိပင် ပေါလစ်နံ့ မပျောက်ချင်သေးပေ။ မီးခလုတ်များနှင့် တခြား နိစ္စဓူဝ ကိုင်တွယ်ထိတွေ့ရသော အသုံးအဆောင်များမှာလည်း ခြေရာလက်ရာ မထင်သေးသော အသစ်စက်စက်များပင်။

အိမ်အိုအိမ်ဟောင်းကြီးတွေတွင် သရဲခြောက်တယ်၊ တစ္ဆေခြောက်တယ်ဟု မကြာခဏ ကြားဖူးလေ့ရှိသော်လည်း ဒီလို အသစ်စက်စက်အိမ်တွင်တော့ မကောင်းဆိုးဝါး ပရလောကသားတစ်ယောက်





ယောက်ရှိနေပြီလားဆိုသည့် သံသယစိတ်မှာ ရယ်ချင်စရာပင် ကောင်းနေသည်။

ကျွန်တော်က ခြံထဲရှိ ဒန်းပေါ်တွင် ထိုင်ရင်း အတွေးနယ်ချဲ့နေစဉ်မှာပင် . . .

"ဟော့ . . . ညီလေး . . ."

ဟု လှမ်းခေါ်သံနှင့်အတူ ခြံရှေ့၌ သာယာငြိမ်းချမ်းအိမ်ရာမှ ဝန်ထမ်းတစ်ယောက်ကို တွေ့ရလေသည်။ ကျွန်တော်က ဒန်းပေါ်မှ ကပျာကယာထပြီး ခြံရှေ့သို့ သွားလိုက်သောအခါ . . .

"အစ်ကို့နာမည်က ရဲမင်းပါ။ ရေမော်တာ ပျက်နေတယ်ဆိုလို့ လာပြင်တာ ညီလေး . . ."

"ဪ . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ အစ်ကို"

ကျွန်တော်က ပြောပြောဆိုဆိုနှင့် အိမ်ရှေ့ခြံတံခါးကို ဖွင့်ပေးလိုက်သည်။ စိတ်ထဲမှလည်း ဖေဖေလွှတ်လိုက်တာ ဖြစ်မယ်လို့ တွေးမိလိုက်သည်။

ရေမော်တာ လာပြင်သည့် ရဲမင်းဆိုသော ဝန်ထမ်းမှာ လူလတ်ပိုင်းအရွယ်လောက်ပင် ရှိသေးပြီး အသားညိုညို၊ မျက်နှာလေးထောင့်စပ်စပ်နှင့် ဖြစ်သည်။ သူက ကျွန်တော့်နောက်မှ လိုက်ပါလာရင်း . . .

"ဘာလိုလို့နဲ့ ဒီအိမ်တောင် အခုလို ကောင်းကောင်းမွန်မွန် ဆောက်လို့ပြီးသွားတာပဲ . . ."

ဟု တစ်အိမ်လုံးကို မျက်စိဝေ့ဝဲကြည့်ကာ ရေရွတ်လိုက်သည်။

ထိုစကားကို ကြားကြားချင်း ကျွန်တော့်စိတ်ထဲတွင် ထူးဆန်းနေသလို ထင်လိုက်မိသည်။ သူ ဘာကို ဆိုလိုတာပါလိမ့်ဟု ကျွန်တော်က တွေးမိလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့ ဒီလိုပြောတာလဲ အစ်ကို ..”

“ဩော် ... ဘာမှတော့ မဖြစ်ပါဘူး။ ဒီအိမ်ဆောက်တုန်းက ပြီးခါနီးကျမှ ဘာကြောင့်မှန်းမသိဘူး၊ တိုးလိုးတန်းလန်းကြီးနဲ့ ရပ်ထားတာ တော်တော်ကြာတယ် ညီလေးရ ...။ အစ်ကို တောင် ကြားထဲမှာ ကျွန်းမာရေးမကောင်းလို့ တစ်နှစ်လောက် အလုပ်ထွက်သွားပြီး အခုပြန်လာမှ ဒီအိမ်ကြီးက ဆောက်လို့ ပြီးသွားတာလေ ...”

“ဟုတ်လား ... အစ်ကို၊ ဘာလို့ ဆက်မဆောက်ဘဲ ရပ် ထားရတာလဲ”

ရဲမင်းဆိုသည့် ဝန်ထမ်းက ခေါင်းကို လေးပင်စွာခါယမ်း ပြီး ...

“မသိပါဘူး ... ညီရာ၊ တခြားအိမ်တွေဆို သုံးလေးလ လောက်နဲ့ တစ်ခါတည်း အပြီးဆောက်တာပဲ။ ဒီအိမ်ကျမှ ကြာနေတာလေ”

အိမ်ထဲသို့ ရောက်သောအခါ ကျွန်တော်က ဘာမှ ဆက် မမေးဖြစ်တော့ဘဲ ရေမော်တာထားရာ မီးဖိုချောင်အနောက်ဘက်သို့ ဦးဆောင်လာလိုက်သည်။ ထိုစဉ်မှာပင် မေမေက အပေါ်ထပ်မှဆင်း လာပြီး ...

“ရေမော်တာလာပြင်ဖို့ ရုံးကလွှတ်လိုက်တာ ထင်တယ်”

ဟု လှမ်းမေးလိုက်သည်။ ရဲမင်းဆိုသည့်ဝန်ထမ်းက ခေါင်းကို ညိတ်ပြရင်း ...

“ဟုတ်ကဲ့ ... အစ်မကြီး။ ဆရာဦးစည်သူက သူ့အိမ်မှာ ရေမော်တာပျက်နေတယ် ပြောလို့ လာပြင်တာပါ”





“အဲဒါဆိုလည်း ကောင်းအောင်လုပ်ပေးသွားပါနော် ...။ ကျေးဇူးပါပဲ”

“ကျွန်တော် စစ်ဆေးကြည့်လိုက်ပါဦးမယ်”

ပြောပြောဆိုဆိုဖြင့် ရေမော်တာပြင်ရန် ရဲမင်းဆိုသည့် ဝန်ထမ်း က လွယ်လာသောအိတ်ထဲမှ ကိရိယာတန်ဆာပလာများကို ထုတ်နေ သည်။ ပြီးနောက် ရေမော်တာရှိရာသို့သွားကာ စစ်ဆေးနေ၏။

ကျွန်တော်က လိုအပ်ရင် ကူညီရအောင် ဘေးမှရပ်စောင့်နေ လိုက်သည်။ ခဏကြာတော့ ရဲမင်းဆိုသည့်ဝန်ထမ်းက နဖူးပေါ်မှ ချွေးစက်တွေကို သုတ်ဖယ်ရင်း ...

“မော်တာက ဘာမှဖြစ်ပုံမရဘူး။ ကြည့်ရတာ လျှပ်စစ်ပိုင်းက ဖြစ်နေတာ ထင်တယ်။ လာ ... ညီလေး ... မိန်းဘုတ် (Main board) ခုံကို သွားစစ်ကြည့်ကြရအောင်”

ဒီလိုနှင့် ကျွန်တော်တို့နှစ်ယောက်သား လှေကားခြေရင်းရှိ မိန်းဘုတ် (Main board) ခုံရှိရာသို့ ရောက်လာခဲ့ကြသည်။

အဲဒီမှာပင် ရဲမင်းဆိုသည့်ဝန်ထမ်းက လှေကားခြေရင်းဘေးရှိ နံရံကို အထူးအဆန်းသဖွယ် စိုက်ကြည့်ရင်း ...

“ဒီအိမ်က ထူးဆန်းလှချည်လား ...။ တခြားအိမ်တွေဆို ဒီနားမှာ စတိုခန်းရှိတယ်။ ညီလေးတို့အိမ်ကျမှ ဘာအခန်းမှ မရှိဘဲ နံရံကြီးပဲ ရှိရတယ်လို့”

“အင်း ... ဟုတ်တယ်နော်၊ ဟိုတစ်ခါ ဖေဖေ့ဆီကို ထမင်း ချိုင့်သွားပို့ရင်း တွေ့ခဲ့တဲ့ အိမ်ကလည်း ဒီနားမှာ စတိုခန်း ရှိတယ်။ ကျွန်တော်တို့အိမ်ကျမှ ဘာလို့ မပါတာလဲ မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ရဲမင်းဆိုသည့်ဝန်ထမ်းမှာ သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်သည်။ ပြီးမှ . . .

''ညီလေးအဖေက မန်နေဂျာဆိုတော့ အလုပ်ရှင်သူဌေးက တခြားအိမ်တွေနဲ့ မတူတဲ့အိမ်ကိုမှ သီးသန့်ဆောက်ပေးထားတာ ထင်တယ် . . . ဟား . . . ဟား . . ဟား . . .''

ကျွန်တော်ကတော့ သူ့လို ရယ်မောမနေနိုင်ချေ။ လှေကားခြေရင်းဘေးရှိ အုတ်နံရံကိုသာ ကြည့်ပြီး တွေးတောနေမိသည်။

ထူးထူးခြားခြား တခြားအိမ်တွေနဲ့မတူဘဲ ငါတို့အိမ်ကျမှ ဘာလို့ စတိုခန်းမပါရတာလဲ . . .။ ပြီးတော့ ဟိုတစ်ခါတုန်းက ငါ စတိုခန်းအကြောင်း မေးလိုက်တာနဲ့ ဖေဖေက ဘာလို့ ခါးခါးသီးသီး ဖြစ်သွားရတာလဲ . . ။

တစ်ခုခုတော့ တစ်ခုခုပဲ . . .။ ဖေဖေ ပြန်လာရင် ထပ်ပြီး မေးကြည့်ရင် ကောင်းမယ်ထင်တယ်။

သို့သော် တကယ့်တကယ်တမ်းတွင်တော့ ကျွန်တော် မမေးဖြစ်ခဲ့ချေ။ အဲသည့်နေ့ညက ဖေဖေက အရက်မူးပြီး ပြဿနာတစ်ခုကို ဖန်တီးခဲ့သောကြောင့် ဖြစ်သည်။

❑







''ဝုန်း !''

''ဒုန်း . . . ဒုန်း . . . ဒုန်း . . .''

ကျွန်တော်က နားထဲသို့ တိုးဝင်လာသော ဆူဆူညံညံအသံများကြောင့် လန့်နိုးသွားသည်။ ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားမိ၏။

ဘာဖြစ်တာလဲ ?

ထိုမေးခွန်းနှင့်အတူ ကျွန်တော်က ဝေါက်ခနဲ ထထိုင်လိုက်ပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။ နောက် . . . အလန့်တကြားဖြင့် အခန်းထဲမှ ထွက်ကာ လှေကားအတိုင်း ပြေးဆင်းလာခဲ့လိုက်၏။

အောက်ထပ်သို့ရောက်ရန် လှေကားထစ်အနည်းငယ်သာ လိုသည့်အချိန်တွင်တော့ ကျွန်တော့်ခြေလှမ်းတွေက အလိုလိုရပ်တန့်သွားသည်။ မမျှော်လင့်ထားသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရသောကြောင့် ဖြစ်၏။ ဖေဖေ . . .။



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ရာ ပြင်းပြင်းထန်ထန် ဒေါသထွက်နေသည့်ပုံဖြင့် လှေကားဘေးရှိ အုတ်နံရံကို လက်ထဲတွင်ကိုင်ထားသော သံတုတ်ဖြင့် တဒုန်းဒုန်း တဒိုင်းဒိုင်း ရိုက်နှက်နေ၏။ မျက်နှာမှာ ဒေါသအခိုးအငွေ့တို့ဖြင့် နီရဲခက်ထန်နေသလို မျက်လုံးများမှာလည်း မကောင်းဆိုးဝါး တစ်ကောင်ကောင်ကို တွေ့လိုက်ရသည့်အလား ပြူးတူးကြောင်တောင် ဖြစ်နေသည်။

ခန္ဓာကိုယ်အပေါ်ပိုင်းတွင် အဝတ်မပါ ဗလာကျင်းလျက်။

ထိုမြင်ကွင်း ကျွန်တော့်မှာ စကားကိုပင် ချက်ချင်းမပြော နိုင်တော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

ထိုစဉ်မှာပင် . . .

"ကိုစည်သူ . . . ရှင် ဘာဖြစ်နေတာလဲ"

ဆိုသည့် အသံနှင့်အတူ ကျွန်တော့်ဘေးသို့ အူယားဖားယားဖြင့် မေမေ ရောက်လာသည်။ သူမနောက်မှ ခွေးလေး ဒန်ဒန်က လှေကားထစ်များကို ကျော်လွှားခုန်ဆင်းရင်း သခင်သွားရာနောက်သို့ အမြီးတနန့်နန့်ဖြင့် လိုက်ပါလာ၏။

မေမေ၏ အထိတ်တလန့် မေးလိုက်သောအသံကြောင့် ဖေဖေက လှည့်ကြည့်လာပြီး . . .

"သွား . . . သွား . . . ငါ့အနားကို တစ်ယောက်မှ မလာကြနဲ့" ဟု ဒေါသတကြီး အသံဝါကြီးဖြင့် အော်ဟစ်သည်။

"ရှင် . . ရှင် . . . ဘယ်လိုဖြစ်လို့ အုတ်နံရံကို တဒုန်းဒုန်း ထုရိုက်နေရတာလဲ . . .။ မူးရင်လည်း အေးအေးဆေးဆေး အိပ်ပါရှင် . . ."

မေမေ့စကားက ဖေဖေ့ကို နှစ်သိမ့်ရာ မရောက်ဘဲ ဒေါသကို





ထိုးဆွလိုက်သလို ဖြစ်သွားသည်။ ဖေဖေက ကျွန်တော့်ဘေးတွင်ရပ်နေသော မေမေ့ကို စိမ်းစိမ်းခါးခါး စိုက်ကြည့်ပြီး . . .

"ဘာ . . . မူးရင်လည်း ကောင်းကောင်းအိပ်ပါ ဟုတ်လား . . . မအိပ်နိုင်ဘူးကွ . . . မအိပ်နိုင်ဘူး . . .။ ငါ့မှာဖြင့် အသက်ရှူကျပ်လွန်းလို့မောပြီး အိပ်မပျော်ရတဲ့ အထဲ ဒီလောက် ဆူညံပွက်ကလောရိုက်ပြီး တဝုန်းဝုန်း တဒိုင်းဒိုင်း ပြေးလွှားနေတာ ငါဘယ်လို အိပ်လို့ရမှာလဲ"

"ဘယ်သူမှ မပြေးပါဘူး ဖေဖေရယ်။ သားတို့အားလုံး အိပ်နေတာလေ . . ."

ကျွန်တော်က ဖေဖေ အရက်အလွန်အကျွံသောက်ပြီး ကယောင်ချောက်ချား ဖြစ်နေသည်ဟု မှန်းဆမိကာ လေပြည်လေးနှင့် ပြောလိုက်သည်။ သို့သော် . . . ဖေဖေက ကျွန်တော့်စကားကို ယုံကြည်ပုံ မပေါ်ချေ။

မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်ပြီး တစ်စုံတစ်ရာကို ပြောဖို့ ဟန်ပြင်နေစဉ်မှာပင် ခွေးလေး ဒန်ဒန်က လှေကားပေါ်မှ လှစ်ခနဲ ပြေးဆင်းကာ ဖေဖေ့နောက်ကျောဘက်သို့ ရောက်သွားသည်။ နောက် . . လူစိမ်းတစ်ယောက်ယောက်ကို တွေ့မြင်နေရသည့်အလား စူးစူးဝါးဝါး ထိုးဟောင်လေတော့၏။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

"ဝုတ် . . . ဝုတ် . . ဝုတ်"

ကျွန်တော် ရင်ထိတ်သွားသည်။ ဒေါသ အလွန်အကျွံထွက်ပြီး ထိန်းမနိုင်သိမ်းမရဖြစ်နေသော ဖေဖေက ဒန်ဒန့်ကို ပြဿနာရှာကာ တစ်ခုခုလုပ်လိုက်မည်ကို စိုးသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က . . . စိုးရိမ်တကြီးဖြင့် . . .

"ဒန်ဒန် . . . ဒန်ဒန်"

ဟု အသံပြုကာ ခွေးလေး ဒန်ဒန်အား သွားရောက်ချီပွေ့ရန် ကြိုးစားလိုက်သည်။ သို့သော် . . . မရ။ ခွေးလေးဒန်ဒန်က ကျွန်တော့် လက်ထဲမှ ရုန်းဖယ်ထွက်ကာ ဖေဖေ့ကိုကြည့်ပြီး ဟူးဟူးဝါးဝါး ဟောင်နေဆဲ။ နောက် . . . ဦးတည်ရာက ပြောင်းသွားပြီး ကျွန်တော့်ဘက်သို့ ကြည့်ကာ ဟောင်၏။

ကျွန်တော်က ဖမ်းဖို့ကြိုးစားရန် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်နှင့် ခွေးလေးဒန်ဒန်မှာ သူ့ကို ရန်ပြုတော့မည့်အလား နောက်သို့ ဆုတ်ကာ ထိုးဟောင်နေလျက် . . ။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ထိုထူးဆန်းသော အပြုအမူကြောင့် အားလုံး မှင်တက်ငေးကြည့်မိနေစဉ်မှာပင် ခွေးလေးဒန်ဒန်က ကျွန်တော့်ဘက်သို့ ကြည့်ဟောင်နေရာမှ လှေကားခြေရင်းဘေးရှိ အုတ်နံရံကို ရှေ့လျားပြီး လိုက်ဟောင်နေပြန်သည်။ ပြီးနောက် ဖေဖေ့ အခန်းတံခါးရှေ့သို့ လှစ်ခနဲပြေးကာ ရှေ့တိုးနောက်ငင်လုပ်ရင်း သဲကြီးမဲကြီး ထိုးဟောင်လိုက်၏။

အဲသည့်အချိန်မှာပင် ဖေဖေက . . .

"ဟာ . . . ဒီအရူးခွေးတော့ . . ."

ဟု ကြိမ်းမောင်းကြုံးဝါးရင်း သံတုတ်ကိုမြှောက်ကာ ဒန်ဒန်ဆီသို့ ပြေးသွားလေသည်။ ကျွန်တော် ချက်ချင်းသတိဝင်လာပြီး . . .

"မလုပ်နဲ့ !"

ဟု အသံကုန်အော်ဟစ်ကာ ခွေးလေး ဒန်ဒန်အား ပြေးကာ





ချီပွေ့လိုက်သည်။ အဲဒီလိုမှ မလုပ်လျှင်တော့ ခွေးလေး ဒန်ဒန်မှာ ဖေဖေ့လက်ချက်ဖြင့် အရိုးတခြား၊ အသားတခြား ဖြစ်သွားပေလိမ့်မည်။

အခုပင် ဖေဖေ့ရှေ့တွင် ခွေးလေး ဒန်ဒန်ကို ကြာကြာထားလျှင် မဖြစ်မှန်းသိ၍ အပေါ်သို့ ခေါ်တက်လာခဲ့ရ၏။ ဖေဖေကတော့ တောက်တစ်ခေါက်ခေါက်ဖြင့် ကြိမ်းမောင်း ရေရွတ်နေဆဲ။ မေမေ၏ တရှုပ်ရှုပ်ငိုကြွေးရင်း ပြောဆိုနေသော စကားသံများကိုလည်း ကြားနေရသည်။

အဲသည့်ညတာကို ကျွန်တော့်မှာ စိတ်ရှုပ်ထွေးရမှုများ၊ ဝမ်းနည်းယူကျုံးမရမှုများဖြင့်သာ ကျော်လွန်ဖြတ်သန်းခဲ့ရ၏။

တစ်နာရီခြားတစ်ခါလောက်ဆိုသလို အောက်ထပ်မှ တဝုန်းဝုန်းတဒိုင်းဒိုင်းဖြင့် ဆူညံနေသော အသံများမှာလည်း အဲဒီ ညနေ့ရဲ့ နတ်မိစ္ဆာဆိုးများပင် . . . ။

နောက်တစ်နေ့ မနက်တွင်တော့ မယုံကြည်နိုင်စရာကောင်းလောက်သော အဖြစ်အပျက်တစ်ခုက စောင့်ကြိုနေခဲ့မည်ကို ကျွန်တော် မသိခဲ့ရချေ။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တခြား မနက်ခင်းတွေလိုပင် ဒီနေ့မှာလည်း ရွှေအိုရောင်နေခြည်နှင့်အတူ လတ်ဆတ်အေးမြသော လေပြည်များက မနက်ခင်းကို သာသာယာယာ အသက်သွင်းထားသည်။ အထူးသဖြင့် နူးညံ့တိုးဖွလွန်းသည့် တေးသီငှက်တို့၏ စိုးစိုးစီစီ အသံစာစာလေးများကပင် ကြားရသူအပေါင်းကို စိတ်ကြည်နူးလန်းဆန်းနေစေသည်။

သို့သော် . . .

သို့သော် . . .

ကြားလိုက်ရသော သတင်းဆိုးတစ်ခုက သာယာငြိမ်းချမ်းလှသည့် မနက်ခင်းတစ်ခုလုံးကို မီးတောင်တစ်ခုကဲ့သို့ ပူလောင်ပေါက်ကွဲသွားစေခဲ့သည်။

"ဘာ ! . . . ဒန်ဒန် သေသွားလို့ . . . ဟုတ်လား"





ကျွန်တော်က အံ့သြလွန်း၍ ထိုစကားတစ်ခွန်းသာ ရေရွတ်ပြီး ကြောင်ငေးရပ်နေမိသည်။ ခဏကြာမှ ဒီသတင်းဆိုးကို သယ်ဆောင်လာသူ ဝတီအားကျော်ကာ အောက်ထပ်သို့ ဆင်းလာခဲ့၏။

အောက်ထပ်သို့ ရောက်သောအခါ လေ့ကားခြေရင်းအောက်ရှိ နံရံရှေ့တွင် တင်းတောင့်ကာ သေဆုံးနေပြီဖြစ်သည့် ခွေးလေး ဒန်ဒန်နှင့်အတူ တသိမ့်သိမ့်ငိုကြွေးနေသူ ပန်ပန့်ကို ချော့မော့နှစ်သိမ့်နေသော မေမေအား တွေ့ရ၏။

ကျွန်တော်က စိတ်မကောင်းဖြစ်သွားပြီး မေမေ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ကာ . . .

"မနေ့ညကအထိ အကောင်းကြီးပါ မေမေရယ်။ ဘယ်လိုဖြစ်လို့ ဒန်ဒန် သေသွားရတာလဲ"

ဟု သိချင်ဇောဖြင့် မေးလိုက်သည်။

မေမေကလည်း ခွေးလေး ဒန်ဒန်အတွက် စိတ်ထိခိုက်ကြေကွဲနေဟန်တူသည်။ မျက်နှာပေါ်တွင် ညှိုးငိုမှုန်ရီနေသည့် အရိပ်အယောင်များက အထင်းသားပေါ်လွင်နေပြီး နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ကိုက်ထား၏။

"ဘာဖြစ်ရမှာလဲ သားရယ်။ မင်း ဖေဖေရဲ့ လက်ချက်ပဲ နေမှာပေါ့။ သူ မနေ့ညက ဒန်ဒန်ကို သတ်ပစ်မယ်လို့ ခဏခဏ ကြိမ်းမောင်းနေတာ မေမေကြားတယ်။ အဟင့် . . ဟင့် . . . မေမေက တိရစ္ဆာန်လေးတစ်ကောင် သေတာဒီလောက် ဝမ်းမနည်းပေမဲ့ သားဖေဖေ ဒီလိုမျိုး လုပ်ရက်တာကိုတော့ မေမေ အရမ်းဝမ်းနည်းတယ်ကွယ် . . ."

မေမေ့စကားကို ကျွန်တော် ဘာမှ ထင်မြင်ချက်ပေးစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ ကျွန်တော့်ရင်ထဲတွင်လည်း တူညီသော ခံစားချက်တစ်ခုကို ခံစားနေရသောကြောင့် ဖြစ်သည်။

နောက်ဆုံး ခွေးလေး ဒန်ဒန်ကို ခြံထောင့်ရှိ ကားဂိုဒေါင်ထောင့်တွင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။ အလွန်အမင်း ဝမ်းနည်းနေသော ပန်ပန်ကတော့ ခေါင်းကိုငုံ့ကာ မြေပြင်ကိုသာ စိုက်ကြည့်နေ၏။

သူမ ဘယ်လောက်အထိ ဝမ်းနည်းနာကျင်နေမှန်း ပါးပြင်ပေါ်မှ မျက်ရည်စက်တွေကို ကြည့်ပြီး သိနိုင်သည်။ သို့သော်လည်း ကျွန်တော်ရော မေမေပါ သူမကို နှစ်သိမ့်ဖျောင်းဖျနေရုံမှတစ်ပါး ဘာမှ မတတ်နိုင်ချေ။

ကျွန်တော့်ရင်ထဲတွင်လည်း ခွေးလေးဒန်ဒန် သေဆုံးခဲ့ရသော အကြောင်းအရင်းကို တွေးကာ ထိတ်လန့်တုန်လှုပ်နေမိသည်။

ဖေဖေ့မှာ တကယ်ပဲ ကြင်နာသနားတဲ့စိတ် မရှိတော့ဘူးလား . . .။ ဘယ်လိုမျိုး အမှောင့်ပယောဂတွေကြောင့် ဖေဖေ ဒီလို ရုတ်တရက်ကြီး ပြောင်းလဲသွားရတာလဲ . . .။

ည . . . ညဆို ဖေဖေ့ပုံက တကယ့် လူဆိုးလူမိုက်ကြီး အတိုင်းပဲ။


ဘုရား . . . ဘုရား . . .။

ဒီအတိုင်းဆိုရင်တော့ ငါတို့မိသားစု ကြာရင် မလွယ်တော့ဘူး . . .။

❑







နေ့လယ်စာစားပြီးကတည်းက ခွေးလေး ဒန်ဒန်အတွက် ယူကျုံးမရဖြစ်နေသော ပန်ပန်ကို စိတ်ပြေလိုပြေငြား မေမေက ဘုရားသွားရန် ခေါ်သွားသည်။ ဝတီနှင့် နိုနိုတို့နှစ်ယောက်ကပါ လိုက်သွားသဖြင့် အိမ်တွင် ကျွန်တော်တစ်ယောက်တည်းသာ ယောင်ချာချာနှင့် ကျန်ရစ်ခဲ့လေသည်။

ယခု ညနေ ငါးနာရီကျော်ပြီဖြစ်သည့်တိုင် မေမေတို့မှာ ပြန်မရောက်သေးကြပေ။ ကြာတော့ ကျွန်တော် ပျင်းရိငြီးငွေ့လာ၏။

မေမေတို့ အခုအထိ ပြန်မရောက်ကြသေးဘူးဆိုတော့ တခြားနေရာတွေကိုပါ ဝင်နေပြီနဲ့တူတယ်ဟု တွေးရင်း ကျွန်တော်က အခွေကြည့်ရန် အောက်ထပ်သို့ ဆင်းလာလိုက်သည်။ တစ်နေကုန် အခန်းထဲတွင် အောင်းကာ နေနေခဲ့သောကြောင့် ခေါင်းထဲတွင် အနည်းငယ်ငြီးစီစီဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တစ်ခုလုံး ပြတင်းပေါက်များမှ စီးလဲ့ဖြာကျနေသော ဖျိုးပုပု နေရောင်ခြည်နှင့်အတူ ရှင်းလင်းတိတ်ဆိတ်နေသည်။

နီနီနှင့် ပန်းပန်ရှိလျှင်တော့ ငြင်းခုံအော်သစ်သံများဖြင့် ဆူညံနေမည်မှာ အသေအချာပင်။

တီဗီရှေ့သို့ လာနေစဉ်မှာပင် တစ်စုံတစ်ရာကို ကျွန်တော် သတိပြုမိသွား၏။

"ဟင် ! ဘာအနံ့ကြီးလဲ"

နှာခေါင်းထဲသို့ မသတီစရာ အနံ့ဆိုးကြီးတစ်ခု တိုးဝင်လာသောကြောင့် ကျွန်တော်က တစ်ယောက်တည်း တီးတိုးရေရွတ်ရင်း ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်လိုက်သည်။

အနံ့မှာ အကောင်တစ်ကောင်ကောင် သေပြီး ပုပ်နေရာမှ ထွက်လာသလိုမျိုး အနံ့ဖြစ်၍ ကျွန်တော်က ထိုင်ခုံကြားနှင့် စားပွဲခုံ အောက်တွေပါမကျန်အောင် လိုက်ကြည့်လိုက်၏။

သို့သော် ... မည်သည့် အကောင်သေမျှ မတွေ့ရ။

ရှူရှိုက်နေရသော ပုပ်အဲ့အဲ့ အနံ့ဆိုးကြီးကသာ တစ်အိမ်လုံးကို လွှင့်ပျံ့အုပ်မိုးထားသည်။

ဘယ်ကထွက်နေတဲ့ အနံ့ဆိုးကြီးပါလိမ့် ...

ကြာရင် အသက်ရှူကျပ်ပြီး သေသွားလိမ့်မယ် ...။

ကျွန်တော့်မှာ မစဉ်းစားတတ်အောင် ဖြစ်နေမိပြီး အောက်ထပ်ရှိ နေရာအနှံ့ကို လိုက်လံကြည့်ရှုနေမိ၏။ တဖြည်းဖြည်းနှင့် ဖေဖေ့အခန်းရှေ့သို့ ရောက်လာသည့်အခါ လေထုထဲ၌ ပျံ့နှံ့နေသော အနံ့ဆိုးကြီးမှာ ပို၍ ထောင်းထောင်းထလာသည်။





ဟင်! ... ဖေဖေ့အခန်းထဲက ထွက်နေတဲ့ အနံ့ပဲ ...။

ကျွန်တော်က ချက်ချင်းဆိုသလို ဖေဖေ့အခန်းထဲသို့ ဝင်ကြည့်ရန် တံခါးလက်ကိုင်ဘုဆီသို့ လက်လှမ်းလိုက်သည်။ သို့သော် ကျွန်တော့် လက်ချောင်းများက တံခါးလက်ကိုင်ဘုဆီ မရောက်ခင်မှာပင် လေထဲတွင် သူ့အလိုလို ရပ်တန့်သွား၏။

နားထဲတွင် သူ့အခန်းထဲသို့ မဝင်ရန် မှာထားခဲ့သော ဖေဖေ့ စကားကို ပြန်ကြားယောင်မိလိုက်သည့်အတွက် ဖြစ်သည်။

အို ... အကြောင်းမဲ့ဝင်တာမှ မဟုတ်တာ ...။ ဖေဖေ သိလည်း ဘာမှမဖြစ်ပါဘူး။

နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ကျွန်တော်က တံခါးကို တွန်းဖွင့်လိုက်၏။

"ဂျွီ ..."

အခန်းအတွင်းရှိ လေထုမှာတော့ အံ့သြစရာကောင်းလောက်အောင်ပင်။ မည်သည့် အနံ့အသက်ဆိုးများမှ မရှိ။ ပုံမှန်အတိုင်း မူ နွေးနွေးသာလျှင် ဖြစ်သည်။ တစ်ပြိုင်နက်တည်းလိုလိုလည်း ခုနက ကျွန်တော် ရှူရှိုက်ခဲ့ရသော အနံ့ဆိုးများမှာ ပြယ်လွင့်ပျောက်ကွယ်သွားလေပြီ ...။

ဘယ်လိုဖြစ်တာလဲ ...။

ကျွန်တော်က နားမလည်နိုင်မှုများစွာနှင့်အတူ အခန်းတစ်ခုလုံးကို မျက်စိကစားကြည့်လိုက်သည်။ စိတ်ထဲတွင်လည်း ထူးဆန်းသည့် အာရုံခံစားမှုတစ်ခုကို ခံစားလိုက်ရသလို ထင်မိ၏။

ဖေဖေ့အခန်းမှာ အလင်းရောင် မရှိသဖြင့် မှောင်မိုက်နေသည်မှတစ်ပါး အခြား မည်သည့်ထူးခြားမှုမှ မတွေ့ရ။ စာအုပ်စင်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားဗီရို စသည်တို့မှာ ပုံမှန်အတိုင်း။

သို့သော် ခုတင်ပေါ်တွင်တော့ မသဲမကွဲ အရိပ်တစ်ခု . . . ။ ရွေ့လျားလှုပ်ခါနေလျက် . . . ။ မှောင်မိုက်နေ၍ ကျွန်တော် သဲသဲကွဲကွဲ မမြင်ရချေ။

ဒါ . . . အရိပ်လား . . . လူလား . . . ?

ကျွန်တော်က စိတ်လှုပ်ရှားသွားမိပြီး နံရံပေါ်မှ မီးခလုတ်ကို ဖွင့်လိုက်သည်။

"ချောက် !"

"ဟင် !"

လင်းဖြာကျလာသော မီးအလင်းရောင်နှင့်အတူ တစ်စုံတစ်ရာကို ထင်ထင်ရှားရှား မြင်လိုက်ရသဖြင့် ကျွန်တော့်တစ်ကိုယ်လုံး တုန်တက်သွားသည်။

အဝတ်အစား ခပ်နွမ်းနွမ်းဖြင့် မိန်းမပျိုတစ်ယောက် . . . ။

မျက်နှာပေါ်သို့ အုပ်မိုးကျနေသော ဆံပင်ရှည်များအောက်မှ မီးခိုးရောင်မျက်ဝန်းများကို မျက်ဖြူသားပေါ်အောင်အထိ လှန်ကာ ကျွန်တော့်ကို စိုက်ကြည့်နေလျက် . . . ။

"ခင် . . . ခင် . . ဗျား . . . ဘယ် . . . ဘယ်သူလဲ . . ."

သွေးပျက်ချောက်ချားစရာ အဖြစ်အပျက်ကြောင့် ကျွန်တော်က တုန်တုန်ယင်ယင်အသံဖြင့် ရေရွတ်ရင်း နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ရင်တစ်ခုလုံးမှာလည်း စက္ကန့်အတွင်းမှာပင် ပေါက်ကွဲထွက်သွားတော့မလိုမျိုး ကြောက်စိတ်တို့ဖြင့် ပြည့်နှက်တင်းကျပ်လာ၏။



ခုတင်ပေါ်တွင် ရပ်နေသော အမျိုးသမီးက မျက်လွှာကို ဖြည်းညင်းစွာချလိုက်သည်။ ပြီးနောက် ဝိညာဉ်ဆန်သော လှုပ်ရှားမှုမျိုးဖြင့် ကျွန်တော့်ကိုဖြတ်ကာ အခန်းအပြင်သို့ ပြန်းခနဲ ပြေးထွက်သွားလေသည်။ ထိုသို့ ဖြတ်ပြေးသွားစဉ် ပြင်းထန်လွန်းသော လေအရှိန်ကြောင့် ကျွန်တော်ပင် မျက်လုံးကို အလန့်တကြား မှိတ်မိလိုက်သည်။

နောက် . . . သတိပြန်ဝင်ဝင်လာချင်း ကျွန်တော်က . . .

"မပြေးနဲ့ !"

ဟု ကျယ်လောင်စွာ အော်ဟစ်တားဆီးရင်း ဝုန်းခနဲ ပြေးလိုက်လာလိုက်သည်။ သို့သော် . . . မိန်းမပျိုကား လှေကားခြေရင်းဘေးသို့ တစ်ဟုန်ထိုး ပြေးသွားလေ၏။ သူမ ဦးတည်ကာ ပြေးသွားသည့် နေရာတွင်တော့ အရင်လို အုတ်နံရံမဟုတ်ဘဲ တံခါးပေါက်တစ်ခု ရှိနေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

နောက် . . .

သူမက ပြေးလိုက်လာသော ကျွန်တော့်ကို အလွန့်အလွန် ဖြည်းညင်းစွာ တစ်ချက်လှည့်ကြည့်ပြီး တံခါးကိုဆွဲဖွင့်ကာ နက်ရှိုင်းစွာ မည်းမှောင်နေသော အခန်းထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေ၏။

ကျွန်တော်က တစ်ဟုန်ထိုးပြေးသွားပြီး သူမကိုအမီ လှမ်းဆွဲလိုက်သည်။ (အားလုံး ပြီးသွားသည့်အခါတွင်တော့ ထိုလုပ်ရပ်မှာ အတော်မိုက်မဲမှန်း စဉ်းစားမိခဲ့၏) သို့သော် တံခါးက ချက်ချင်းပင် ဝုန်းခနဲ ပြန်ပိတ်သွားသလို ထင်မိသည်။ ကျွန်တော့် တစ်ကိုယ်လုံး အုတ်နံရံနှင့်သာ အရှိန်ပြင်းပြင်း ဝင်ဆောင့်မိသည်။

နာကျင်လွန်းသဖြင့် ရင်ထဲမှ ကြောက်စိတ်တွေပင် ပျောက်ကွယ်ကာ ဒူးညွှတ်ခွေကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က နာကျင်စွာညည်းညူလိုက်ပြီးမှ အားတင်းကာ ပြန်ထရင်း စောစောက တံခါးကို တွန်းဖွင့်ဖို့ ကြိုးစားသည်။

သို့သော် ကျွန်တော့်ရှေ့တည့်တည့်တွင် မည်သည့်တံခါးမျှ ရှိမနေပါ။ အပေါ်ထပ်သို့တက်သော လှေခါးခြေရင်း၏ နံဘေး၌ ဆေးအဖြူရောင်များ သုတ်လိမ်းထားသော အုတ်နံရံသက်သက်သာ ရှိနေလေသည်။

ကျွန်တော်က သွေးရူးသွေးတန်းဖြင့် အုတ်နံရံတစ်လျှောက် လက်ဖြင့် လိုက်စမ်းကြည့်နေမိသည်။ အုတ်နံရံမှာတော့ တံခါးနှင့်တူတာဟူ၍ အက်ကွဲကြောင်းလေး တစ်ကြောင်းမျှပင် ရှာမတွေ့ချေ။

"တံခါးပေါက်က ဘယ်ရောက်သွားတာလဲ၊ ဟို မိန်းမရော ဘယ်ရောက်သွားတာလဲ"

ကျွန်တော်က အံ့သြထိတ်လန့်စရာ အဖြစ်အပျက်ကြောင့် သိစိတ်လွတ်သွားပြီး ဒေါသတကြီး အော်ဟစ်ရင်း နံရံကို လက်သီးဖြင့် ထိုးမိလိုက်သည်။

နှလုံးအိမ်တစ်ခုလုံးသည် အံ့သြမှုများ တုန်လှုပ်ချောက်ချားမှုများဖြင့် သွက်သွက်ပါအောင် ခါယမ်းနေသည်။ ခန္ဓာကိုယ်မှာလည်း ကြမ်းပြင်ပေါ်သို့ ပြို၍ကျတော့မတတ် ယိမ်းခါတုန်ယင်နေလျက်။

ထိုစဉ်မှာပင် တိုးသဲ့သော အသံတစ်သံက အုတ်နံရံနောက်ကွယ်မှ ထွက်ပေါ်လာသည်။

ဟင်! ... ဒါ တစ်ယောက်ယောက် စကားလှမ်းပြောတဲ့ အသံပဲ ...။





တကယ်တော့ အုတ်နံရံသက်သက်သာရှိသော နေရာ၏ နောက်တွင် တစ်စုံတစ်ယောက်ရှိသည် ဆိုခြင်းမှာ ဘယ်လိုမှ မဖြစ်နိုင်ချေ။

သို့သော် ကျွန်တော်က ဖြစ်နိုင်ခြေ ရှိ၊ မရှိ စဉ်းစားမနေတော့ဘဲ အုတ်နံရံကို နားဖြင့်ကပ်ကာ နားထောင်ကြည့်လိုက်ရာ ဟိန်းထွက်ကျယ်လောင်သော အသံတစ်သံကို သွေးပျက်စွာ ကြားလိုက်ရလေသည်။

"ငါ့ကို တံခါးဖွင့်ပေးကြ"

❑



www.burmeseclassic.com

www.burmeseclassic.com





သေချာတယ် ... သေချာတယ်

အဲဒီ နံရံရဲ့နောက်မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိနေပြီ ...။

အဲဒါက ဘာလဲ ?

ပြီးတော့ ဆံပင်ရှည်ရှည်နဲ့ ဟို မိန်းမကရော ...

သိစိတ်မဲ့သွားသူတစ်ယောက်လို ကျွန်တော်က အိမ်ထဲမှ တရကြမ်းပြေးထွက်လာခဲ့သည်။ ခြေလှမ်းတွေမှာ ဘယ်သို့ ဦးတည်နေမှန်း မသိ။ လိပ်ပြာလွင့်သွားမတတ် ကြောက်ရွံ့တုန်လှုပ်သွားခဲ့သော ကြောင့်သာ အရူးတစ်ယောက်လို ပြေးလွှားနေမိခြင်း ဖြစ်သည်။

ခေါင်းထဲတွင်လည်း အတွေးတွေက မည်းမှောင်စွာ ပြိုကျလျက် ...။

ဒီအချိန်ပိုင်းလေးအတွင်းမှာပင် ကျွန်တော့်သိစိတ်တွေ အားလုံး ချာချာလည်ကာ ကပြောင်းကပြန် ဖြစ်သွားရလေပြီ။

သေချာမှုတစ်ခုကြောင့် ရင်တစ်ခုလုံး ပလောင်ဆူပွက်နေသည်။





ဖေဖေ့ကို အသိပေးမှ ဖြစ်မယ် ...။ နို့မို့ဆို ဒီအိမ်မှာ ဆက်နေနေရင် ငါတို့ တစ်မိသားစုလုံး ဒုက္ခရောက်လိမ့်မယ်။

ထိုအတွေးက စိတ်လှုပ်ရှားလွန်းအားကြီးနေသည့် ကြားမှပင် ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်လာသဖြင့် ကျွန်တော်က ခြေလှမ်းတွေကို ဖေဖေ့ရုံးဆီသို့ ဦးတည်လိုက်သည်။

စံပယ်လမ်းအတိုင်း ရေစင်ကြီး ရှိရာဘက်သို့ ထွက်လာခဲ့ပြီး ရေကူးကန်ဘက်သို့ ချိုးကွေ့လိုက်သည့်အခါမှာတော့ ဘယ်လိုမှ မမျှော်လင့်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရလေ၏။

''ဟင် !... ကိုဖိုးထောင်''

ကိုဖိုးထောင်မှာ သာယာငြိမ်းချမ်းအိမ်ရာမှ ဝန်ထမ်းတစ်ယောက်နှင့်အတူ လမ်းဘေးတစ်နေရာတွင် စကားရပ်ပြောနေသည်။

သူလည်း ကျွန်တော့်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့ဩသွားပြီး ...

''ဟာ ... ရာဇဝင်''

ဟု ရေရွတ်ရင်း ကျွန်တော့်ထံသို့ အလောတကြီး လာလေသည်။

ရေငတ်တုန်း ရေတွင်းထဲကျဆိုသလိုပင် ကိုဖိုးထောင်ကို တွေ့လိုက်ရသဖြင့် ကျွန်တော် အတိုင်းမသိ ဝမ်းသာသွားသည်။

ကိုဖိုးထောင်က မကောင်းဆိုးဝါး သရဲတစ္ဆေတွေနှင့် ပတ်သက်လျှင် ကြောက်ရွံ့ဖို့နေနေသာသာ သူများ မသွားရဲ၊ မအိပ်ရဲသည့် နေရာတွေမှာပင် လှည့်လည်ကျက်စားခဲ့သူ မဟုတ်ပါလား ...။

ကျွန်တော်က အမောတကော ပြေးလာခဲ့ရ၍ စကားတွေပင် ချက်ချင်း မပြောနိုင်သေးပေ။ ခဏမျှ အမောဖြေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကို . . . ကိုဖိုးထောင်က ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ"

ဟု မောဟိုက်နေသည့်အသံဖြင့် မေးလိုက်သည်။

ဘာဖြစ်လာတာလဲဟု မမေးသော်လည်း ကိုဖိုးထောင်က ကျွန်တော့်ကို အထူးအဆန်းသဖွယ် လိုက်ကြည့်နေသည်။ ပြီးမှ . . .

"ငါ ရန်ကုန်မှာ အလုပ်လုပ်ဖို့ ရွာကနေ ထွက်လာတာကွ။ အခုလောလောဆယ် နေစရာမရှိလို့ ဟောဒီက ငါ့သူငယ်ချင်းကို အကူအညီတောင်းပြီး သူနဲ့အတူတူ သူ့အလုပ်သမားတန်းလျားမှာ နေတယ်လေ . . .။ ဟိုတစ်နေ့ကတောင် မင်းတို့အရင်နေခဲ့တဲ့ တိုက်ခန်းမှာသွားပြီး မေးသေးတယ်။ မင်းတို့ပြောင်းသွားပြီဆိုလို့ ငါတောင် စိတ်မာတ် တော်တော်ကျသွားတာပဲ . . .။ မင်းရော ကျန်းမာရေး ပြန်ကောင်းသွားပြီလား . . ."

ဆက်ပြီးလည်း ကိုဖိုးထောင်က သူ့ကြောင့် ကျွန်တော် ကားတိုက်ခံခဲ့ရသည်ကို အခုထိ စိတ်မကောင်းဖြစ်နေရကြောင်း ပြောပြနေသည်။

သို့သော် ဒီအချိန်တွင် ကျွန်တော့်အတွက် ဒါတွေ အရေးမကြီးပါ။ ကိုဖိုးထောင်ကို အကြောင်းစုံရှင်းပြရင်း ကျွန်တော့်အိမ်သို့ ခေါ်လာခဲ့သည်။

ကျွန်တော့်စကား ဆုံးသွားသည်နှင့် ကိုဖိုးထောင်ဆီမှ သက်ပြင်းရှည်ကြီးချသံကို ကြားလိုက်ရသည်။ ကျွန်တော် အကဲခတ်ကြည့်လိုက်တော့လည်း သူ့မျက်နှာပေါ်တွင် စိတ်မကောင်းဖြစ်နေသည့်ပုံကို တွေ့ရ၏။





ကိုဖိုးထောင်က ခေါင်းကို လေးလေးပင်ပင်ခါယမ်းရင်း . . .

"တကယ်တော့ သရဲတစ္ဆေဆိုတာ ကြောက်စရာမဟုတ်ပါဘူးကွာ . . .။ သူတို့ဘဝက သနားစရာကောင်းပါတယ်။ အကူအညီတစ်ခုခုလိုချင်လို့ လူတွေကို ဆက်သွယ်နေကြတာ။ ဒါကိုပဲ လူတွေက ခြောက်တယ်၊ လှန့်တယ်ဆိုပြီး အမျိုးမျိုးပြောနေကြတာပါ . . ."

အိမ်သို့ရောက်သည့်အခါတွင်လည်း ကိုဖိုးထောင်က တစ်အိမ်လုံးကို လိုက်လံကြည့်ရှုနေပြန်သည်။ ကျွန်တော်ကတော့ စောစောက ကြောက်ရွံ့ခဲ့မှုအရှိန်ကြောင့် လှေကားခြေရင်းဘေးရှိ အုတ်နံရံကိုပင် ရဲရဲမကြည့်ရဲတော့ချေ။

ဆယ့်လေးငါးမိနစ်လောက် ကြာပြီးသည့်နောက်တွင် ကိုဖိုးထောင်က သက်ပြင်းရှည်ကြီးတစ်ချက်နှင့်အတူ ကျွန်တော့်ဘေးတွင် ဝင်ထိုင်လိုက်ပြီး . . .

"ဘာမှ အားမငယ်ပါနဲ့ကွာ . . . ငါတစ်ယောက်လုံးရှိပါတယ်။ မင်း အကူအညီလိုရင် အချိန်မရွေး အလုပ်သမားတန်းလျားကို ဖုန်းဆက်။ ငါ လာခဲ့မယ်။ ပြီးတော့ ဒီအိမ်မှာ ထူးခြားမှုတစ်ခုခု ရှိတယ်ဆိုတာ ငါ အာရုံခံစားမိတယ်။ မင်းဒီလောက်ပဲ သိထားပါကွာ။ ငါလည်း ဒီအိမ်နဲ့ ပတ်သက်တဲ့ အကြောင်းတွေကို စုံစမ်းကြည့်ပါဦးမယ် . . . ဟုတ်ပြီလား"

ကျွန်တော်က ကိုဖိုးထောင်ကို မော့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ သို့သော် ရင်ထဲတွင်တော့ မတင်မကျဖြစ်နေသလို ခံစားရမိသည့်အတွက် ကျွန်တော်က . . .

"ဒီအိမ်မှာ ထူးခြားမှုတစ်ခုခုရှိတယ်ဆိုတာ ကိုဖိုးထောင်

www.burmeseclassic.com



ဘာကိုဆိုလိုတာလဲ . . .''

ကျွန်တော့် အမေးစကားကို ကြားသောအခါ ကိုဖိုးထောင်က ဟက်ခနဲ တစ်ချက်ရယ်မောလိုက်ပြီး . . .

''ငါ ငယ်ငယ်လေးတုန်းက အပြင်းဖျားပြီး သေမလိုလို ဖြစ်ဖူးတယ်ကွ။ တစ်လလောက်ကို သတိမေ့လိုက် ပြန်သတိရလိုက် ဖြစ်နေတာလေ . . .။ ဒါပေမဲ့ ပြန်လည်း ကောင်းလာရော ငါ့မှာ ထူးခြားစွမ်းအင်တစ်ခု သူ့အလိုလို ရလာတယ်။ အဲဒါက ဘာလဲဆိုတော့ ပရလောကသားတွေနဲ့ ပတ်သက်လာရင် အာရုံခံနိုင်စွမ်း ငါ့မှာရှိလာတယ်။ ရှင်းရှင်းပြောရရင် လူတွေကို လိုက်လံဆက်သွယ်နေတဲ့ ပရလောကသားတွေကို သိနိုင်၊ မြင်နိုင်လာတာပေါ့ကွာ။ အဲဒါကြောင့်ပဲ ငါက သရဲတွေ၊ တစ္ဆေတွေ မကြောက်ဘဲ ညအချိန်မတော်ကြီးလည်း သင်္ချိုင်းကုန်းတွေ ဘာတွေကို တစ်ယောက်တည်း သွားရဲတာပေါ့ . . .။ သင်္ချိုင်းကုန်းဆိုတာကလည်း အုတ်ဂူတွေ၊ မြေပုံတွေလောက်သာ ရှိတာပါကွာ . . . တကယ့်တကယ်တမ်း သေတဲ့လူရဲ့ ဝိညာဉ်ဆိုတာ သူတို့ စိတ်စွဲလမ်းရာအရပ်မှာ မကျွတ်မလွတ်ဘဲ ရှိနေတတ်တာကွ''

ကိုဖိုးထောင် ပြောပြနေသည့် အကြောင်းအရာများမှာ ကျွန်တော့်အတွက် အထူးအဆန်းသဖွယ် ဖြစ်နေသည်။ အပြည့်အဝ နားမလည်သော်လည်း ပြန်မေးရန်တော့ မေးခွန်းမရှိချေ။ ထို့ကြောင့်ပင် ကျွန်တော်က ငြိမ်သက်ပြီး နားထောင်နေလိုက်သည်။

အချိန်အနည်းငယ်ကြာပြီးသွားသည့်အခါမှာတော့ ကိုဖိုးထောင်က သူ့လက်တွင် ပတ်ထားသော နာရီကို ဖျတ်ခနဲ ကြည့်ရင်း . . .



''ကဲ . . . ငါ ပြန်ဦးမယ် ရာဇဝင်။ မင်း အရေးအကြောင်း ရှိရင် ဖုန်းဆက်လိုက်ပေါ့''

ဟု ဆိုပြီး နှုတ်ဆက်ကာ ပြန်သွားသည်။

ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခါ ပဟေဠိ ပုစ္ဆာများလိုဖြစ်နေသော အတွေးများက ခေါင်းထဲတွင် ရစ်ဝဲအုံ့ဆိုင်း လာပြန်၏။

ကိုဖိုးထောင်က ငါကြောက်မှာစိုးလို့များ အရိပ်အမြွက်ပဲ ပြောသွားတာလား . . .။ ပြီးတော့ သူ့ကိုကြည့်ရတာ ဒီအိမ်ကြီးအတွင်း မှာ တစ်ခုခုကို တွေ့သွားပုံပဲ . . .။

ဘာကို တွေ့သွားတာလဲ?

ငါ တွေ့တွေ့နေရတဲ့ ဟို မိန်းမကိုလား . . .

တွေးရင်း တွေးရင်းနှင့် ကျွန်တော် ကြက်သီးပင် ထသွားမိသည်။ မျက်လုံးကလည်း လှေကားခြေရင်းဘေးရှိ အုတ်နံ့ရံကို မရည်ရွယ်ဘဲ လှမ်းကြည့်မိလိုက်၏။

အဖြူသတ်သတ် အုတ်နံ့ရံပြင်ကြီးက တစ်စုံတစ်ရာကို ဖုံးအုပ်ကာဆီးပေးနေသယောင်ယောင် . . .။

တကယ်ပဲ အဲဒီ အုတ်နံ့ရံနောက်မှာ ဘာအခန်းမှ မရှိဘူး လား . . .။

နောက်မကြာသော ကာလအတွင်းမှာပင် ထိုမေးခွန်းအတွက် အဖြေကို ကျွန်တော် သိခွင့်ရခဲ့လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ ပြန်ရောက်လာကြချိန်တွင် မိုးပင် စုန်းစုန်းချုပ်နေပြီ . . .။ အိမ်သို့ ပြန်ရောက်ရောက်ချင်း ပန်ပန်က ညစာပင် မစားတော့ဘဲ အပေါ်ထပ်သို့သာ တန်းတက်သွားသည်။ ကြည့်ရသည်မှာ ခွေးလေး ဒန်ဒန်အတွက် အလွန်အမင်း စိတ်မကောင်းဖြစ်ပြီး ဘာမှ မစားချင်၊ မသောက်ချင် ဖြစ်နေပုံရ၏။

ညစာထမင်းစားသည့်အခါတွင် ကျွန်တော်က ဒီနေ့ တွေ့ကြုံခဲ့ရသော ချောက်ချားဖွယ် အဖြစ်အပျက်များအကြောင်းကို မေမေ့အား ပြောပြရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ဝတီနှင့် နိုနိုတို့ ထမင်းစားပြီးသွား၍ မီးဖိုချောင်ထဲမှ ထွက်သွားချိန်တွင် ကျွန်တော်က မေမေ့အား အကြောင်းစုံ ရှင်းပြလိုက်သည်။





အစပိုင်းမှာတော့ မေမေက ကျွန်တော့်စကားကို မျက်လုံးအပြူးသားဖြင့် နားထောင်နေသေးသော်လည်း 'ကိုဖိုးထောင်' ဆိုသည့် နာမည်ကို ကြားလိုက်ရသည့်အခါမှာတော့ ခါးခါးသီးသီး ဖြစ်သွားပြီး . .

"တိတ်စမ်း ! . . . ရာဇဝင်၊ မေမေက တကယ်မှတ်လို့ နားထောင်နေတာ။ မင်းက . . . ဒီ ဖိုးထောင်ဆိုတဲ့ လူနဲ့ တွေ့ပြီး ရှုးကြောင်ကြောင်ဇာတ်လမ်းတွေ ပြန်စလာတာကိုး . . .။ မင်း . . . သူ့ကြောင့် ဆေးရုံတက်ခဲ့ရပြီး၊ မေမေတို့ ဒုက္ခရောက်ခဲ့ရတာတွေကို မေ့သွားပြီလား . . ."

ကျွန်တော် ဘယ်လိုပင် ရှင်းပြပြ မေမေက လက်မခံချေ။ ကိုဖိုးထောင်နှင့် နောက်တစ်ခါ ထပ်မတွေ့ဖို့ကိုသာ ကျွန်တော့်အား တတွတ်တွတ်မှာနေသည်။

နောက်ဆုံး ကျွန်တော်က မေမေ့အလိုကျ 'ဟုတ်ကဲ့' ဟုသာ ပြောရင်း ထမင်းစားပွဲဝိုင်းမှ ထလာခဲ့ရတော့သည်။ ရင်ထဲတွင်တော့ ကျွန်တော့်စကားများကို မေမေ မယုံမကြည်ဖြစ်ခဲ့ရသည့်အတွက် ဝမ်းနည်းနာကျင်နေမိ၏။

မေမေရယ် . . .။

သား စိတ်ကူးယဉ်ပြီး ပြောနေတာ မဟုတ်ပါဘူး . . .။

ဒီအိမ်ကြီးမှာ သားတို့မသိသေးတဲ့ လျှို့ဝှက်ချက်တွေ ရှိနေတယ်ဆိုတာ အမှန်ပါ။

စိတ်ပျက်ဝမ်းနည်းမှုနှင့်အတူ ကျွန်တော်က အပေါ်ထပ်သို့ တက်ရန် လာလိုက်သည့်အချိန်တွင်တော့ လှေကားခြေရင်းဘေးရှိ နံရံထောင့်တစ်နေရာမှ မီးခလုတ်ကို ဖိတ်လိုက်ဖွင့်လိုက်လုပ်နေသော ဝတီအား တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စိတ်ညစ်ညျူးနေသဖြင့် မည်သည့်စကားမျှ မပြောဘဲ လှေကားထစ်ပေါ်သို့တက်ရန် ခြေလှမ်းပြင်လိုက်သော်လည်း ဝတီက . . .

"ကိုကြီး . . . ကိုကြီး ခဏနေဦး။ ညီမလေး မေးစရာရှိလို့"

ဟု ဆိုကာ နံရံပေါ်မှ သူမ အဝိတ်အဖွင့်လုပ်နေသော မီးခလုတ်ကို မေးငေါ့ပြကာ . . .

"ဒီမီးခလုတ်က ဘာအတွက် ထားထားတာလဲ . . . ဟင် ကိုကြီး။ ဖွင့်လိုက်တော့လည်း ဘယ်မီးမှ ပွင့်မလာဘူး . . ."

ထိုစကားကို ကြားရသောအခါ ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် . . .

"ဟာ . . . ဝတီကလည်း . . . အဲဒီ မီးခလုတ်က ပျက်နေတာ နေမှာပေါ့။ ဒါမှမဟုတ် မီးလုံးကျွမ်းလို့ မလာတာလည်း ဖြစ်နိုင်တာပဲ"

ဟု ပြောလိုက်သည်။ သို့သော် . . . ဝတီကတော့ ကျွန်တော့်စကားကို လက်မခံနိုင်ချေ။ သူမက ခေါင်းကိုခါယမ်းပြီး . . .

"ညီမလေးက ခလုတ်ပျက်တာ မပျက်တာကို စိတ်မဝင်စားပါဘူး . . .။ သိချင်တာ ဒီ မီးခလုတ်က ဘယ်ကို ဆက်သွယ်ထားတယ်ဆိုတာ သိချင်တာ . . ."

စိတ်အားထက်သန်စွာပြောနေသော ဝတီ၏စကားကြောင့် ကျွန်တော်က စိတ်မပါတပါဖြင့် နောက်ကြောင်းပြန်လှည့်ကာ သူမအနားသို့ သွားလိုက်သည်။ ထို့နောက် သူမအတွက် ပဟေဠိသဖွယ်ဖြစ်နေသော မီးခလုတ်ကို ကြည့်လိုက်သည်။





ဟုတ်ပါရဲ့ . . . ဒီမီးခလုတ်က ဘယ်နေရာအတွက် တပ်ထားတာလဲ . . .။

အခုမှပင် လှေကားခြေရင်းဘေးရှိ နံရံထောင့်တစ်နေရာတွင် တပ်ဆင်ထားသော မီးခလုတ်တစ်ခုကို ကျွန်တော် သတိပြုမိသွားပြီး အံ့ဩသွားရသည်။

သည်နေရာက အပေါ်ထပ်သို့တက်သည့် လှေကားသာရှိသော နေရာဖြစ်သဖြင့် မီးခလုတ် များများစားစား မရှိပေ။ လှေကားခြေရင်း မျက်နှာချင်းဆိုင်တွင် လှေကားမီးအတွက် မီးခလုတ်တစ်ခုနှင့် အတင်အချလုပ်သော မိန်းခလုတ်တစ်ခုသာ ရှိသည်။

ဒါဆို ဒီခလုတ်က . . .

ကျွန်တော်က အတွေးမဆုံးခင်မှာပင် တစ်စုံတစ်ရာကို ဖျတ်ခနဲ စဉ်းစားမိလိုက်သည်။

ဟင် ! . . . ဒီအိမ် စဆောက်တုန်းက လှေကားခြေရင်းဘေးမှာ အခန်းတစ်ခန်းခန်း ရှိခဲ့လို့များ တပ်ထားခဲ့တဲ့ မီးခလုတ်များလား . . .။

ဟုတ်တယ် . . . ဖြစ်နိုင်တယ် . . .။

တခြားအိမ်တွေမှာဆို ဒီနားမှာ စတိုခန်းရှိတယ် . . .။ ဒီအိမ်ဆောက်ပြီးမှ အကြောင်းတစ်ခုခုကြောင့် အုတ်နံရံကာလိုက်တာ ဖြစ်မယ် . . .။

ဘုရား . . . ဘုရား . . .။

ချွေးလေး ဒန်ဒန်သေတာလည်း ဒီရှေ့မှာပဲ . . .။ ငါ ညနေ့တုန်းကတွေ့ခဲ့တဲ့ မိန်းမကလည်း ဒီအထဲ ဝင်ပြေးသွားတာပဲ . . .။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဟိုတစ်နေ့ညက ဖေဖေ အရက်မူးပြီး ဒီအုတ်နံရံကို တုတ်နဲ့ ရိုက်နေတာ အကြောင်းမဲ့ မဖြစ်နိုင်ဘူး ...။

ငါ ... ဘာလုပ်ရမလဲ?

ဒီအုတ်နံရံရဲ့ အခြားတစ်ဖက်မှာ ကြောက်လန့်စရာကောင်းတဲ့ အရာတစ်ခုခုတော့ ရှိနေပြီ ...။

သေချာမှုတစ်ခုကြောင့် ခြေထောက်နှင်းချရာ မြေပြင်တစ်ခုလုံး ဟင်းလင်းပွင့်လျက် အတိုင်းအဆမဲ့ နက်ရှိုင်းသော အသူတရာ ချောက်ကြီးထဲသို့ ပြုတ်ကျသွားသလို ခံစားလိုက်ရလေတော့သည်။

❑







ည ...။

တခြားညနေတွေထက်ပင် ပို၍ တိတ်ဆိတ်မည်းမှောင်နေသယောင်ယောင်။ ခန်းဆီးလိုက်ကာစကို လှုပ်သည့်ဆိုရုံ တိုးဝင်တိုက်ခတ်နေသော လေပြည်ကလည်း သွေ့ခြောက်ထိုင်းမှိုင်းနေလျက်။

အချိန်က သန်းခေါင်ကျော်နေပြီဖြစ်သဖြင့် ပတ်ဝန်းကျင်မှ မည်သည့်အသံမျှ မကြားရတော့ပေ။

ထိုအချိန်တွင် ထူးဆန်းသည့် အာရုံခံစားမှုတစ်ခုကို ခံစားရပြီး အိပ်ပျော်နေရာမှ ကျွန်တော် ဖျတ်ခနဲ လန့်နိုးလာသည်။

ငါ ဘာလို့ နိုးလာတာပါလိမ့်?

ပထမတော့ ကျွန်တော် ဘာကြောင့် နိုးလာမှန်း သဘော မပေါက်ချေ။ နောက်မှ တစ်စုံတစ်ရာကို သတိပြုမိသွား၏။

အနံ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် . . . ပုပ်အဲ့အဲ့ အနံ့ဆိုးတစ်ခု . . .။

ထိုအနံ့ဆိုးက ကျွန်တော့် အာရုံခံအင်္ဂါမှတစ်ဆင့် သိစိတ်ကို လှုပ်နှိုးနေခြင်း ဖြစ်ပေလိမ့်မည်။

ဘယ်ကထွက်နေတဲ့ အနံ့လဲ ?

ညနေက ငါရခဲ့တဲ့ အနံ့လိုမျိုးပဲ . . .။

ကျွန်တော်က စိတ်လှုပ်ရှားစွာဖြင့် ခုတင်ပေါ်မှ ဆင်းလိုက်သည်။ နောက် . . . အိပ်ခန်းထဲမှ အပြင်သို့ ထွက်လာခဲ့လိုက်သည်။

မီးများ ပိတ်ထားသောကြောင့် အပေါ်ထပ်တစ်ခုလုံး မည်းမှောင်နေ၏။ အားလုံး အိပ်မောကျနေကြ၍ မည်သည့်အသံမှလည်း မကြားရ။

လေထုထဲတွင် ပျံ့နှံ့နေသော အနံ့ဆိုးကသာ ထောင်းထောင်းထလျက် . . .။

"ဒါ . . . အောက်ထပ်ကလာတဲ့အနံ့ပဲ ဖြစ်မယ်"

ဟုတွေးရင်း ကျွန်တော်က လှေကားအတိုင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။ တကယ်ပင် လှေကားထစ်များကို ကျော်လွန်လာလေလေ ရှူရှိုက်နေရသော အနံ့ဆိုးက ပိုပိုဆိုးလာလေလေ ဖြစ်သည်။

အောက်ထပ်တွင်လည်း အလင်းရောင်မှာ မရှိသလောက်နည်းပါးနေသဖြင့် ကျွန်တော်က သတိထားပြီး လှေကားထစ်များကို နင်းဖြတ်နေရသည်။ ဘယ်ဘက်လက်က လှေကားလက်ရန်းကို ကိုင်ထားရသလို ညာဘက်လက်မှာလည်း အုတ်နံရံကို အားပြုထိကိုင်ထားလိုက်၏။

ဒီလိုမှ မလုပ်လျှင် ခြေချော်ကျသွားနိုင်သည် မဟုတ်ပါလား . . .။





နောက်ဆုံး လှေကားထစ်ကို ကျွန်တော် ကျော်လွှားဆင်းလိုက်စဉ်မှာပင် . . .

"ဟင် !"

အုတ်နံရံကို အားပြုကိုင်ထားသော ညာဘက်လက်က တစ်စုံတစ်ရာကို စမ်းမိလိုက်သည်။

တံခါးလက်ကိုင်ဘုတစ်ခု . . .။

သေချာတယ် . . .။ ဒါ . . . ဘယ်လိုမှ မမှားနိုင်ဘူး . . .။

ရုတ်ချည်းပင် ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး ကြောက်စိတ်တို့ဖြင့် လေးလံဖိစီးသွားသည်။ ရင်တစ်ခုလုံး ပွင့်ထွက်တော့မတတ် တဒုန်းဒုန်း ခုန်လာသလို . . . ကျောရိုးတစ်လျှောက်လည်း အေးစိမ့်တက်သွား၏။

ဒါ . . . ဒါ . . . ဘယ်လိုဖြစ်တာလဲ . . .။

ဒီ . . . တံခါးက ဘယ်လိုဖြစ်လို့ ပေါ်လာပြန်တာလဲ . . .။

အခုရနေတဲ့ အပုပ်နံ့က ဒီအထဲက ထင်တယ် . . .။

အတွေးပေါင်းစုံတို့ဖြင့် ခေါက်တည့်ရာမရအောင် ကြောက်လန့်သွားသော်လည်း ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ အဲသည့် ဆုံးဖြတ်ချက်ကတော့ . . .

"ကျွီ . . ."

အလွန်နှေးကွေးသော အသံ၊ လေးလံသော တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်သဖြင့် မြည်သွားသည့် အသံ . . .။

တံခါးပွင့်သွားသည်နှင့် အပုပ်နံ့များမှာ မခံမရပ်နိုင်အောင် ထွက်ပေါ်လာ၏။ ထူးဆန်းစွာပင် အောက်ထပ်တစ်ခုလုံး မည်းမှောင်နေသော်လည်း သည်အခန်းထဲတွင်တော့ မီးခိုးရောင်ဖျော့ဖျော့ အလင်း



www.burmeseclassic.com

www.burmeseclassic.com



တန်းများက ယှက်ဖြာကျနေ၏။

ထိုအလင်းရောင်ဖြင့် မြင်လိုက်ရသည်ကား . . .

လေး၊ ငါးပေလောက်သာ ကျယ်ဝန်းသော အခန်းအလယ်တွင် ပုပ်ပွနေပြီဖြစ်သော အလောင်းတစ်လောင်း . . . ။

"ဟင် . . . ဒါ . . . ဒါ . . . ဘယ်သူ့ . . . အ . . အလောင်းကြီးလဲ"

သွေးပျက်ထိတ်လန့်ဖွယ် မြင်ကွင်းတစ်ခုကို မြင်လိုက်ရသောကြောင့် ကျွန်တော် နှလုံးသွေးရပ်မတတ် ကြောက်ရွံ့သွားပြီး တုန်ယင်ထစ်ငေါ့စွာ ရေရွတ်လိုက်သည်။

မျက်လုံးတွေကလည်း အလောင်း၏ မျက်နှာပြင်ပေါ်သို့ ရွေ့လျားသွားလေ၏။ ကျွန်တော့်နှလုံးအိမ်တစ်ခုလုံး အရှင်လတ်လတ် ဆွဲဆုပ် နှုတ်ယူခံလိုက်ရသလို ခံစားရပြီး အာခေါင်ခြစ် အော်ဟစ်လိုက်မိတော့သည်။

"အား !!!"

ပုပ်ပွသေဆုံးနေသည့် အလောင်းမှာ ကျွန်တော်ကိုယ်တိုင်ပင်။

❑





အခန်း (၅)

အိပ်မက်မှ လန့်နိုးလာသည့်အခါ မိုးပင် စင်စင်လင်းနေလေပြီ . . . ။ ကျွန်တော့် ကိုယ်ခန္ဓာပေါ်တွင် ဝတ်ဆင်ထားသော ညအိပ်ဝတ်အင်္ကျီမှာ ချွေးစက်တို့ဖြင့် ရွဲနစ်နေသလို နှလုံးသားပင် တဒုန်းဒုန်းခုန်နေလျက် ရှိသည်။

အိပ်မက်ထဲတွင် ကိုယ့်အလောင်းကိုကိုယ် ပြန်မြင်ရသည်မှာ အတော်ပင် သွေးပျက်ချောက်ချားစရာ ကောင်းလှ၏။

ဒီအိပ်မက်က ဘာအဓိပ္ပာယ်လဲ . . . ။

ငါ သေးအန္တရာယ်တစ်ခုခုနဲ့ တွေ့ကြုံရမှာမို့ ကြိုတင်သတိပေးတာလား . . . ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထိုအတွေးမျိုး တွေးမိခြင်းမှာ တချို့အိပ်မက်တွေသည် တစ်ခါတစ်ရံ ရှေ့ပြေးနိမိတ်တစ်ခုလို မှန်တတ်ကြသည် မဟုတ်လား . . . ။

အခု ဘယ်နှနာရီထိုးပြီလဲ . . . ။

ကျွန်တော့်မျက်လုံးများက စားပွဲတင်နာရီဆီသို့ အကြည့်ရောက်သွားသည်။ ကိုးနာရီ ဆယ့်ငါးမိနစ် ရှိနေလေပြီ။

ဟင် . . . နေတောင် အတော်မြင့်နေပြီပဲ . . . ။

ဒီလောက် အချိန်တွေအကြာကြီး အိပ်ခဲ့ပြီးတာတောင်မှ အိပ်ရေးဝသည်ဟု မခံစားရ၊ တစ်ကိုယ်လုံး မောပန်းနွမ်းနယ်နေသည်။

ဘာကြောင့်လဲ . . . ဘာကြောင့်လဲ။

ကျွန်တော် စိတ်သောက ရောက်ရလွန်းသောကြောင့် ဖြစ်ပေလိမ့်မည်။

ဟုတ်တော့ ဟုတ်သည်။ မနေ့က တစ်နေ့လုံး လူရောစိတ်ပါ အကြီးအကျယ် ပင်ပန်းဆင်းရဲ ဒုက္ခရောက်ပြီးမှ အိပ်ရာဝင်ခဲ့ရသည် မဟုတ်လား . . . ။ အိပ်ပျော်သွားတော့လည်း အိပ်မက်ဆိုးပေါင်းစုံတို့၏ ဒဏ်ကို ခံစားခဲ့ရပြန်သည်။

အခု မိုးလင်းပိုင်းမက်သည့် အိပ်မက်ကပင် ထိတ်လန့်စရာကောင်းနေ၏။

ကျွန်တော်က အိပ်ရာပေါ်မှ ချက်ချင်းမထသေးဘဲ အခန်းထဲသို့ ဖြာကျနေသည့် နေရောင်ခြည်ကို တွေဝေစွာ ငေးကြည့်နေမိသည်။ အတော်ကြာမှ လေးလံသော ခြေလှမ်းများဖြင့် အိပ်ခန်းထဲမှ ထွက်လာခဲ့၏။





အောက်ထပ်သို့ရောက်သောအခါ မေမေပင် ဈေးသွားနေလေပြီ . . . ။ ကျန်သည့် မောင်နှမများကတော့ မီးဖိုချောင်ထဲတွင် တိတ်ဆိတ်စွာ မနက်စာ စားနေကြသည်။

အရင်တုန်းကဆိုလျှင် မနက်စာစားတိုင်း နီနီနှင့် ပန်ပန်တို့၏ အသံများက ဆူညံနေလျက် . . . ။ အခုတော့ စိတ်ညစ်ညူးစရာကိစ္စများကြောင့် အသက်မဲ့သလို တိတ်ဆိတ်နေကြသည်။

အဲဒါ ဘယ်သူ့ကြောင့်လဲ?

ညဘက် အရက်မူးလာရင် သွေးဆိုးတတ်တဲ့ ဖေဖေ့ကြောင့်လား . . . ။ ဒါမှမဟုတ် ဒီအိမ်ရဲ့ အမှောင့်ပယောဂတွေကြောင့်လား . . . ။

တကယ့်တကယ်တမ်း စဉ်းစားကြည့်လျှင်တော့ ကျွန်တော့်ကြောင့်ပင်။ ကျွန်တော့်ကြောင့် တစ်သက်လုံး အေးအေးချမ်းချမ်း နေထိုင်ခဲ့သော တိုက်ခန်းကို တစ်ပါးသူထံတွင် ပေါင်နှံကာ ဒီအိမ်ကြီးကို ပြောင်းလာရသည့်အတွက်ကြောင့် ဖြစ်သည်။

အရင်တိုက်ခန်းမှာဆိုလျှင် ဒီလို စိတ်ညစ်စရာတွေ ကြုံရမည် မဟုတ်။

ငါ . . . ဒါတွေကို ဘယ်လို အလျော်ပြန်ပေးရပါ့မလဲ?

နောက်ဆုံးတော့ ကျွန်တော်က သက်ပြင်းကိုသာ လေးလေးလံလံချရင်း ရေချိုးခန်းထဲသို့ ဝင်လာခဲ့တော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

"ဒေါက် ... ဒေါက် ... ဒေါက်"

"ကိုကြီး .. ကိုကြီး ... အောက်ထပ်မှာ ဧည့်သည်ရောက်နေတယ်"

တံခါးကိုခေါက်ကာ အပြင်ဘက်မှ အော်ပြောနေသော ဝတီ့အသံကြောင့် ကျွန်တော်က အဝတ်အစားလဲနေရာမှ ...

"အေးအေး ... လာပြီ"

ဟုပြောရင်း အိပ်ခန်းထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ စိတ်ထဲတွင်လည်း 'ဘယ်သူများပါလိမ့်' ဟု သိချင်သွားမိသည်။

ဒီအနီးအနားပတ်ဝန်းကျင်တွင် ကျွန်တော့် အသိမိတ်ဆွေတစ်ယောက်မှမရှိ။ ကျောင်းက သူငယ်ချင်းတွေများ မတွေ့တာကြာလို့ လိုက်လာကြတာလားဟု တွေးမိသေးသည်။

မဟုတ်ပါ။





အောက်ထပ်သို့ ရောက်သောအခါ ဧည့်ခန်းထဲရှိ ဆိုဖာထိုင်ခုံပေါ်တွင် ထိုင်နေသော ကိုဖိုးထောင်ကို တွေ့ရသည်။

တော်သေးတယ် ... မေမေမရှိလို့။ မနေ့ကပင် ကိုဖိုးထောင်ဆိုသည့် နာမည်ကြားရုံဖြင့် ကျွန်တော် နားကွဲလုမတတ် အဆူခံခဲ့ရသည် မဟုတ်လား။

ကျွန်တော်က အိမ်ထဲတွင် စကားပြောလျှင် မလွတ်လပ်မည်စိုး၍ ခြံထဲရှိ ခုံတန်းဆီသို့ ကိုဖိုးထောင်အား ခေါ်လာခဲ့သည်။

ကိုဖိုးထောင်က အိမ်အပြင်သို့ ရောက်ရောက်ချင်းမှာပင် ...။

"ရာဇဝင် ... ငါ မင်းတို့အိမ်ရဲ့အကြောင်းကို သိရပြီ"

"ဟင် ... ဟုတ်လား"

အလွန်အမင်းသိချင်နေသော အကြောင်းအရာတစ်ခုကို ကြားလိုက်ရသောကြောင့် ကျွန်တော့်မှာ ကူနွေ့မဆည်နိုင်အောင်ဖြစ်သွားပြီး ကိုဖိုးထောင်ကို အလောတကြီး ပြန်မေးလိုက်သည်။

ကိုဖိုးထောင်က ခေါင်းကိုညိတ်ပြရင်း ခုံပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ပြောရမှာတော့ စိတ်မကောင်းစရာပဲ ... ကွာ။ ဒါပေမဲ့ ငါအတတ်နိုင်ဆုံး ကူညီပေးပါ့မယ်။ ဒီအိမ်ဆောက်လို့ ပြီးခါနီးတုန်းက ဒီမှာ လူသတ်မှုတစ်ခု ဖြစ်ခဲ့တယ်"

"လူ ... လူသတ်မှု ... ဟုတ်လား ... ကိုဖိုးထောင်"

ကြားလိုက်ရသောစကားကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားပြီး အထိတ်တလန့် ပြန်မေးလိုက်သည်။ ရင်ထဲတွင်လည်း ရက်ပေါင်းများစွာ မတင်မကျဖြစ်ခဲ့သော သံသယစိတ်များ၏ အခြေအနေမှန်ကို သိရတော့မည်ဖြစ်သဖြင့် တဒုန်းဒုန်း ခုန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးထောင်က . . .

"ဟုတ်တယ် . . . ရာဇဝင်။ ဒီအိမ်မှာ လူသတ်မှုတစ်ခု ဖြစ်ခဲ့တယ်။ သတ်တဲ့လူက 'ကျော်ကြီး'ဆိုတဲ့ ပန်းရန်ဆရာတစ်ယောက်ပဲ။ အသတ်ခံလိုက်ရတာက အုတ်သယ်၊ ကျောက်သယ်တဲ့ အလုပ်သမလေးတစ်ယောက်လေ . . ."

ကျွန်တော့်မျက်လုံးထဲတွင် ကွတ်ခနဲ ကွင်းခနဲဆိုသလို ဒီအိမ်ကြီးတွင် မကြာခဏ မြင်တွေ့ရတတ်သော ဆံပင်ရှည်ရှည်၊ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် မိန်းမကို ပြေးမြင်မိလိုက်သည်။

ကိုဖိုးထောင် ဆက်ပြောနေသည့် စကားများကို ကျွန်တော်က အသက်မရှူဘဲ နားထောင်နေမိ၏။

"အဲဒီ ပန်းရန်ဆရာကျော်ကြီးက တစ်နေ့လည်းကျရော တခြားအလုပ်သမားတွေ ထမင်းသွားချိန်မှာ အလုပ်သမလေးကို မတော်မတရားပြုကျင့်ဖို့ ကြံတော့တာပဲ . . .။ ဒါပေမဲ့ သူလိုချင်တာကို အလုပ်သမလေးဆီက မရဘူးလေ။ မရိုလို့ ရိုးရိုးသားသားလုပ်စားတဲ့ အလုပ်သမလေးက မိန်းမကောင်း ပီပီ ယုတ်မာတဲ့ ပန်းရန်ဆရာလက်က လွတ်မြောက်ဖို့ ကြိုးစားရင်း . . အော်တယ် ဟစ်တယ်တွေ ဖြစ်ကုန်တာပေါ့။ နောက်ဆုံး ပန်းရန်ဆရာက ဘေးပတ်ဝန်းကျင်ကလူတွေ ကြားသွားမှာ စိုးပြီး အလုပ်သမလေးကို လက်ပြန်ကြိုးတုပ်၊ ပါးစပ်ကို အဝတ်နဲ့ဆို့ပြီး လှေကားခြေရင်းဘေးက စတိုခန်း လေးထဲမှာ ထည့်ထားပြီး သူ ဘာလုပ်ရမလဲ ကြံနေတုန်း တခြား အလုပ်သမားတွေ ထမင်းစားရာက ပြန်ရောက်လာကြတယ်လေ . . ."



"ဟင် . . . ဒါ . . . ဒါဆို လှေကားခြေရင်းဘေးမှာ တကယ်ပဲ စတိုခန်း ရှိခဲ့ဖူးတာပေါ့နော် . . ."

ကိုဖိုးထောင်က စိတ်မပါတပါဖြင့် ခေါင်းညိတ်ပြသည်။ ပြီးမှ . . .

"အဲဒီ စတိုခန်းထဲမှာပဲ အလုပ်သမလေးက အကြောက်တရားတွေ၊ ခံပြင်းနာကျည်းမှုတွေနဲ့ အသက်ဆုံးခဲ့ရတာပေါ့ကွာ . . .။ ဟို . . . လူမဆန်တဲ့ ပန်းရန်ဆရာက တခြား အလုပ်သမား ပြန်တဲ့အချိန်ထိ စောင့်ပြီးမှ တံခါးဖွင့်ပေးခဲ့တာလေ . . .။ ဒါပေမဲ့ လေးငါးပေလောက်သာရှိတဲ့ အခန်းထဲမှာ မအော်နိုင်၊ မလှုပ်နိုင်အောင် ချုပ်နှောင်ခံထားရတဲ့ မိန်းမပျိုအလုပ်သမလေးကတော့ အဲဒီအချိန်မှာ အသက်မရှိတော့ဘူးလေ။ ပန်းရန်ဆရာ ' ကျော်ကြီး 'လည်း သူ ကျူးလွန်ခဲ့တဲ့ အမှားက ဘယ်လောက်ထိတောင်အပြစ်ကြီးသွားပြီဆိုတာ သိလည်း သိသွားရော လွတ်ရာကျွတ်ရာကို ပြေးတော့တာပေါ့။ တစ်လ လောက်ကြာမှ စတိုခန်းက ပုပ်နံ့ထွက်လာလို့ ဒီအဖြစ်ဆိုးကို အားလုံးသိခဲ့ရတာလေ။

"ကျော်ကြီးကတော့ ခုချိန်ထိ ခြေရာပျောက်နေတုန်းပဲ"

"ဒါဆို ကျွန်တော်တို့အိမ်မှာ အဲဒီ့အလုပ်သမက မကျွတ်မလွတ်ဘဲ ရှိနေသေးတာပေါ့ . . . ဟုတ်လား ကိုဖိုးထောင်။ ကျွန်တော်တို့ ဘာလုပ်ရမလဲ။ ပြီးတော့ ဘာဖြစ်လို့ စတိုခန်းကို ပိတ်ပစ်လိုက်တာလဲ"

အားငယ်ကြောက်ရွံ့သွားသော ကျွန်တော့်ကို ကြည့်ပြီး ကိုဖိုးထောင်က ငြိမ်သက်ကျသွားသည်။ နောက် . . . တစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com

လေးလေးနက်နက် စဉ်းစားတွေးတောပုံဖြင့် စကားမပြောဘဲ နှုတ်ဆိတ်နေ၏။

ကျွန်တော့် အတွေးတွေကတော့ ခေါင်းထဲတွင် ယောက်ယက်ခတ်နေသည်။ ဒီအိမ်တွင် ဆက်နေဖို့ ကျွန်တော့်မှာ သတ္တိမရှိတော့ပေ။ ဖြစ်နိုင်လျှင် အခုချက်ချင်းပင် တခြားနေရာတစ်ခုခုသို့ ပြောင်းပြေးလိုက်ချင်တော့သည်။

ရင်တစ်ခုလုံး စိုးရိမ်ကြောက်ရွံ့စိတ်တို့ဖြင့် ဗလောင်ဆူနေစဉ်မှာပင် ကိုဖိုးထောင်ဆီမှ အသံကို ကြားလိုက်ရသည်။

"နာကြည်းခံပြင်းမှုတွေ၊ ကြောက်လန့်တုန်လှုပ်မှုတွေနဲ့ သေခဲ့ရတဲ့လူဆိုတော့ ဘယ်အလွယ်တကူ ကျွတ်လွတ်သွားပါ့မလဲ ...။ ပြီးတော့ သူမသေခင်အချိန်ထိ မျှော်လင့်တောင့်တခဲ့တာက လွတ်မြောက်မှုလေ ...။ သူ့ကို ပိတ်လှောင်ထားခဲ့တဲ့နေရာကို အလောင်းလည်းတွေ့ရော အခန်းကိုပိတ်ပြီး အုတ်နံရံအပြည့်လုပ်ပစ်တော့ သူ မလွတ်မြောက်နိုင်ဘဲ ဖြစ်နေတာ နေမှာပေါ့ ...။ ဒါကြောင့် သူ ကျွတ်လွတ်ချင်လို့ မင်းတို့ကို ဆက်သွယ်နေတာလားမှ မသိတာ ...။ အဲဒီလိုမျိုးဆိုရင်တော့ ငါ ကူညီလို့ရပါတယ်ကွာ။ ဘာမှ စိတ်မပူနဲ့"

ထိုစဉ်မှာပင် မေမေ ဈေးကပြန်လာပြီး ခြံထဲသို့ဝင်လာသည်ကို တွေ့လိုက်ရသည်။ မေမေက အမှတ်တမဲ့ လှမ်းကြည့်ရင်း ကိုဖိုးထောင်ကို မြင်သွားသောအခါ ရုတ်ချည်းဆိုသလို မျက်နှာအမူအရာ ပြောင်းလဲသွားပြီး ...

"နင် .. နင် ... ငါ့သားကို ဒုက္ခထပ်ပေးဦးမလို့ ပြန်လာတာလား ...။ အခုချက်ချင်း ငါ့အိမ်ထဲက ထွက်သွားစမ်း ... သွား ... သွား"

ဟု ဒေါ်နှင့်မောနှင့် အော်ဟစ်ပြောဆိုလေသည်။

ရုတ်တရက်မို့ ကျွန်တော်ပင် ဘာပြောလို့ ပြောရမှန်းမသိဘဲ ကြောင်ငေး ကြည့်နေမိသည်။

ကိုဖိုးထောင်ကမူ ပျာပျာသလဲ အမူအရာဖြင့် ...

"မဟုတ်ပါဘူး ... အစ်မကြီးရယ် ...။ ကျွန်တော် ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး ...။ အစ်မကြီးတို့ကို ကူညီရအောင် လာခဲ့တာပါ ..."

"ဘာအကူအညီမှ မလိုချင်ဘူး ... နင်သာ အခုချက်ချင်း ငါ့ခြံထဲက ထွက်သွား။ မသွားရင် ငါ ရဲခေါ်လိုက်မှာနော် ..."

"နေပါဦး ... မေမေ ...၊ သား ... ရှင်းပြတာ နားထောင်ပါဦး ..."

ရဲခေါ်လိုက်မယ်ဆိုသော စကားကြောင့် ကျွန်တော်က ရင်ထိတ်သွားပြီး မေမေ့ကို ရှင်းပြဖို့ ကြိုးစားလိုက်သည်။ သို့သော် ... မေမေကတော့ ခါးခါးသီးသီး ငြင်းဆန်နေလျက် ...။

မေမေ၏လုပ်ရပ်ကြောင့် ကျွန်တော့်မှာ ကိုဖိုးထောင် မျက်နှာကိုပင် မကြည့်ရဲတော့ချေ။ ဝမ်းနည်းလွန်းသောကြောင့် ရင်ထဲမှာ ဆို့တက်လာသည်။

ဘယ်လိုပြောပြော မရသည့်အဆုံး ကိုဖိုးထောင်က ခေါင်းငိုက်စိုက်ချကာ ခြံထဲမှ ထွက်သွားလေသည်။

ထိုမြင်ကွင်းက ကူကယ်ရမယ့်သူတစ်ယောက်လို ကျွန်တော့်ရင်ကို ဟာလာဟင်းလင်း ဖြစ်သွားစေခဲ့မှန်း မေမေ မသိခဲ့ပါ။







www.burmeseclassic.com

www.burmeseclassic.com



သွားပြီ . . . ။

ငါတို့ကို ကူညီမယ့်သူ မရှိတော့ဘူး . . . ။ တစ်သက်လုံး ဒီအိမ်ကြီးမှာ စိတ်ချောက်ချားစရာတွေနဲ့ပဲ နေနေရတော့မှာလား . . . ။

ကျွန်တော်က နာကြည်းခံပြင်းစွာဖြင့် နှုတ်ခမ်းကို တင်းတင်းဖိကိုက်ထားလိုက်မိတော့သည်။

❑





ခုတင်ပေါ်တွင် ထိုင်လိုက်၊ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်နှင့် ကျွန်တော့်စိတ်တွေ ဂနာမငြိမ်ဖြစ်နေသည်မှာ ဒီနေ့ တစ်နေကုန်ပင်။

ခေါင်းထဲတွင်လည်း အတွေးပေါင်းစုံက ယောက်ယက်ခတ်လျက် . . . ။ ရင်ထဲမှာပင် တစ်ခုခုကို ဘဝင်မကျသလိုမျိုး ခံစားရကာ မအီမသာဖြစ်နေရသည်။

ဘယ်သူ့ကို အကူအညီတောင်းရင် ကောင်းမလဲ?

ကိုဖိုးထောင်ကတော့ ဘယ်လိုမှ ကူညီပေးမှာ မဟုတ်တော့ဘူး . . . ။ ဖေဖေ့ကို အေးအေးဆေးဆေး ပြောပြပြီး ဒီအိမ်ကြီးကနေ ပြောင်းဖို့ပြောရင် ကောင်းမလား . . . ။

ဖေဖေရော ဒီအိမ်ကြီးရဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ သိရဲ့လား . . . ။

ကျွန်တော်က ကိုယ့်အတွေးကိုကိုယ် ချက်ချင်းကန့်ကွက်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

မသိစရာ ဘာအကြောင်းရှိလို့လဲ . . .။ သူက ဒီအိမ်ရာဝန်းစတည်ကတည်းက အလုပ်လုပ်လာခဲ့တဲ့ လူပဲ . . .။

ဒါနဲ့များ ဘာလို့ ဖေဖေက ဒီအိမ်ကို ပြောင်းလာရတာလဲ . . .။ ပြီးတော့ ဒီအိမ်ရောက်မှ ဖေဖေ အရက်တွေသောက်ပြီး သောင်းကျန်းလာတာဆိုတော့ အကြောင်းတစ်ခုခုရှိရမယ် . . .။

အဲဒီအကြောင်းက ဘာလဲ ?

ဖေဖေရော ငါ့လိုပဲ ဟို သေသွားတဲ့ မိန်းမရဲ့ ဝိညာဉ်ကို တွေ့ဖူးလား?

တစ်စထက်တစ်စ ရှုပ်ထွေးလာသော အတွေးများကြောင့် ကျွန်တော် ခေါင်းတွေပင် မူးဝေလာသည်။ ထို့ကြောင့် ပြတင်းပေါက်နားတွင်ရပ်ကာ လေညှင်းခံနေလိုက်သည်။

ခြံထဲတွင်တော့ နိုနိုက ဂိုဒေါင်ထဲမှ ဆယ်ပေါင်တူကြီးကို အရိုးမှ တရွတ်တိုက်ဆွဲကာ ယူလာပြီး ခြံထဲတွင် ဆော့နေသည်။ ဝတီနှင့် ပန်ပန် တို့နှစ်ယောက်မှာ ဒန်းစီးရင်း စကားပြောဆိုနေကြလျက် . . .။

ကျွန်တော်တစ်ယောက်သာ သူတို့လို မအေးချမ်းနိုင်ဘဲ စိုးရိမ်သောကစိတ်တို့ဖြင့် ပူလောင်နေသည်။

ဘာပဲဖြစ်ဖြစ် . . . ကျွန်တော့်ညီ၊ ကျွန်တော့်ညီမတွေ ဒီလို အေးချမ်းနေသည်ကိုမြင်ရရင် တော်ပါပြီ . . .။ ဒီလိုမှမဟုတ်ဘဲ ငူငိုင်တိတ်ဆိတ်နေလျှင်တော့ ကျွန်တော် ဘယ်နည်းနဲ့မှ စိတ်ချမ်းသာနိုင်မည် မဟုတ်ပါ။

ညစာစားချိန်ရောက်သည့်အခါတွင်တော့ မေမေက အခန်းထဲထိရောက်လာပြီး ကျွန်တော့်ကို လာခေါ်သည်။

မေမေက မနက်တုန်းက ကိစ္စအတွက် နောင်တရနေပုံပေါ်





သည်။ ထို့ကြောင့်ပင် ကျွန်တော်က မေမေ့လက်ကို ဆုပ်ကိုင်ပြီး . . .

"မေမေ . . . ဒီအိမ်နဲ့ပတ်သက်ပြီး သားပြောပြတာကို နားထောင်ပေးပါလား . . .။ သားတို့ တစ်မိသားစုလုံးနဲ့ ဆိုင်လို့ သား တောင်းဆိုတာပါ မေမေရယ် . . .။ နားထောင်ပေးပါနော်"

ဟု တောင်းတောင်းပန်ပန်ဖြင့် ပြောလိုက်သည်။

မေမေက ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားပုံရ၏။ လိုလိုလားလားပင် ခေါင်းညိတ်ပြပြီး . . .

"သား ဒီလောက်တောင် ပြောပြချင်နေတော့ မေမေ နားထောင်ပေးပါ့မယ်ကွယ်။ သားပြောတာတွေ အမှန်ဖြစ်မယ်လို့လည်း မေမေ ယုံကြည်ပါတယ်"

ဟု ကျွန်တော့် ဦးခေါင်းထက်မှ ဆံပင်များကို ခပ်ဖွဖွပွတ်သပ်ရင်း ပြောလေသည်။ ကျွန်တော့်မှာ ဝမ်းသာသွားပြီး ချက်ချင်းပင် သိထားသမျှ အကြောင်းအရာတို့ကို မေမေ့အား ပြောပြလိုက်တော့၏။

"ဒါ . . . ဒါ . . . တကယ်ပဲလား . . . သား . . ."

ကျွန်တော့် စကားဆုံးသည်နှင့် မေမေက မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားပြီး အလန့်တကြားမေးသည်။

ကျွန်တော်က ခေါင်းကို ဆတ်ပြရင်း . . .

"ဟုတ်တယ် . . . မေမေ။ ဒီအိမ်က သားပြောခဲ့တဲ့အတိုင်းပဲ . . .။ ဒီအတိုင်း ကြာကြာဆက်နေလို့တော့ မဖြစ်တော့ဘူး . . ."

မေမေက အချိန်တော်တော် ကြာသည့်အထိ စကားမပြောဘဲ ငြိမ်သက်သွားသည်။ ပြီးမှ လေသံသဲ့သဲ့လေးဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီည မင်းဖေဖေ ပြန်လာရင် ပွင့်ပွင့်လင်းလင်းမေးပြီး တစ်ခုခု လုပ်ရတော့မှာပေါ့ကွယ်"

သို့သော် ကျွန်တော်တို့ သားအမိနှစ်ယောက်၏ဆန္ဒမှာ မပြည့်ဝခဲ့ချေ။ ဖေဖေက အိမ်သို့ ဘီလူးဆိုင်းတီးကာ ဝင်လာခဲ့သော ကြောင့်ပင် ဖြစ်သည်။

"တောက်! ... ငါပြန်လာတာတောင် ဘယ်သူမှ ဆင်းမကြို ကြဘူး ...။ ဘာလဲ ... နင်တို့က ငါ့ကို အရေးမစိုက်ဘူး ဆိုတဲ့ သဘောလား။ အေး ... တွေ့မယ် ... ငါ့အကြောင်း နင်တို့အားလုံး သိစေရမယ်။ ကြည့်စမ်းပါဦး ... မိတာတက် မှာကို မနေမြောကြဘူး ...။ မီးတွေကို ဖွင့်ထားလိုက်ကြတာ။ ငါ့မှာတော့ လည်ပင်းက နာ၊ အသက်ရှူက ကျပ်ရတဲ့ကြားက နင်တို့စားဖို့လည်း ရှာရ၊ အဝတ်ဖိုးပေးရအောင် ကားလည်း မောင်းရနဲ့ လူနဲ့ကို မတူတော့ဘူး။ နင်တို့က အိမ်မှာ ထိုင်ပြီး ပိုက်ဆံကို အလကားဖြုန်းတီးနေကြတယ်ပေါ့ ... ဟုတ် လား ... တောက်!"

ကျွန်တော်က ခုတင်ပေါ်တွင် အိပ်နေသော်လည်း အသက်ပင် ပြင်းပြင်းမရှူရဲတော့ချေ။ တစ်ကြိမ်တစ်ခါမျှ ဖေဖေ ဒီလောက်အထိ သွေးဆိုးတာကို မမြင်ဖူးသောကြောင့် စိတ်ထဲတွင် ပြောမပြတတ်အောင် ကြောက်ရွံ့နေမိသည်။

အောက်ထပ်တွင်လည်း တဖြောင်းဖြောင်း တဂွမ်းဂွမ်းနှင့် ဖေဖေက ဘာတွေကို ရိုက်ခွဲနေမှန်းမသိ။ မေမေ့၏ အခန်းဘက်သို့ နားစွင့်ကြည့်သော်လည်း မည်သည့်အသံမှ မကြားရ။





အားလုံး ကြောက်ကြောက်နဲ့ အခန်းထဲမှာပင် နေနေကြသည် ထင်၏။ ခဏကြာတော့ ခြေသံပြင်းပြင်းနှင့်ကာ အပေါ်ထပ်သို့ တက်လာ သော ဖေဖေ့အသံကို ကြားရသည်။ ပါးစပ်မှလည်း အသံဝါကြီးဖြင့် ကျယ်လောင်စွာ ကြိမ်းမောင်းနေလျက် ...။

ဟင် !... ဒုက္ခပါပဲ ...။

ဖေဖေတော့ မေမေ့ကို သွားပြီး တစ်ခုခုလုပ်တော့မယ်နဲ့ တူတယ်။

ကျွန်တော် ထင်သည့်အတိုင်းပင်။ မေမေတို့ အခန်းဘက်မှ ဝုန်းသုန်းကားဖြစ်နေသံများကို စတင်ကြားလိုက်ရသည်။

ကျွန်တော် ငြိမ်ကုပ်နေ၍ မဖြစ်တော့ပေ။

လွန်လွန်ကြူးကြူးမဖြစ်အောင် တစ်ခုခုလုပ်မှ ရတော့မည်။ ကျွန်တော်က စိုးရိမ်တကြီးဖြင့် မေမေ့အခန်းထဲသို့ ပြေးဝင်လာခဲ့သည်။

မေမေ့အခန်းထဲတွင် ကျွန်တော့်ထက်အရင် ဝတီနှင့် ပန်ပန် က ရောက်နေလေပြီ ...။ သူမတို့ နှစ်ယောက်စလုံး ကြောက်ရွံ့တုန်လှုပ် စွာဖြင့် မေမေ့ဘေးတွင် ရပ်ကာ ငိုယိုနေကြ၏။

ကျွန်တော်က ဖေဖေ့ဆီသို့ ပြေးသွားလိုက်ပြီး ...

"ဖေဖေရယ် ... မလုပ်ပါနဲ့။ သား တောင်းပန်ပါတယ်"

ဟု ပြောဆိုလိုက်သော်လည်း မရပေ။ ဖေဖေက ကျွန်တော့်ကို တွန်းဖယ်ပြီး လက်ထဲမှတုတ်ဖြင့် တွေ့ရာမြင်ရာ မီးလုံးမီးချောင်းတွေ ကို လိုက်ရိုက်ခွဲနေ၏။

"ခွမ်း !"

'ဖြောင်း"

"ဖုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ မေမေက ဝမ်းနည်းဆို့နင့်လာပြီး တတွတ်တွတ် တောင်းပန်နေ၏။

"တော်ပါတော့ . . . ကိုစည်သူရယ် . . . ကလေးတွေမျက်နှာလည်း ပြန်ငဲ့ပါဦး . . . အဟင့် . . . အဟင့် . . . ဟီး . . ."

ကျွန်တော်ကတော့ ထိတ်လန့်ကြောက်ရွံ့စွာ ငိုယိုနေကြသော နီနီနှင့် ပန်ပန်ကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်ထားရင်း ဖေဖေ၏ လှုပ်ရှားမှုများကိုသာ ရင်နာနာဖြင့် လိုက်ကြည့်နေမိသည်။

ဝတီက တသိမ့်သိမ့် ရှိုက်ငိုနေသော မေမေ့ကို ပွေ့ဖက်ထားသလို သူမကိုယ်တိုင်လည်း ငိုနေ၏။

အရက်ကြောင့် သိစိတ်မဲ့သွားသော ဖေဖေ့မှာ အားရကျေနပ်သောင်းကျန်းပြီးမှ . . .

"ဒီအိမ်မှာ ငါ မနေချင်တော့ဘူး . . ။ ငါဘာသာ ငါပဲ နေတော့မယ်"

ဟု ဒေါသတကြီးအော်ဟစ်ရင်း အပေါ်ထပ်မှ ယိုင်တိယိုင်တိုင်ဖြင့် ဆင်းသွားလေသည်။ နောက် အိမ်ရှေ့မှ ကားစက်နှိုးသံနှင့်အတူ ဝေါခနဲ မောင်းထွက်သွားသည့် အသံကိုပါ ကြားရလေသည်။

နောက်ဆုံးမှာတော့ ကျွန်တော်တို့ သားအမိတွေသာ မည်းမှောင်တိတ်ဆိတ်သွားသော အိမ်ကြီးပေါ်တွင် ကျန်ရစ်ခဲ့ရတော့သည်။

❑





"ဟီး . . . ဟီး . . . သားကြောက်တယ်၊ မီးဖွင့်ပေး"

နီနီ၏ စူးစူးဝါးဝါး ထငိုလိုက်သံက အမှောင်ထဲတွင် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေကြသော ကျွန်တော်တို့ သားအမိတွေကို ဆို့နင့်ကြေကွဲသွားစေသည်။

သို့သော် . . . ဘာမှမတတ်နိုင်ပေ။

ချော့မော့နှစ်သိမ့်ဖို့မှတစ်ပါး အခြားနည်းလမ်း မရှိပေ။ တစ်အိမ်လုံးရှိ မီးလုံးများကို ဖေဖေက တစ်လုံးတလေပင် မကျန်အောင် ရိုက်ခွဲဖျက်ဆီးသွားခဲ့လေပြီ။

မေမေက နီနီ အငိုတိတ်လိုတိတ်ငြား တစ်ခုတည်းသော အလင်းရောင် ထွက်ပေါ်စေမည့် ဓာတ်မီးကို အိပ်ခန်းနံရံအား ထောင်ထိုးလိုက်ပြီး . . .

www.burmeseclassic.com

“သားလေးရယ် … တိတ်ပါကွယ်။ ဘာမှ ကြောက်စရာမရှိပါဘူး။ မေမေရော ကိုကိုတို့ မမတို့ပါ ရှိတယ်လေ …”

“ဟင့်အင်း … ဟင့်အင်း … မီးဖွင့်ပေး … သား ကြောက်တယ် … ဟီး … ဟီး … ဟီး …”

ဘယ်လိုပင် နှစ်သိမ့်၊ နှစ်သိမ့် နိုနိုက တဟီးဟီးနှင့် အော်ငိုနေသည်။ ဝတီနှင့် ပန်ပန်တို့နှစ်ယောက်က အမှောင်ထဲတွင် ဟိုစမ်းဒီစမ်းရင်း ချော့မော့နေသည့်တိုင် မရပေ။

ကျွန်တော်တို့ သားအမိတွေမှာ နိုနိုကို ချော့မော့နေရသည်က တစ်မျိုး၊ မည်းမှောင်ကာ ထိတ်လန့်စရာကောင်းသော ဒီအိမ်ကြီးအတွင်းတွင် သည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် နေရသည်ကတစ်မျိုးနှင့် ပင်ပန်းဆင်းရဲလွန်းလှသည်။

တောက်! အရင်တိုက်ခန်းမှာနေရင် ဒီလိုဖြစ်စရာ ဘာအကြောင်းမှ မရှိဘူး …။ ဒါတွေအားလုံး ငါ့ကြောင့် … ငါ့ကြောင့် ..။

စိတ်မချမ်းမြေ့စရာအဖြစ်အပျက်များကြောင့် ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် နာကြည်းဒေါသထွက်နေမိသလို စာနာစိတ်ကင်းမဲ့သွားသော ဖေဖေ့ကို မုန်းတီးသွားမိသည်။

ကျွန်တော်က အံကို တင်းတင်းကြိတ်ရင်း …

“မေမေ … သား ဖုန်းဆက်ပြီး ညစောင့်တွေကို အကူအညီတောင်းကြည့်လိုက်ဦးမယ်”

ဟု ပြောလိုက်သည်။

ဒီအတိုင်း လုပ်လိုက်သည်က အမှောင်ထဲမှာ ငုတ်တုတ်ထိုင်ရင်း တစ်ညလုံး စိုးတထိတ်ထိတ်ဖြင့် နေရသည်ထက် ပိုကောင်းလှ၏။





သို့သော် မေမေကမူ ချက်ချင်း သဘောမတူပေ။ မိနစ်အနည်းငယ်လောက် စဉ်းစားပြီးမှ …

“အေး … အေး … ညစောင့်တွေကို အကူအညီတောင်းချင်တောင်းလိုက်လေ။ ဒါပေမဲ့ သားတော့ အောက်ထပ်ကို တစ်ယောက်တည်း မသွားပါနဲ့ …။ မေမေတို့ပါ လိုက်ခဲ့ပါ့မယ်”

“မလိုက်နဲ့ … မေမေ၊ မှောင်မှောင်မည်းမည်းနဲ့ မီးသီးအကွဲတွေ နင်းမိနေဦးမယ်။ သား .. သွားရဲပါတယ်”

ရှိသမျှလူ တစ်ပြုံတစ်ခေါင်းကြီးဖြင့် ဖုန်းသွားဆက်ရလောက်အောင်အထိ ကျွန်တော် သတ္တိမကြောင်ပေ။ အပေါ်ထပ်ရော အောက်ထပ်ပါ မီးသီးအကွဲအစတွေနဲ့ဆိုတော့ မတော်တဆ တစ်ယောက်ယောက်များ နင်းမိသွားလျှင် ပိုဆိုးကုန်လိမ့်မည်။

မှောင်မှောင်မည်းမည်းနှင့်ဆိုတော့ ပတ်တီးတွေ၊ ဝွမ်းတွေလည်း လွယ်လင့်တကူ ရှာ၍ရမည်မဟုတ်ပေ။

မေမေက မဖြစ်သာ၍သာ လိုက်လျောလိုက်ရသော်လည်း စိတ်ချပုံမရ။ နောက်ဆုံး ပေါက်သည့်နဖူး မထူးတော့ဘူးဟု ဆုံးဖြတ်ကာ ကျွန်တော်က ဓာတ်မီးကိုယူကာ အခန်းထဲမှ ထွက်လာခဲ့သည်။

ဘုရား … ဘုရား …

ဘာတစ်ခုမှ ဆိုးဆိုးဝါးဝါးမဖြစ်ပါစေနဲ့ …။

ရှိသမျှသတ္တိတို့ကို ဖျစ်ညှစ်စုစည်းကာ ကျွန်တော်က အောက်ထပ်သို့ တရွေ့ရွေ့ဆင်းလာခဲ့သည်။ စိတ်ထဲမှလည်း ဘာမှ မဖြစ်ပါစေနဲ့ဟု တဖွဖွ ဆုတောင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးကိုလည်း လက်နက်သဖွယ် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိ၏။

လှေကားတစ်ဝက်ခန့်အရောက်တွင်တော့ မီးသီးအကွဲတစ်စကို ကျွန်တော် မမြင်မစမ်းနှင့် နင်းမိလိုက်သည်။

"အား ... ကျွတ် ... ကျွတ်"

လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ ခြေဖဝါးဘေးမှ သွေးများ ယိုစိမ့်ထွက်နေပြီ ...။

ဒဏ်ရာမှာ အတော်ပင် နက်သွားလေသလား မသိ၊ ချက်ချင်းပင် တဆစ်ဆစ်ကိုက်ခဲလာပြီး ခြေထောက်ကို ကောင်းကောင်း ထောက်မရတော့။

သို့သော် ကျွန်တော်က ကျန်ရှိနေသေးသော လှေကားထစ်တွေကို ထော့နဲ့ထော့နဲ့နှင့် ဆက်ဆင်းလာခဲ့သည်။

ဘာမှမဖြစ်ဘူး ... ဘာမှမဖြစ်ဘူးဟုလည်း ကိုယ့်ကိုယ်ကိုယ် အမျှင်မပြတ် အားပေးနေလိုက်သည်။

တစ်နေရာအရောက်တွင် လှေကားထစ်ရှိမည့်နေရာကို မှန်းဆပြီး နင်းလိုက်ရာ ..

"အောင်မလေး"

လေဟာနယ်ထဲကိုသာ ခြေထောက်က ကျွံကျသွားရာ ကျွန်တော့်တကိုယ်လုံး ဟန်ချက်ပျက်သွားပြီး လှေကားမှ တလိမ့်ခေါက်ကွေး ကျသွားလေတော့သည်။

"ဒုန်း"

"ဂလုန်း ... ဂလုန်း"

လက်ထဲမှ လက်နှိပ်ဓာတ်မီးကလည်း လွတ်ကျပြီး လိမ့်





သွားၿ။ ကျွန်တော် ကြောက်ကြောက်ဖြင့် မျက်လုံးကိုစုံမှိတ်ထားရင်း လှေကားခြေရင်းကြမ်းပြင်ကို တံတောင်ဆစ်ဖြင့် ထောက်လိုက်မိရာ ...

"ဒုတ် "

"အား"

လက်တစ်ချောင်းလုံး ကျိန်းမတတ်နာကျင်သွားသဖြင့် ပိတ်ထားသော မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ထိုအခါမှပင် ...

"ဟင် .. ဘုရား .. ဘုရား .. ကံသီလို့ပါလား"

ချွန်မြသော မီးချောင်းအကျိုးတစ်ချောင်းသည် လှေကားပေါ်မှ လိမ့်ကျလာမည့် ကျွန်တော့်ကို ပင့်ထိုးစိုက်ဖို့ ချိန်ရွယ်ထားသည့်အလား တစောင်းကြီး ထောင်နေသည်။ အစုလည်း ထိပ်အချွန်သည် ကျွန်တော့် မျက်လုံးနှင့် လက်သုံးလုံးခန့်သာ ကွာတော့သည်။ နည်းနည်းလေး ခေါင်းငိုက်သွားသည်နှင့် မျက်လုံးပေါက်ထွက်တော့မည့် အနေအထားပင်။

"အောင်မယ်လေး ... မတွေးရဲစရာပဲ"

ကျွန်တော့်ဦးခေါင်းနှင့် လည်ကုတ်မှာ ချွေးတွေစိမ့်ထွက်သွားသည်။

ထိုစဉ် ...

"ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း"

တရကြမ်းပြေးဝင်လာသော ခြေသံများနှင့်အတူ ...

"သား .. သား .. ဘာဖြစ်သွားသေးလဲ၊ ခိုက်မိသွားလားဟင်"

ကျွန်တော့်ကို ဆွဲထူရင်း စိုးရိမ်တကြီး မေးလိုက်သော အဖေ့စကားသံကို ကြားလိုက်ရသည်။ ဟင် .. ဖေဖေပြန်လာတယ်။ ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။ သို့သော် ဖေဖေ့လေသံ ဖေဖေ့ အမူအရာက သွေးဆိုးရမ်းကားနေသည့် အသွင်မဟုတ်တော့။ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို မွေ့ထူလိုက်ရာမှ ဘေးပတ်ပတ်လည်ရှိ မမြင်ရသော တစ်စုံတစ်ယောက်ကို ရှာဖွေသလိုမျိုး ချာချာလည်ကြည့်လိုက်ပြီး . . .

"ဟော့ . . ငါ့သားကို ဘယ်သူတွန်းချတာလဲ။ ထွက်စမ်း . . အခု ထွက်စမ်း။ ငါ့ကို ကြောက်မယ်မျှားထင်နေသလား"

ကျွန်တော်က ဖေဖေကို တားရန်ပြင်လိုက်သော်လည်း ဒေါသတကြီးဖြစ်နေသော ဖေဖေက . . .

"သတ္တိရှိရင် ငါနဲ့ တည့်ရှင်းမယ်လေ။ ဘာအပြစ်မှမရှိတဲ့ ငါ့သားကို တွန်းမချနဲ့ကွ"

"ဖေဖေ . . ဖေဖေသတိထားဦးလေ . .။ သားဘာသာ လှေကားပေါ်က ချော်ကျတာပါ။ ဘယ်မှမတွန်းချပါဘူး။"

"မဟုတ်ဘူး . . မဟုတ်ဘူး . . သားဘာမှမသိဘူး။ သားကို ဟို မိန်းမတွန်းချလိုက်တာ ဖေဖေမြင်တယ်။ အို . . . ဒီမိန်းမ က ဖေဖေတို့ တစ်အိမ်လုံးကို ဒုက္ခပေးနေတာ။ ဟော့ . . ထွက်ခဲ့စမ်း . ."

ဖေဖေကပြောလည်းပြောရင်း အနီးတွင်တွေ့ရသည့် သစ်သား ကုလားထိုင်ကို ကန်ချိုးကာ ထိုသစ်သားချောင်းဖြင့် လေထဲရှိ မမြင်ရ သော တစ်စုံတရာကို လိုက်လံရိုက်နှက်နေသကဲ့သို့ ဝှေ့ယမ်းနေလေ တော့သည်။

ကျွန်တော်က လက်နှိပ်ဓာတ်မီးကို ပြေးကောက်လိုက်သည်။ ဝါကျင်ကျင် မီးရောင်က တဖြည်းဖြည်း မှိန်ဖျော့လာ၏။ မကြာခင် ဓာတ်ခဲအားကုန်တော့မည်။ ကျွန်တော်က ကားဂိုဒေါင်ထဲရှိ ဓာတ်ဆီ ပုံးကို ပြေးမြင်လိုက်သည်။ လောလောဆယ်အရေးပေါ်သုံးရန် အဝတ် ကို ဓာတ်ဆီဆွတ်ပြီး မီးတုတ်လုပ်ဖို့ ကျွန်တော်စိတ်ကူးလိုက်၏။





ကားဂိုဒေါင်ထဲတွင် ကားဖုံသုတ်ရန်ထားသည့် စွပ်ကျယ်စုတ် တွေ၊ သစ်သားချောင်းအတိုအစတွေကလည်း ဗရပွမဟုတ်ပါလား။ ထိုသို့ ကျွန်တော်တွေးနေစဉ်မှာပင် . . .

"ကဲကွာ"

"ခွမ်း"

ညည်ခန်းက နံရံကပ်ကြည့်မှန်ကြီး ကွဲသွားပြီလားဟုပင် ထင် လိုက်မိသေးသည်။ မဟုတ်။

ဖေဖေလွှဲရိုက်လိုက်သည့် တုတ်ချက်က ညည်ခန်းထောင့်ရှိ ပန်း အိုးကြီးတစ်လုံးကို ဖြတ်ရိုက်လိုက်မိသောကြောင့် ခွမ်းခနဲ မြည်အောင် ကျကွဲသွားခြင်းဖြစ်၏။ ထိုအသံကြောင့် အပေါ်ထပ်ရှိ မေမေနှင့်အတူ ညီလေး ၊ ညီမလေးတွေပါ အလန့်တကြား ပြေးဆင်းလာကြပြီး . . .

" ကိုစည်သူ . . . ကိုစည်သူ . . ဘာတွေဖြစ်ကုန်ကြပြီလဲ။ သားရော သား . . သား ဘယ်မှာလဲ"

"သား ဘာမှမဖြစ်ဘူး မေမေ . . ဒီမှာရှိတယ်"

ဟု မှောင်ကြီးမည်းကြီးထဲကနေ လှမ်းအသံပြုလိုက်၏။ ဖေဖေ က . .

"မိန်းမရေ . . ကလေးတွေကို ခေါ်ပြီး အိမ်ထဲက အမြန်ထွက် သွားစမ်း . . အရေးကြီးတယ် . . ကြားထဲက ငါ့ကလေးတွေ ဓားစာခံ အဖြစ်မခံနိုင်ဘူး"

"ရှင် . . ဓားစာခံ ဟုတ်လား . .။ အဲ . . အဲဒါဘာလဲဟင်"

"ငါ့ကို ဘာမှပြန်မေးမနေနဲ့ . . သွားဆို သွား . . ခုချက်ချင်း ထွက်"



www.burmeseclassic.com

www.burmeseclassic.com

မှောင်ကြီးမည်းကြီးထဲတွင် ဖေဖေနှင့် မေမေတို့ အပြန်အလှန် ငြင်းခုန်နေကြသည်ကို ကျွန်တော် စောင့်ပြီး နားထောင်မနေနိုင်အား။ ဂိုဒေါင်ထဲသို့ အမြန်ပြေးရ၏။ ထို့နောက် ဓာတ်ဆီပုံးကို လက်တစ်ဖက်က ဆွဲပြီး ကျန်လက်တစ်ဖက်ဖြင့် အဝတ်စပတ်ထားသော သစ်သားချောင်းကို ကိုင်လျက် အိမ်ဘက်ကို နောက်ကြောင်းပြန် သုတ်ခြေတင်လာခဲ့ရသည်။

ထိုအချိန်တွင် ဖေဖေက ဘာပြောလွှတ်လိုက်သည်မသိ။ မေမေက ကလေးတစ်သိုက်နှင့်အတူ အိမ်ထဲမှ ပြေးထွက်သွားသည်ကို ကျွန်တော် တွေ့လိုက်ရသည်။ ကျွန်တော် တစ်ချက်မျှ လှမ်းငေးကြည့်လိုက်စဉ်မှာပင် အိမ်ထဲမှထွက်ပေါ်လာသော တဒုန်းဒုန်းမြည်သံကြောင့် ဘာကိုမှ စဉ်းစားမနေနိုင်အားတော့ပဲ အိမ်ထဲသို့သာ တရကြမ်း ပြေးဝင်ခဲ့မိလေတော့သည်။

"ဒုန်း ‥ ဒုန်း ‥ ဒုန်း ‥ ဒုန်း ‥"

ဟိုတစ်နေ့က နီနီ တရွတ်တိုက်ဆွဲနေသော ဆယ်ပေါင်တူကြီးကို ဖေဖေက အားကုန်ကိုင်မြှောက်ကာ အမှောင်ထဲတွင် နံရံကို တဒုန်းဒုန်းထုနေသည်။ ကျွန်တော်က ဓာတ်ဆီပုံးကို လွှတ်ချလိုက်ပြီး အိတ်ထဲတွင် အသင့်ရှိနေသော မီးခြစ်ကို ရှပ်ခနဲခြစ်ကာ တို့လိုက်သဖြင့် မီးတုတ်မှ အလင်းရောင်က ဟုန်းခနဲ လင်းထိန်သွားသည်။ ကျွန်တော်က ‥

"ဖေဖေ ‥ ဒါ ‥ ဘာလုပ်နေတာလဲဟင်"

ပြုန်းခနဲလင်းသွားသည့် မီးရောင်နှင့်အတူ မေးလိုက်သည့် ကျွန်တော့်စကားသံကြောင့် ဖေဖေက အိပ်မက်ယောင်ရာမှ နိုးလာသူတစ်ယောက်လို တူကို ရုတ်တရက်လွှတ်ချလိုက်ပြီး ကျွန်တော့်ဘက်သို့ ချာခနဲလှည့်ကြည့်သည်။ စက္ကန့်အတော်ကြာအောင် ကျွန်တော့်ကို





တွေတွေကြီးကြည့်နေရာမှ ဖေဖေက ကလေးငယ်တစ်ယောက်လို ပြုန်းစားကြီး ငိုချလိုက်လေတော့သည်။

ထို့နောက် ‥

"ဟီး ‥ ဟီး ‥ ဖေဖေ့ကို ခွင့်လွှတ်ကြပါကွာ ‥ သားတို့အခုလို ဒုက္ခရောက်နေရတာဟာ ဖေဖေ့အပြစ်ကြောင့်ပါကွာ ‥ ဒီ ‥ ဒီအိမ်မှာ သရဲ ‥ သရဲရှိတယ် သားရဲ့"

ပြောရင်း ဖေဖေက ယောက်ျားရင့်မာကြီးတန်မဲ့ တရှုံ့ရှုံ့ငိုကြွေးနေပြန်သည်။ ကျွန်တော်က ဖေဖေ့ကိုကြည့်ကာ သနားလွန်းသဖြင့် ‥

"ဒီအိမ်မှာ သရဲရှိတာ ကျွန်တော် သိပြီးသွားပါပြီ ဖေဖေရယ် ‥ ဒါပေမဲ့ တကယ်တမ်းကျတော့ အဲဒါဟာလည်း ဖေဖေ့အမှားမှ မဟုတ်တာ ‥။ ဖေဖေ့ သူဌေးကပေးတဲ့အိမ်မှာ နေရမှာပဲလေ ‥ ရွေးလို့မှမရတာ ‥။ တကယ်အပြစ်ရှိတာ သားပါ ‥။ သားကို ဆေးကုဖို့အတွက် သားတို့တိုက်ခန်းကို ပေါင်ခဲ့ရတာ မဟုတ်လား"

"မဟုတ်ဘူးသား ‥ မဟုတ်ဘူး ‥။ ဒီအိမ်မှာခြောက်တဲ့ သရဲက ‥"

"အဲဒီ့အကြောင်းကိုလည်း သား သိပြီးပါပြီ ‥။

ကျော်ကြီးဆိုတဲ့ ပန်းရံဆရာတစ်ယောက်က အလုပ်သမလေးတစ်ယောက်ကို ဖျက်ဆီးဖို့ကြိုးစားရင်း ဟောဒီနံရံနောက်မှာ ပိတ်ပြီး သတ်ပစ်ခဲ့တာ မဟုတ်လား"

ကျွန်တော်က ပြောရင်း လှမ်းကြည့်လိုက်တော့ ဖေဖေထုထားသည့် ရိုက်ချက်များကြောင့် နံရံက ကွဲပြိုအက်စပင်ပြနေလေပြီ။ ကျွန်တော်က နံရံကို မျက်နှာလွှဲပြီး ဖေဖေ့ဘက်ကို ပြန်ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေက ခုတ်ပိုင်းခံလိုက်ရသည့် သစ်ပင်တစ်ပင်လို ဖြည်းဖြည်းချင်း ဒူးထောက်ပြိုဆင်းသွားသည်ကို တွေ့လိုက်ရလေသည်။

ဖေဖေ့ငိုသံက ပိုကျယ်လောင်လာသည်။ ပြီးနောက် ..

"ဟီး .. ဟီး .. ဟီး .. မဟုတ် .. မဟုတ်ပါဘူးသားရယ် .. တကယ့်တရားခံအစစ်က ဖေဖေပါ ..။ အဲ့ဒီကောင်မလေးကို အဓမ္မစော်ကားပြီး သတ်ပစ်ခဲ့တာ ဖေဖေပါ သားရယ်"

"ဗျာ .."

"ဟုတ်တယ် သား .. ကိစ္စတွေပြီးတော့မှ ဖေဖေ့တပည့်ကျော်ကြီးကို ပိုက်ဆံပေးပြီး နယ်စပ်ဘက်ရှောင်နိုင်းလိုက်တယ် .. သူ့ကိုတော့ ခဲ့ထီလောင်းကစားမှုနဲ့ ရဲက ဖမ်းဖို့မင်းကို လိုက်ရှာနေတယ်လို့ ယုံအောင် ခြောက်လှန့်ပြောရတာပေါ့ ..။ အဲဒီနောက် ကောင်မလေးအလောင်းကို လူတွေတွေ့သွားတော့မှ ကျော်ကြီးလက်ချက်ဖြစ်သယောင်ယောင် အပြစ်ပုံချလိုက်တာပါပဲ သားရယ်"

"ဖြစ်ရလေ ဖေဖေရယ် .."

"သူဌေးက ဖေဖေ့ကို ဒီအိမ်မှာနေဖို့ ပေးကတည်းက ဖေဖေလုပ်ခဲ့တဲ့ မကောင်းမှုတွေ ဖေဖေ့ဆီ ပြန်လာတော့မယ်ဆိုတာ သဘောပေါက်လိုက်တယ် ..။ အိမ်ထဲမှာ ဟိုမိန်းကလေး မကျွတ်မလွတ်တဲ့ ရှိနေမှန်းလည်း သိနေတယ် ..။ ဒါကြောင့် ညတိုင်းညတိုင်း ဖေဖေ အရက်တွေမူးအောင်သောက်ပြီး နေနေရတာပဲ .. သား"

ကျွန်တော့်စိတ်ထဲတွင် သနားခြင်း၊ မနှစ်မြို့ခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ အော်ဂလီဆန်ခြင်း စသဖြင့် အမျိုးမျိုးသောခံစားချက်များ





ရှုန်းကန်တိုးဝှေ့နေကြသည်။ ဖေဖေ့မျက်နှာကို မကြည့်ချင်သလို၊ မကြည့်ရက်သလို ဖြစ်လာသောကြောင့် ကျွန်တော် ကျောခိုင်းလိုက်၏။

ကျွန်တော့် မျက်နှာမူရာတည့်တည့်မှာတော့ ညှိခန်းနံရံကပ်ကြည့်မှန်ချပ်ကြီး ရှိနေသည်။ လက်ထဲက မီးတုတ်၏ အလင်းရောင်ဖြင့် ထိုမှန်ချပ်ပေါ်တွင် ဖေဖေ့၏ ပုံရိပ်ကို ကျွန်တော် မြင်နေရသည်။ ထိုသို့ မြင်လိုက်ရသည့်ခဏတွင် ကြောက်စိတ်ဖြင့် ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးများထကာ ဆံပင်မွေးတွေ ထောင်သွားသည်။

"ဟင် .. ဖေဖေ .. ဖေဖေ့လည်ပင်းမှာ .."

မှန်ထဲကပုံရိပ်ထဲ၌ ဖေဖေ့ကုပ်ပိုးမှာ မိန်းမတစ်ယောက်တွဲလောင်းခိုစီးလျက် လည်ပင်းကို လက်နှစ်ဖက်ဖြင့် အားရပါးရ ဖိညှစ်နေလေသည်တကား ..။


❑



www.burmeseclassic.com

www.burmeseclassic.com





ဒီပုံရိပ်ကြောင့် ခွေးကလေးဒန်ဒန်က ဖေဖေ့ကိုမြင်တိုင်း စူးစူးဝါးဝါးဟောင်နေသည်ကို။

တစ်ရှိန်လုံး 'အသက်ရှူကျပ်တယ် ‥ အသက်ရှူကျပ်တယ်'ဟု ညည်းတွားနေသော ဖေဖေ့၏ ရောဂါဝေဒနာဇာစ်မြစ်ကို ကျွန်တော် နားလည်သွားလေပြီ။

ကျွန်တော့်နှုတ်မှ လွှတ်ခနဲအော်သံကို ကြားလိုက်ရသော ဖေဖေက ကြမ်းပြင်ပေါ် ဒူးထောက်နေရာမှ ဖျတ်ခနဲလှမ်းကြည့်သည်။ မှန်ထဲမှပုံရိပ်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ‥

"ဟော့ ‥"

ဖေဖေက သွေးရူးသွေးတန်းအော်ကာ မှန်ဆီသို့ ထပြေးသည်။

"ဒုန်း ‥ ဂလွမ်း"

"ဟာ ‥ သွားပါပြီကွာ ‥"

ဖေဖေက ကမ္ဘားရှုးထိုးဖြင့် ဝင်တိုက်သွားသောကြောင့် ကြမ်းပြင်ပေါ်မှ ဓာတ်ဆီပုံးလဲကာ သူ့ပုဆိုးရော ကြမ်းပြင်မှာပါ ဓာတ်ဆီတွေ ရွှဲရွှဲစိုသွား၏။





"ဖေဖေ ‥ မသွားနဲ့"

ဖေဖေက စောစောက ကုလားထိုင်ကျိုးဖြင့် မှန်ကို ပြေးရိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် မှန်ထဲက မိန်းမပုံရိပ်က ပျောက်ကွယ်သွားလေပြီ ‥

ဖေဖေ့ကိုကြည့်ရသည်မှာ ဒဏ်ရာရထားသော ကျားရဲတစ်ကောင်လို ဖြစ်နေ၏။ သူက ပြုပျက်စပြုနေသော နံရံဆီ ဆတ်ခနဲလှည့်ကြည့်လိုက်ရင်း ‥

"ဒီကောင်မ ‥ အဲဒီနံရံထဲ ဝင်သွားတာပဲ ဖြစ်ရမယ် ‥ ဒင်းနေတဲ့ နေရာကို မီးရှို့ပြီး အစတုံးပစ်မယ် ‥ ပေးစမ်း ‥ မီးတုတ်"

"ဖေဖေ ‥ ဖေဖေ မလုပ်ပါနဲ့"

ကျွန်တော်က မီးတုတ်ကို ပြန်ဆွဲလုသော်လည်း မရ။ ဖေဖေက ကျွန်တော့်လက်ထဲမှ မီးတုတ်ကို ဆောင့်ဆွဲယူကာ နံရံဆီ ပြေးသွားပြီး ပြိုအက်စ အင်္ဂတေကွဲကြောင်းထဲသို့ မီးတုတ်ကို ထိုးထည့်သည်။ မသေမသပ် ပတ်ထားသော မီးစာစွပ်ကျယ်စက ပြေကျပြီး ဓာတ်ဆီရွှဲစိုနေသည့် ဖေဖေ့ပုဆိုးပေါ်သို့ လောင်ဟပ်သွားလေတော့သည်။

"အား ‥ ပူတယ် ‥ ပူတယ် ‥ ကယ်ကြပါဦး"

"ဖေဖေ ‥"

ကျွန်တော်က အော်ပြီး ပြေးသွားလိုက်စဉ်မှာပင် စောစောက ကြမ်းပေါ်လဲပြိုကျထားသည့် ဓာတ်ဆီစီးကြောင်းတစ်လျှောက် ဟုန်းခနဲ မီးကူးသွား၏။ မီးတောက်မီးလျှံတွေကြားမှာ ဒယီးဒယိုင်ဖြစ်နေသော ဖေဖေ့ကို မပီဝိုးတဝါးမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်မီးညွန့်တွေက ကျွန်တော့်အင်္ကျီကို လှမ်းဟပ်ပြီး စွဲလောင်သည်။

"အား .. ဖေဖေ .. ဖေဖေရေ .. မြန်မြန်ထွက်လာပါတော့"

"သား .. ပြေး .. ပြေး .."

မည်းမှောင်နေသော မီးခိုးတွေကြားတွင် ဖေဖေ့အသံက ဘယ်ဆီကထွက်လာနေမှန်း မသိ။

ဖေဖေ့အသံသည် ပြာလောင်အက်ကွဲကာ မချိတင်ကဲဖြစ်နေသည်။ ကျွန်တော်က မီးစွဲနေသော ကျွန်တော့်ကိုယ်ပေါ်မှ အင်္ကျီကို ချွတ်ပစ်ရန် ကြိုးစားသည်။ မရ။ မွန်းကျပ်သောအဆိပ်ပြာမှုန် မီးခိုးတွေကြားမှာ ကျွန်တော် အသက်ရှူ၍ မရတော့ ..။ မျက်ရည်ပူတွေကလည်း တရွှဲရွှဲ။ ထိုစဉ် တစ်ဝက်တစ်ပျက်ကျန်နေသေးသော တံတိုင်းဆီ ပုံးဆီသို့ မီးကူးသွားပြီး ဝုန်းခနဲ ပေါက်ကွဲလေတော့သည်။

ပေါက်ကွဲသည့်အရှိန်ကြောင့် မီးတောက်တွေက အရပ်ရှစ်မျက်နှာစလုံးကိုပြင်းပြင်း ဆန့်တန်းကန်ထွက်သွားကြသည်။ ကျွန်တော်က လဲကျနေရာမှ လူးလဲထပြီး အိမ်ရှေ့မြေကွက်လပ်ဆီသို့ သေလုမျောပါး ပြေးထွက်လာခဲ့သည်။

ပူလွန်းသောကြောင့် ဘာမှမစဉ်းစားနိုင်အား။ အဝတ်အစားမှာ စွဲလောင်နေသော မီးတောက်တွေ ငြိမ်းသွားအောင် မြေကြီးပေါ်မှာ လေးငါးခြောက်ပတ် ဘယ်ပြန်ညာပြန် လူးလှိမ့်ပစ်လိုက်၏။

အဲ့ဒီနောက် ကျွန်တော့်အသိစိတ်တွေ အမှောင်ကျသွားလေတော့သည်။

■





နိဂုံး

ကျွန်တော် သတိရလာလျှင် ရလာချင်း မျက်လုံးကို ဖြည်းဖြည်းလေး ဖွင့်ကြည့်လိုက်တော့ အဖြူရောင်ဆေးသုတ်ထားသည့် ဆေးရုံမျက်နှာကျက်ကို တွေ့လိုက်ရသည်။

'ဩော် .. ငါ မသေသေးပါလား'ဟူသည့် အသိက စိတ်ကို သက်သာရာရစေ၏။ သို့သော် ရင်ဘတ်မှာရော .. ကျောမှာပါ တဖျင်းဖျင်းနှင့် အခံရခက်လောက်အောင် နာကျင်နေသည်။

"သား .. သား သတိရလာပြီလား"

ကျွန်တော့်၏ ခုတင်ဘေးမှ မေမေက ကျွန်တော်မြင်သာအောင် ကိုယ်ကို ကိုင်း၍ မေးလိုက်သည်။ မေမေ့မျက်လုံးတွေထဲက မျက်ရည်တို့ မခြောက်သေး။ မေမေသည် သောကဖြင့် ဆယ်စုနှစ်တစ်စုစာမျှ ပိုမိုအိုမင်းသွားသည်ဟု ထင်ရသည်။ ဆံပင်တွေကလည်း ဖရိုဖရဲနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"သား . . သက်သာရဲ့လားဟင်"

"နာ . . နာတယ် မေမေ"

ကျွန်တော်က လေသံရဲ့ရဲ့ဖြင့် ဖြေလိုက်သည်။ မေမေက . .

"နာမှာပေါ့ သားရယ် . . ရင်ဘတ်မှာရော ကျောကုန်းမှာပါ မီးလောင်ထားတာတွေက နည်းမှ မနည်းဘဲ။ ကျွတ် . . ကျွတ် . . ငါ့သားလေး အားတင်းထားနော် . . ဆရာဝန်ကြီးက နောက် တစ်ပတ်နှစ်ပတ်လောက်ဆိုရင် နေကောင်းသွားမှာပါတဲ့ . ."

"ဖေဖေ . . ဖေဖေရောဟင်"

ကျွန်တော့်မေးခွန်းကို မေမေက ပြန်မဖြေဘဲ တွေတွေကြီး စိုက်ကြည့်နေသည်။ အတန်ကြာတော့ မေမေ့မျက်လုံးမှ မျက်ရည်စက်တွေ တလိမ့်လိမ့် စီးကျလာလေတော့သည်။ ကျွန်တော် သိလိုက်ပါပြီ။ ဖေဖေ ဘယ်လိုကံကြမ္မာမျိုးဖြင့် ဘဝကို အဆုံးသတ်သွားသလဲဆိုတာ . . ကျွန်တော် မှန်းဆ၍ရနေသည်ပဲ။

မေမေက ရှိုက်သံဖြင့် အငိုကို ထိန်းချုပ်ပြီး စကားပြောဖို့ အားယူလိုက်သည်။ ထို့နောက် . .

"မင်းအဖေက တော်ရှာပါတယ် သားရယ် . . ကိုယ့်မိသားစု အတွက် အန္တရာယ်ကို သူ့အသက်နဲ့ရင်းပြီး ကယ်သွားခဲ့တာ ပါ . . ဩော် . . ကျေးဇူးရှင်ကြီး . . ကျေးဇူးရှင်ကြီး"

မေမေကတော့ သူသိထားသလောက် ဖြစ်ရပ်အပိုင်းအစ ကလေးများဖြင့် ဖေဖေ့ကို ပုံရိပ်ကောင်းတစ်ခုအသွင်သာ မြင်ထားပုံရ သည်။ ကျွန်တော် မေမေ့အား အဖြစ်မှန်ကို မပြောဖို့ ဆုံးဖြတ်လိုက် သည်။ မေမေ့ရင်ထဲမှာ ဖေဖေ့ကို တစ်သက်လုံး လေးစားကြည်ညို နေပါစေတော့ . .။





ဒါသည်ပင်လျှင် ကွယ်လွန်သွားပြီဖြစ်သည့် ဖေဖေ့အတွက် ကျွန်တော် အတတ်နိုင်ဆုံး ကျေးဇူးဆပ်သည့်နည်းပင် မဟုတ်ပါလား။ ဘာပဲပြောပြော ကံကြမ္မာအချိုးအကွေ့ဆိုသည်ကိုတော့ ကျွန်တော် အံ့ဩ မိသည်။

ဖေဖေကျူးလွန်ခဲ့သော လူသတ်မှုဖြစ်ပွားရာအိမ်မှာပင် ဖေဖေ့ ကို ပြန်လည်နေထိုင်ဖို့ စေညွှန်လိုက်သည့် ကံကြမ္မာအား ကြိုးကိုင်စီမံ သူက ဘယ်သူများပါလိမ့်။ ဒီအဖြေကို ကျွန်တော်တို့ ဘယ်တော့မှ သိခွင့်ရတော့မည်မဟုတ်ပါ။

အခုလောက်ဆို . . .

မီးလောင်ကျွမ်းခံထားရသော လှေကားရင်း အုတ်နံရံ၏ နောက်ကွယ်တွင် ဘယ်သူများ ရှိနေမှာပါလိမ့်။

ဟိုမိန်းကလေးပဲလား . . .။

ဒါမှမဟုတ် . . .။

ဖေဖေလား . . .။

သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်တော့ ဖြစ်မည် ထင်သည်။

သတိုးဝေ

❑❑❑



www.burmeseclassic.com